www.burmeseclassic.com



# ဘော်ဒီဂါဒ် For

အချစ်သည် သင့်ကျန်းမာရေးအတွက်
အကောင်းဆုံးကိုယ်ရံတော်

www.burmeseclassic.com

www.burmeseclassic.com

### တို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | တို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | တို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | တို့အရေး |

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ပိုးစာဂဝိုင်

## အချစ်သည် သင့်ကျန်းမာရေးအတွက် အကောင်းဆုံး ကိုယ်ရံတော်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

image art WORK
ကိုပေါက်

ဤယ်ရန်ကုန်မည်သုပြည်နှိုက်အာငါစာရိုယ်အေ

www.burmeseclassic.com

www.burmeseclassic.com

# Love, the best bodyguard for your health

www.burmeseclassic.com

www.burmeseclassic.com

## ( ၁ )

ထိုနေ့က နောင်ရိုးတစ်ယောက် အထူးစိတ်ကောင်းဝင်နေသည်။ ကျောင်းဝင်းထဲ လမ်းလျှောက်ဝင်လာသည့်ပုံစံကပင် မြောက်ကြွမြောက်ကြွ နှင့်။ ဒါသည်ပင် မကသေး။ ပါးစပ်ကလည်း လေတချွန်ချွန်လုပ်လာသေးသည်။ ထပ်ပြောရရင် ဒင်း လေချွန်လာသည့်သီချင်းက မြန်မာပြည်သိန်းတန် ဆိုထားသော ‘သိပ်ပျော်လိုက်တာ ရင်တောင်ခုန်တယ်’ ဆိုသည့် သီချင်းအလိုက်။ နောင်ရိုးက ထိုစာသားနှစ်ကြောင်းတည်းကိုပဲ ထပ်ကာထပ်ကာ လေချွန်လာခြင်းဖြစ်သည်။

လမ်းမှာ အသိတွေနှင့် တွေ့လျှင်လည်း လင်းလင်းဝင်းဝင်း ပြုံးပြုံးသာ နှုတ်ဆက်လာသေး၏။

“ဟေ့ ကိုဇော်ဖြိုးကြီး . . . ခင်ဗျား ဒီနေ့ တယ်သန့်နေပါလားဗျ



www.burmeseclassic.com

www.burmeseclassic.com


အသားတွေလည်း ဖြူလာတယ်နော့''

''ဟော . . . ဟုတ်လား နောင်ရိုး၊ မင်းပုံစံကလည်း ဒီနေ့ တယ်မြူးနေပါလားကွ''

''အဲဒါတော့ အမှန်ပဲဗျို့''

နောက်တစ်ခါ အရပ်အတော်ပုသော ရီရီနိုင်ဆိုသည့် သူငယ်ချင်းမနှင့် ဆုံတော့လည်း . . .

''ရီရီနိုင် . . . နင့်ကို အဝေးကြီးက လှမ်းကြည့်နေတာ၊ နင် အရပ်ပိုရှည်လာသလိုပဲ၊ ဘာဆေးတွေများ စားလို့လဲ''

''ကောသီပန်၊ အဲလေ . . . နင်ပြောတာနဲ့ ငါတောင် ယောင်ကုန်ပြီ ဟုတ်လို့လားဟဲ့''

မဖြစ်နိုင်မှန်းသိလျက်နှင့် ရီရီနိုင်တစ်ယောက် ခြေလှမ်းရပ်ကာ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်နေသေးသည်။

နောင်ရိုးက ဟီးခနဲရယ်ကာ . . .

''မဟုတ်ဘဲ ပြောပါ့မလားဟ၊ ကောသီပန်သာ မှန်မှန်သောက် နင် စင်ကြယ်ပြီး အရပ်ပိုရှည်လာလိမ့်မယ်''

ပြောပြီး ဆက်လျှောက်လာမိ၏။ နောက်ထပ် လမ်းမှာဆုံသော အသိအားလုံးကိုလည်း မြူးထူးစွာ နှုတ်ဆက်လာခဲ့သည်။ ထိုသို့ နောင်ရိုး အထူးပျော်ရွှင်ကာ စိတ်ကောင်းဝင်နေရခြင်းကလည်း တိကျခိုင်လုံသော အကြောင်းပြချက် ခိုင်ခိုင်မာမာရှိပါသည်။

ထိုအကြောင်းကတော့ . . .

မနေ့ညကပဲ နောင်ရိုး၏တစ်ဦးတည်းသောအစ်မ ရွှေနှယ်ရိုးသည်





မပြောမဆို လင်နောက်လိုက်သွား၍ ဖြစ်လေသည်။ လင်နောက်လိုက်သည် ဆိုကတည်းက ပြောဆိုပြီး လိုက်သွားလို့မှ မဖြစ်သည်ကိုး။

မည်သို့ပင်ဖြစ်စေ . . .

မိဘတွေဆီမှ အခွင့်အရေးကို အစ်မနှင့်အတူ ခွဲဝေယူနေရသော နောင်ရိုးကတော့ ပျော်သည်။ ထို့ကြောင့် အစ်မရည်းစား စ,ထားကတည်းက ပင် မိဘတွေအား တိုင်မပြောမိ။ ပြီး . . . အစ်မကို ခိုးသွားသော သူ့ရည်းစား ကိုမျိုးသန့်ကလည်း အစ်မကို တင့်တောင့်တင့်တယ်ထားနိုင်သူ။ ဒီ ဘက်က ကြည့်လျှင်လည်း မိဘနှစ်ပါးမှာ ထမင်းတစ်နပ်လျော့သွားသည် မဟုတ်လား။

ထို့ကြောင့် နောင်ရိုးတစ်ယောက် ဖင်တစ်စက်မှ မကျိန်းဘဲ ပျော်နေခြင်းဖြစ်သည်။ သို့သော်လည်း မနက်ပိုင်းကတော့ အိမ်မှာ မိဘနှစ်ပါး မရိပ်မိအောင် မျက်နှာကို တင်းထားခဲ့ရသေး၏။

မနက်ပိုင်း အစ်မလင်နောက်လိုက်သွားသည်ကို သိသိချင်း အဖေ ဒေါသူပုန်ထကာ . . .

''ခွေးမ . . . ဒင်း ငါ့မျက်နှာကို အိုးမဲသုတ်သွားတယ်၊ တောက်!''

''ထင်လို့ပါ အဖေရာ၊ အဖေ့သမီးက အဖေတို့မျက်နှာကို ရွှေပြားနဲ့ ကပ်သွားတာပါဗျ''

ထိုစကားကတော့ နောင်ရိုးစိတ်ထဲက ပြောလိုက်ခြင်းသာ ဖြစ်သည်။ ပါးစပ်ကပြောမိလျှင် ကိုယ်ပါ အိမ်ပေါ်က ဆင်းပြေးရမည်လေ။

ထို့ကြောင့် မွေးသဖခင်၏လေသံအတိုင်း . . .

''ကျွန်တော်လည်း တင်းတယ်ဗျာ၊ ရပ်ကွက်ထဲမှာဆို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာပြရတော့မလဲ၊ အဲဒီမျိုးသန့်ဆိုတဲ့ကောင်နဲ့ တွေ့ရင်တော့ သူ့သေ ကိုယ်သေပဲ''

ထိုသို့ပင် လက်သီးလက်မောင်းတန်းကာ ပြောလိုက်သေးသည်။ နောင်ရိုးကိုကြည့်ကာ အမေက မျက်စိမျက်နှာပျက်နှင့် ...

''သား ... စိတ်လိုက်မာန်ပါတွေ မလုပ်ပါနဲ့ကွယ်၊ သားအစ်မ လည်း အရွယ်ရောက်နေပြီပဲ''

''အေး ... အရွယ်ရောက်ပြီဆိုရင်လည်း မိဘတွေကို ဖွင့်ပြောပြီး လာတောင်းရမ်းခိုင်းပေါ့ကွ၊ ခုလို ခွေးဖာတ်ခင်းသွားတာကို ငါက မကြိုက် တာ''

ဒေါသတကြီးပြောကာ အဖေဖြစ်သူ အိမ်ခန်းထဲသို့ ဝင်သွားလေ၏။ နောင်ရိုးက အမေ့ကိုကြည့်ရင်း ...

''ကဲ အမေ ... အဖေ့ကို လိုက်ပြောလိုက်ဦး၊ အဖေ့ဒေါသက ခဏနေရင် ပြေတော့မှာပါ''

''အေး ... အေး''

အမေ အိမ်ခန်းထဲ လိုက်ဝင်သွားတော့မှ နောင်ရိုး ပေါ့ပါးကြည် လင်ပျော်ရွှင်စွာ ကျောင်းသို့ ထွက်လာခဲ့ခြင်းဖြစ်သည်။ ဒီလောက်ဆိုလျှင် နောင်ရိုး ပျော်ရွှင်နေရသည့်အကြောင်းက ရှင်းပြီ။

ခုလည်း ကျောင်းဝင်းထဲရောက်တော့ ထိုင်နေကျကင်တင်းဆီ ဦးတည်ကာ သွားလိုက်၏။ ကင်တင်းထဲ လှမ်းဝင်လိုက်တော့ သူငယ်ချင်း တွေဖြစ်သည့် ကောင်းသော်နှင့် သက်ဦးမောင်တို့ကို တွေ့ပါသည်။ သို့သော် ခါတိုင်းလို နှစ်ယောက်တည်းမဟုတ်ဘဲ တခြားကျောင်းသားနှစ်ယောက်နှင့်





အတူ စကားပြောနေခြင်းဖြစ်၏။ ထိုနှစ်ယောက်၏နာမည်ကို နောင်ရိုး မသိ သော်လည်း ကျောင်းမှာတော့ မြင်ဖူးနေ၍ မျက်မှန်းတန်းမိသလိုလိုရှိသည်။

နောင်ရိုးက ထိုဝိုင်းမှာ ဝင်ထိုင်လိုက်ရင်း ...

''အတော်ပဲကွာ၊ မင်းတို့နှစ်ကောင် အတန်းများ သွားတက်ပြီလား လို့''

''သွားမလို့ပါပဲ၊ ဒီကောင် ဘူနေလို့ ငါလည်း ထိုင်ပေးနေတာ''

ကောင်းသော်ကို မေးငေါ့ရင်း သက်ဦးမောင်က ပြောလိုက်ခြင်း ဖြစ်သည်။

ထိုစကားကြောင့် နောင်ရိုးက မျက်မှောင်ကြုတ်လိုက်ရင်း ကောင်းသော်ကိုကြည့်ကာ ...

''ကောင်းသော် ... မင်းက ဘာတွေဘူနေတာလဲ၊ ပြောစမ်းပါ ဦး''

''မင်းက ဘာလုပ်မလို့လဲ''

မျက်နှာသေသေကြီးနှင့် ပြန်ပြောလာသောကြောင့် နောင်ရိုးက—

''မင်း အရင်ပြောကြည့်လေကွာ၊ ဒါမှ မင်းအတွက် စဉ်းစားပေး လို့ရမှာပေါ့၊ ဟေ့ကောင် ... ငါ ဒီနေ့ စိတ်ကောင်းအရမ်းဝင်နေတယ်၊ အဲဒါကြောင့် ခု မင်းတို့ကို စားချင်တာ အရင်ကျွေးမယ်၊ အခက်အခဲရှိနေ ရင်လည်း ကူညီပေးမယ်ကွာ၊ ဘာကိစ္စ ဘူနေလဲဆိုတာကိုပဲ ပြော''

ကောင်းသော် ပြန်ပြောမလာခင်မှာပဲ သက်ဦးမောင်က မျက်နှာ ထိ၍ ...

''နေစမ်းပါဦးကွာ၊ မင်းကရော ဘာဖြစ်လို့ ဒီနေ့မှ စိတ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com

ဝင်နေတာလဲ''

''ငါ့အစ်မ လင်နောက်လိုက်သွားလို့''

''ဟေ''

''ဟာ''

သူငယ်ချင်းနှစ်ကောင်တင်မဟုတ်ဘဲ ဘေးက နှစ်ယောက်ပါ မျက်လုံးပြူး၊ ပါးစပ်ပြဲ ဖြစ်သွားကြ၏။

အားလုံး၏ပုံစံကိုကြည့်ကာ နောင်ရိုးက လက်ကာပြလိုက်ရင်း–

''ခဏလေး … ငါ့အစ်မ လင်နောက်လိုက်သွားလို့ ငါ ပျော်နေတယ်ဆိုတာက ဒီလိုပါ''

ဇာတ်ကြောင်းကို ပြန်ခင်းပြန်၏။ ပထမ … အစ်မကို ခိုးသွားသူမှာ ပြည့်စုံချမ်းသာပြီး အစ်မကို တကယ်ချစ်သောသူဖြစ်ကြောင်း။ ဒုတိယ … လာတောင်းရမ်းလျှင် သဘောတူမှာကို သိလျက်နှင့် ခိုးရာလိုက်သွား၍ အဖေက လူကြီးစိတ်နှင့် ဟန်ဆောင်ကာ ဒေါသထွက်နေကြောင်း။ တတိယ … အိမ်မှာ သားသမီးဆို၍ သူတစ်ဦးတည်း ကျန်သောကြောင့် ဝမ်းသာမိကြောင်း စသဖြင့်ပေါ့။

စကားဆုံးတော့ သက်ဦးမောင်က တဟားဟားရယ်ကာ …

''မင်းကတော့ တကယ့်ကောင်ပဲ နောင်ရိုးရာ၊ ကဲ … မင်းရဲ့ပျော်ရွှင်မှုကို အရင်ဂုဏ်ပြုလိုက်ရအောင်''

ပြောရင်းပင် စားပွဲထိုးလေးကို လှမ်းခေါ်လိုက်၏။ နောင်ရိုးက စားစရာတွေ မှာနေရင်း တခြားနှစ်ယောက်ကိုပါ ကြည့်၍ …

''မှာကြလေကွာ၊ မင်းတို့နာမည်တော့ မသိဘူးကွ၊ မိတ်ဖြစ်ဆွေ





ပေါ့''

ထိုအခါမှ ဘေးမှနှစ်ယောက်က …

''ငါ့နာမည်က လင်းဇော်ပါ၊ ဒီကောင်က ကျော်နိုင်ဦး''

နှစ်ယောက်စလုံး ပြုံးပြရင်း နှုတ်ဆက်လာသည်။ ပြီး … တို့ကလည်း စားစရာတွေကို ရောယောင်ကာ မှာကြတော့၏။

စားသောက်ပြီးစီးသွားတော့မှ နောင်ရိုးက ပါးနားသပ်ရင်း …

''ကဲ မောင်ကောင်းသော် … မောင်ရင် ဘူနေတဲ့ အခက်အခဲကို ဆင်ပြောပြပေတော့''

ထိုသို့ပြောလိုက်သည့်တိုင် ကောင်းသော်က လေသံပျော့ပျော့နှင့်–

''မင်း ကူညီလို့ရမှာမဟုတ်ပါဘူး နောင်ရိုးရာ၊ ပြီးတော့ … ကူညီ ရင်တောင် မင်း ကူညီချင်မှာမဟုတ်ဘူး''

''ဟင် … ဘာဖြစ်လို့လဲ''

''ငါ … ငါ … နှင်းဖြူကို လိုက်နေတာ သိတယ်မဟုတ်လား''

နောင်ရိုးက မျက်ခုံးပင့်လိုက်ကာ …

''မင်းပြောလို့တော့ သိတယ်လေ၊ ပြီးတော့ … မင်း အဆင်မပြေ ဘူးဆိုတာလည်း သိတယ်''

''ငါ မင်းတို့ကို အဲဒီကိစ္စ ရင်ဖွင့်တုန်းက မင်း ဘယ်လိုပြန်ပြောခဲ့

ခေါင်းစားသည်။ ဒီကောင် ဘယ်လိုခံစားရကြောင်း ပြောပြစဉ်က ယ်ပြောခဲ့သည်မှာ အများကြီး။ ထို့ကြောင့် ကောင်းသော်ကိုပဲ ပြန်မေး တ်၏။

www.burmeseclassic.com

"မမှတ်မိတော့ဘူးကွာ၊ မင်းကို မိန်းမတစ်ယောက်အတွက်နဲ့ အချိန်ကုန် အလုပ်ပျက် မခံနဲ့လို့တော့ ပြောဖူးတယ် ထင်တာပဲ"

ကောင်းသော်က ခေါင်းညိတ်၍ ...

"ဟုတ်ပါတယ်၊ ငါ ခံစားနေရတာကိုကြည့်ပြီး မင်းပဲ ပြောခဲ့တာကွ၊ ဘာလဲ ... သိပ်ပြီး မခံစားနဲ့ ... တဲ့၊ အချစ်ဆိုတာက ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်တယ်ဆိုပြီး ... မင်းပဲ တားခဲ့တာ"

စကားအဆုံးမှာ နောင်ရိုးက ဟက်ခနဲ ရယ်လိုက်ပြီး ...

"ငါ့ပါးစပ်က အဲဒီလောက် လှတဲ့စကား ထွက်ခဲ့တာလား။ ထားပါတော့ကွာ၊ ငါက မင်းပင်ပန်းမှာစိုးလို့ စေတနာနဲ့ တားခဲ့တာပါ၊ ခုထိရော မင်း အဆင်ပြေသေးလို့လား"

"မပြေသေးပါဘူးကွာ၊ သူ့ကိုလည်း ငါ့စိတ်ထဲက ထုတ်လို့ မရသေးပါဘူး။ ဒါပေမဲ့ ... သူနဲ့ နည်းနည်းနီးစပ်နိုင်ဖို့ အခွင့်အရေးတစ်ခုတော့ ပေါ်လာတယ်၊ အဲဒီအခွင့်အရေးကို အသုံးချခွင့်မရလို့ ခု ငါတို့ ဘူနေကြတာ"

ထိုစကားကြောင့် နောင်ရိုး ကြောင်တက်တက်ဖြစ်သွားရပြီး ...

"ငါတို့ဆိုတာက"

"ဒီကောင်တွေလေ ... လင်းဇော်နဲ့ ကျော်နိုင်ဦးကို့ပေါ့"

"ဟေ ... ဘယ်လို"

"ဟုတ်တယ်၊ သူတို့ကလည်း နှင်းဖြူရဲ့သူငယ်ချင်းတွေထဲက ဟေမန်နဲ့ မေသက်ဇော်တို့ကို ကြိုက်နေကြတာ"

ခုကျမှ ရှင်းသွားသည်။ ဒါကြောင့်လည်း အသည်းကွဲသမားတွေ





ဒီနေရာမှာ စုနေကြတာကိုးဟု၍ တွေးလိုက်မိ၏။

"ကဲ ... ဟုတ်ပါပြီ၊ မင်းတို့ အသုံးချခွင့်မရတဲ့ အခွင့်အရေးဆိုတာက ဘာလဲ"

ထိုအခါမှ လင်းဇော်က ဝင်၍ ...

"ဒီလိုဗျာ ... သူတို့သုံးယောက်ကို ငါတို့လည်း ကိုယ်နည်းကိုယ့်ဟန်နဲ့ကိုယ် လိုက်နေကြတာပဲ၊ ငါတို့က ဖွဲ့ကောင်းလွန်းလို့ သူတို့က အခွင့်အရေးတစ်ခု ပေးလာတယ်၊ အဲဒါက ... သူတို့ရဲ့မွေးနေ့မှာ သူတို့နှစ်သက်တဲ့ လက်ဆောင် ပေးနိုင်ရင် စဉ်းစားပေးမယ်ဆိုတဲ့ အခွင့်အရေးပဲ"

"ဟေ ... မင်းတို့သုံးယောက်စလုံးကို အဲဒီလိုပဲ ပြောတာလား"

"ငါတို့တင်မဟုတ်ဘူး၊ တခြား သူတို့ကို ချဉ်းကပ်နေတဲ့ကောင်တွေကိုပါ အဲဒီအတိုင်း ပြောတာ"

"အဲဆိုတော့ ..."

"ရှင်းနေတာပဲလေ၊ သူတို့ကို မွေးနေ့လက်ဆောင် ဘာပေးရမယ်ဆိုတာထက် သူတို့ရဲ့မွေးနေ့ကိုတောင် ဘယ်သူမှ စုံစမ်းလို့မရဘူးကွ"

"ဩော် ... ဒီလိုလား"

နောင်ရိုး ညည်းသလို ပြောလိုက်တော့မှ ကောင်းသော်က ...

"ဟုတ်တယ် နောင်ရိုး၊ စုံစမ်းလို့ ရနိုင်တဲ့နေရာတွေ အားလုံးကို သူတို့က ပိတ်ထားတယ်၊ အဲဒီတော့ ငါတို့လည်း ဘူပိတ်တာပေါ့ကွာ"

"မင်းတို့ကလည်း အဲဒီလိုလုပ်ထားပုံအရဆိုရင် သူတို့ကိုယ်တိုင်က စဉ်းစားမထားချင်လို့ ဖြစ်မှာပေါ့"

စကားဆုံးတော့ သုံးယောက်စလုံးက ယိမ်းကသလို ခေါင်းညိ



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုး ခေါင်းခါကြသည်။ ပြီး ကျော်နိုင်ဦးက အရင် •••

"ရည်းစားမထားချင်တာ မဟုတ်ဘူးဗျ။ မထားရဲကြတာ၊ သူတို့ အချစ်ဆိုတာကို အယုံအကြည်မရှိအောင် လက်ချာပေးနေတဲ့ တစ်ယောက်လည်း ရှိသေးတယ်၊ သူတို့နဲ့ တစ်ဖွဲ့တည်းပဲ၊ ဒါပေမဲ့ ••• အဲဒီတစ်ယောက်က နည်းနည်းထူးခြားတယ်"

"လုပ်စမ်းပါဦး ••• ဘယ်လိုထူးခြားတာလဲ၊ ထဘီမဝတ်ဘဲ ပုဆိုးဝတ်ပြီး ကျောင်းတက်လို့လား"

"မနောက်ပါနဲ့ဗျာ၊ အဲဒီတစ်ယောက်က သူတို့အဖွဲ့ထဲမှာ အစွာဆုံး။ သူ့သူငယ်ချင်းတွေကို ထိရင်လည်း မခံဘူး၊ ပိုဆိုးတာက သူ့သူငယ်ချင်းတွေက သူ့ကို အလိုလိုက်ကြတယ်၊ သူ့စကားဆိုရင်လည်း နားထောင်တယ်၊ အဲဒါကြောင့် ••• သူတို့အနား ကပ်ချင်တဲ့လူတွေတောင် ရှေ့ကကားဆီးပိတ်ပင်နေတဲ့ အဲဒီတစ်ယောက်ကို ချဉ်နေကြတာ"

နောင်ရိုးက မျက်ခုံးပင့်လိုက်ကာ •••

"အဲဒါဆို အဲဒီတစ်ယောက်က ဆရာမကြီးထင်တယ်၊ သူ့နာမည်က •••"

"ခေမာ ••• တဲ့"

ခေမာဟု ခပ်တိုးတိုးရေရွတ်လိုက်ပြီးမှ နောင်ရိုးက •••

"ဒါနဲ့ အဲဒီခေမာဆိုတဲ့ ကောင်မလေးကိုကော လိုက်တဲ့လူတွေ မရှိဘူးလား"

"အရင်တုန်းကတော့ ရှိတာပေါ့၊ ဒါပေမဲ့ ••• ဒီလောက် စွာတေးလန်ပြီး ချဉ်ဖို့ကောင်းတော့ ဘယ်သူမှ မကပ်ကြတော့ဘူး၊ ကျန်တဲ့သုံး





ယောက်ကို လိုက်ချင်ရင်တောင် သူ့ကိုရှောင်ပြီး လိုက်ရတယ်"

"အေးလေ ••• မင်းတို့ပြောတဲ့အတိုင်းဆိုရင် အဲဒီခေမာကပဲ အချစ်ဆိုတာ ကျန်းမာရေးကို ထိခိုက်စေနိုင်တယ် ထင်လို့ သူလည်း ရည်းစားမထားဘဲ သူ့သူငယ်ချင်းတွေကို တားနေတာနေမှာပေါ့"

နောင်ရိုးအပြောကြောင့် ကောင်းသော်က လေပူကြီးကို မှုတ်ထုတ်လိုက်ရင်း •••

"ငါတို့ သိသလောက်တော့ အဲဒါပဲကွာ၊ အဲဒါကြောင့် မင်း ကူညီနိုင်တောင် မလွယ်ဘူးလို့ ငါ ပြောတာ"

နောင်ရိုးက ခဏတွေဝေသလိုလုပ်ကာ စဉ်းစားနေသေးသည်။ ပြီးမှ •••

"ရ,မရဆိုတာထက် ငါ သူတို့ကို လေ့လာကြည့်ချင်သေးတယ်၊ [illegible] သူတို့တွေ ဘယ်ကင်တင်းမှာ ထိုင်လေ့ရှိလဲ"

"အဲဒါလည်း ထူးခြားတယ် ဟောကောင်၊ သူတို့ ကင်တင်းထိုင် [illegible]နေစ်က တစ်မျိုးကွ"

"ပြောစမ်းပါဦး"

ပင့်သက်ကို ရှိုက်ရင်း ကောင်းသော်က စကားစလိုက်သေးသည်။

"ဒီလိုကွာ •••"



www.burmeseclassic.com

www.burmeseclassic.com

## ( ၂ )

ပြောလို့သာ လာခဲ့ရသည်။ စိတ်ထဲကတော့ သိပ်ယုံချင်လှသည် မဟုတ်။

"သူတို့အုပ်စုက ဒီကျောင်းဝင်းထဲက ချောင်အကျဆုံးဆိုင်၊ ပြီးတော့ ... ယောကျ်ားလေးတွေ အများဆုံးထိုင်ကြတဲ့ ကင်တင်းမှာ ထိုင်တာကွ"

အဆိုတင်သွင်းပုံအရ အဖိုတွေချည်း ထိုင်တတ်သော ကင်တင်းမှို ထိုဟာမလေးတွေက သူတို့ကိုယ်သူတို့ လာကြော်ငြာတာများလားဟု ရယ်ကျဲကျဲ တွေးမိသေးသည်။

မည်သို့ပင်ဖြစ်စေ ...

ဒင်းကလေးတို့ကို လှေ့လာသုံးသပ် အကဲဖြတ်ချင်သော နောင်ရိုး





တာတော့ ထိုကင်တင်းထဲသို့ ရောက်ရှိနေလေပြီ။ တိတိကျကျပြောရလျှင် ဆိုင်ထဲရှိ ထောင့်ကျကျ စားပွဲတစ်ခုမှာ နေရာယူထားခြင်းဖြစ်၏။

"မင်း စောင့်ကြည့်နေလိုက်၊ ဆိုင်တစ်ခုလုံးရဲ့ အလယ်ဗဟိုကျတဲ့ စားပွဲမှာ သူတို့ ထိုင်လိမ့်မယ်"

"အဲဒီစားပွဲမှာ ထိုင်နေတဲ့လူ ရှိနေရင်ကော"

ထိုသို့ ပြန်မေးခဲ့စဉ်တုန်းက ကောင်းသော်က ခပ်ယဲ့ယဲ့ ပြုံးသည်။ တစ်ဆက်တည်း ...

"ရှိရင်လည်း ... အဲဒါ ယောကျ်ားလေးပဲဖြစ်လိမ့်မယ်၊ ပြီးတော့ ... အဲဒီကောင်တွေက နှင်းဖြူတို့အုပ်စု ဝင်လာတာနဲ့ အဲဒီစားပွဲက ဖယ်ပေးလိမ့်မယ်၊ ဆိုလိုချင်တာက သူတို့အတွက် နေရာဦးပေးထားတာပေါ့ကွာ"

"ဟေ"

နောင်ရိုး အံ့ဩသွားသဖြင့် ကောင်းသော်က မျက်ခုံးအရင်ပင့်သည်။ ဘယ်လိုလဲ ... ထူးခြားတယ်မဟုတ်လား ဆိုသည့်သဘော။

ပြီးမှ အောက်သိုးသိုးအသံလေးနှင့် ...

"ငါတို့လည်း အဲလို နေရာဦးပေးဖူးပါတယ်ကွာ၊ နောက်တစ်ခု ထပ်ပြောရရင် အဲဒီကင်တင်းမှာ လာထိုင်ကြတဲ့ ယောကျ်ားလေးအများစုဟာ သူတို့အဖွဲ့ထဲက တစ်ယောက်မဟုတ် တစ်ယောက်ကို ကြိုက်နေတဲ့သူတွေပဲ"

"ဩော် ... ဟုတ်လား"

"အမှန်ပဲ နောင်ရိုး၊ ပြီးရင် ကိုယ်နှစ်သက်တဲ့ ကောင်မလေးကို ဆောင်ပြေသလို ကြည့်ကျက် ကြိုးစားပေါ့ကွာ၊ တချို့ကလည်း လှမ်းလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆွေးဆွေးငေးနေတာမျိုးကွ''

ကောင်းသော် ပြောခဲ့စဉ်က ဘာလေးတွေလဲဟု နောင်ရိုး စဉ်းစားမိသေးသည်။ ခုတော့ ထိုဘာလေးတွေကိုပဲ မကြာခင်အချိန်မှာ လေ့လာခွင့် ရတော့မည်လေ။

သိပ်မကြာလိုက်။ ကင်တင်းအတွင်း မတိုးမကျယ် ထွက်ပေါ်နေသော စကားသံများ ရုတ်ခြည်းတိတ်ဆိတ်သွားကြသည်။ အားလုံး၏မျက်နှာတွေကလည်း ကင်တင်းအဝင်ဝသို့ အသီးသီး လှည့်သွားကြ၏။ ထူးခြားဖြစ်စဉ်ကြောင့် နောင်ရိုးလည်း မသိမသာ လှမ်းအကြည့် ...

''ဟင်''

ကောင်မလေးသုံးယောက် ကင်တင်းထဲ ဝင်လာခြင်းဖြစ်သည်။ ဆောဘီမကြည့်ဘဲ တည့်တည့်လျှောက်လာသည့် သူတို့၏မျက်နှာပေးတွေက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့် ရှိနေသလိုမျိုး။

ထိုသုံးယောက်ထဲမှ တစ်ယောက်ကိုတော့ နောင်ရိုးသိသည်။ ကောင်းသော် တစ်ခါလှမ်းပြဖူးသော နှင်းဖြူဆိုသည့် ကောင်မလေး ဖြစ်၏။ ခုလည်း ဝင်လာသော ကောင်မလေးသုံးယောက်စလုံး ထူးခြားသော အလှကိုယ်စီပိုင်ဆိုင်ထားကြသည်။ ထိုအလှတွေကိုတော့ နောင်ရိုး စိတ်မဝင်စားချေ။ ခုလာခဲ့သည်ကလည်း လေ့လာရုံသက်သက်။

ထိုစဉ် ...

သူတို့ ဦးတည်ကာ လျှောက်လာသော ကင်တင်း၏အလယ်စားပွဲတွင် နေရာယူထားသော ကျောင်းသားနှစ်ယောက်သည် ဆတ်ခနဲထကာ ဝိုင်းအပြင်သို့ ထွက်လိုက်ကြ၏။ ပြီး ... စားပွဲဘေးတွင် ခပ်ရိုရိုလေး ရပ်





နေကြပြန်သည်။ ကောင်မလေးတွေဆီက တစ်စုံတစ်ခု မျှော်လင့်နေပုံမျိုး ရှိ၏။

ကောင်မလေးတွေကတော့ အေးဆေးပေါ့ပါးပုံနှင့်ပင် ထိုစားပွဲဝိုင်းမှာ နေရာယူလိုက်ကြ၏။ ထိုအထဲမှ ကောင်မလေးတစ်ယောက်က ကျောင်းသားနှစ်ယောက်ဘက် ဆတ်ခနဲလှည့်၍ ...

''ကျေးဇူးပဲ''

ထိုတစ်ခွန်းမျှသာပြောပြီး ပြန်လှည့်သွားသော်လည်း ကျောင်းသားနှစ်ယောက်မှာတော့ လန်ဒန်အိုလံပစ်ပွဲတော်မှ ရွှေတံဆိပ်ဆုကြီးရသည့် အလား မျက်နှာတွေက ပြုံးဝင်သွားကြသည်။ ပြီး ... ထိုကျေးဇူးဖလား ကြီးကိုကိုင်ကာ ခပ်ရိုရိုပဲ ပြန်လှည့်လာကြ၏။

တော်တော်ကြောင်တဲ့ ငနဲတွေပဲဟု နောင်ရိုး တွေးလိုက်မိသည်။ မိန်းကလေးတစ်ယောက်ကို ကျွတ်ကျဲနေလိုက်ပုံများ ရေစိုနေတဲ့ခွေး ရေခဲ ပေါ်သလို ...။

နောင်ရိုးကတော့ ဆက်ကြည့်နေလိုက်သည်။ ကောင်မလေးတွေက စားပွဲထိုးလေးခေါ်ကာ စားသောက်စရာတွေ အသီးသီးမှာလိုက်ကြ၏။ ဟုတ်သည်လေ။ ကင်တင်းထဲကိုတော့ အလှပြရုံသက်သက် ဒင်းတို့လာမည် မဟုတ်။ သမုဒ္ဒရာဝမ်းတစ်ထွာကိုဖြည့်ရန် လာခြင်းသာဖြစ်သည်။ ပြီးလျှင် ယောကျာ်းတွေကိုပဲ မလှယ်ထားနိုင်သော အန္တရာယ်အဖြစ် အသွင်ပြောင်းကာ ထွက်သွားကြလိမ့်ဦးမည်။ ကိုယ့်လိုသာ ဒီလဒတွေ ဆက်တွေးမိပါက မှုန်နေသော စိတ်တွေ အနည်းငယ်လျော့သွားမှာပဲဟု နောင်ရိုး ခပ်ချဉ်ချဉ်တွေး လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးတွေ အစားအသောက်မှာပြီး စောင့်နေချိန်မှာတော့ ကင်တင်းထဲရှိ သကောင့်သားအားလုံးလိုလိုသည် ဖြောင်ကျကျတစ်မျိုး မယိမသာတစ်ဖုံ၊ ခိုးကြောင်ခိုးဝှက်တစ်သွယ် စသဖြင့် ကောင်မလေးတွေကို ကြည့်နေကြသည်။ ကင်တင်းထဲမှာ တိတ်ဆိတ်နေလိုက်ပုံများ ငြိမ်သက်နေသော လေဖိအားနည်း ရပ်ဝန်းတစ်ခုနှင့်ပင် တူနေသေးတော့၏။

ထိုစဉ်မှာပဲ ...

''ဖုန်းကိုင်ရင် ... ကိုင်လိုက်နော်၊ မကိုင်ရင် သောက်ပြဿနာ အကြီးအကျယ်တက်သွားလိမ့်မယ်''

စူးခနဲထွက်ပေါ်လာသော မိန်းကလေးအသံကြောင့် အားလုံး၏ မျက်နှာတွေက နောင်ရိုးဆီ ဝုန်းခနဲရောက်ရှိလာကြသည်။ ထိုအသံကလည်း နောင်ရိုးအိတ်ကပ်ထဲရှိ ဖုန်းဆီမှ ထွက်ပေါ်လာခြင်းကြောင့် ဖြစ်၏။

''ဖုန်းကိုင်မှာလား၊ မကိုင်ဘူးလားလို့၊ မကိုင်ရင် သောက်ပြဿနာ အကြီးအကျယ် တက်သွားလိမ့်မယ်နော်''

ဖုန်းရိန်းတုံးသံက ဆက်ထွက်နေဆဲ။ နောင်ရိုးက ဖုန်းဖွင့်မကိုင်သေးဘဲ ကင်တင်းတစ်ခုလုံး မြင်သာအောင် လက်အပေါ်ထောင်၍ ပြလိုက်သေးသည်။ ပြီး အားလုံးကိုဝေ့ကာ ဟီးခနဲရယ်ပြလိုက်၏။ ဆိုလိုချင်တာက ဖုန်းသံက သူ့ထံမှ မြည်သည်ပေါ့။ အနှောင့်အယှက်ဖြစ်သွားရင်လည်း ဆောရီးပါပေါ့ဆိုသည့် အထာမျိုး။

အားလုံးက နောင်ရိုးကို မကြည်သလို လှမ်းကြည့်ကြသည်။ ဘာကောင်မှန်းလည်း မသိဘူးဆိုသည့် စကားသံသဲ့သဲ့ကိုလည်း ကြားလိုက်ရသေး၏။ ဒင်းတို့ နှာဘူးကျနေသောအရှိန် ပျက်သွား၍ဖြစ်မည်။





နောင်ရိုးက ဖုန်းဖွင့်ကာ ကိုင်လိုက်၏။ ပြီး ... ခေတ်လူငယ်အထာမျိုးနှင့်ပင် ...

''အေး ... သားကြီးပြော''

တစ်ဖက်က ကောင်းသော်ကလည်း အူတူတူအသံဖြင့် ...

''ဟေ့ကောင် ... ဘယ်က သားကြီးလဲ၊ ငါပါကွ ကောင်းသော်''

''သိပါတယ် သားကြီးရာ၊ သားကြီး ဘာဖြစ်ချင်လဲ၊ သားကြီးကို ဘာလုပ်ပေးရမှာလဲ၊ သားကြီး လိုအပ်တဲ့အကူအညီကိုသာ ပြောကွာ''

''ဟေ့ကောင် နောင်ရိုး ... ဘာတွေလဲကွာ၊ ငါက မင်းကို လူနဲ့နာမည် တွဲပြမလို့ပါကွ''

''ဘယ်လို၊ သားကြီးက တွဲပြမယ် ဟုတ်လား၊ ဘာကိုတွဲပြမှာလဲ သားကြီးရဲ့၊ တွဲတယ်ဆိုတာ နေရာတိုင်းမကောင်းဘူး သားကြီး၊ ကဲပါ သားကြီးရာ ... ဒီလောက်တွဲချင်နေရင်လည်း တွဲမယ့်ကိစ္စကိုသာပြောတော့''

တစ်ဖက်မှ ကောင်းသော်ကတော့ တော်တော်တင်းနေပြီထင်သည်။ အောက်သိုးသိုးအသံကြီးနှင့် ...

''ငါ့လခွေးမှပဲ နောင်ရိုးရာ၊ မင်း နှင်းဖြူကိုတော့ သိတယ်မဟုတ်လား၊ အေး ... သူနဲ့ ကပ်ထိုင်နေတာက ဟောမန်၊ ဟိုဘက်ကတော့ မေသက်ဇော်ပဲ''

''အေး အေး ... သိပြီ သားကြီး၊ သားကြီး ဘာမှစိတ်မပူနဲ့တော့ ဒါပဲနော် သားကြီး''

ပြောပြီး ဖုန်းချလိုက်သည်။ ပြီး ပတ်ဝန်းကျင် ဝေ့ကြည့်လိုက်တော့ ...

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကို ပြုံးပြုံးကြည့်နေကြသည့် မျက်လုံးပေါင်းများစွာကို တွေ့လိုက်ရလေသည်။ အင်းလေ … သူတို့၏အသံတိတ် ငမ်းရှိုးမှာမှ ကိုယ်က အသံပြကြီးနှင့် လာစွာသလို ဖြစ်နေသည်ကိုး။ နောင်ရိုးက အားလုံးကို တောင်းပန်သလို နောက်တစ်ခါ ဟီးခနဲ ရယ်ပြလိုက်ရသည်။ ထိုအခါမှ မျက်နှာတချို့က ပြန်လှည့်သွားကြ၏။ တခြားဘက်ကိုတော့မဟုတ်။ နဂိုမူလ ပထမ သူတို့ကြည့်နေသော ကောင်မလေးတွေထံသို့သာ ဖြစ်သည်။

ကောင်မလေးတွေ မှာယူထားသော ထမင်းနှင့် ဟင်းပွဲလျာတွေလည်း ရောက်ရှိလာပါပြီ။ သုံးယောက်သား စတင်သွတ်သွင်းတော့မည်ဆိုသော ပုံစံတွေဖြင့် တစ်ယောက်နှင့်တစ်ယောက် အရင်ကြည့်လိုက်ကြသေး၏။

ပြီး … စ,လေပြီ။

တစ်ယောက်က ဟင်းပန်းကန်ထဲမှ ငါးသလောက်ဗိုက်သားတစ်တုံးကို ဟန်ပါပါ ခပ်ယူလိုက်သလို နောက်တစ်ယောက်ကလည်း ပုန်းရည်ကြီးနှင့် ရောချက်ထားသော ဝက်သားကြီးတစ်တုံးအား ခက်ရင်းနှင့် အိခနဲ ထိုးချလိုက်၏။ နောက်ဆုံးတစ်ယောက်၏လက်အစုံသည် ညာဖွန်း၊ ဘယ်ခက်ရင်းကိုင်၍ ဘဲပေါင်းတုံးကြီးအား အားကျိုးမာန်တက် ခွခပ်တော့မည့်ဆဲဆဲ …

"ဟဲ့ ဟဲ့ … ရပ်လိုက်ကြစမ်း၊ မိန်းမတွေ ငါလစ်ပြီဆိုပြီး ထင်တိုင်းကြဖို့ ကြိုးစားနေကြတာပေါ့ … ဟုတ်လား"

အသံနှင့်အတူ ထိုစားပွဲဝိုင်းတွင် ဖိုးဖိုးဆတ်ဆတ်ဝင်ထိုင်လိုက်သော ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။ ထိုကောင်မ





လေး၏မျက်နှာကို မြင်လိုက်ရသည်နှင့် ငါးသလောက်ဗိုက်သားကြီးသည်လည်းကောင်း၊ ပုန်းရည်ကြီးလူးပေနေသော ဝက်သားတုံးကြီးသည်လည်းကောင်း မူလပန်းကန်ထဲသို့ ပြန်နေရာယူသွားကြ၏။ ဘဲပေါင်းဆိုလျှင် ပန်းကန်ထဲမှ နေရာပင် မရွေ့လိုက်ရချေ။

ကောင်မလေးသုံးယောက်စလုံးလည်း စိတ်ပျက်လက်ပျက်ပုံစံတွေနှင့် ခေါင်းကုတ်ဖင်ကုတ်တွေ ဖြစ်ကုန်ကြ၏။

တစ်ယောက်က အရင် …

"ခေမာ … နင် နောက်တစ်ချိန် အတန်းတက်ပြီးမှ ကင်တင်းကို လာမယ်ဆို"

စကားအဆုံးမှာ ခေမာဆိုသော ကောင်မလေးက နှာခေါင်းရှုံ့လိုက်ပြီး …

"အေး … ပထမတော့ အဲဒီလိုပဲ စဉ်းစားထားတာဟ၊ ဒါပေမဲ့ … ဆရာမစောင့်တွေးကြည့်တော့ ရေးရေးပေါ်လာတာနဲ့ လိုက်လာတာ၊ ဒီရောက်တော့ ထင်တဲ့အတိုင်းပဲ"

"နင်ကလည်းဟာ ငါတို့က တစ်ခါတလေ စားတာပဲဟာကို"

ထိုကောင်မလေးအပြောကြောင့် ခေမာက မျက်နှာထိ မျက်နှာထားပြီး …

"ဘာပြောတယ်၊ တစ်ခါတလေ စားတာ ဟုတ်လား၊ နင်တို့စားတဲ့ ဟင်းတွေကိုလည်း ကြည့်ဦးလေ၊ ကျန်းမာရေးအရ ဘာကောင်းလဲ၊ အဆီတွေ အဆိပ်အတောက် ဖြစ်မှာက ပိုများနေတယ်၊ နင်တို့ကို ငါပြောထားသားပဲ၊ နင်တို့အိမ်ရောက်ရင် စိတ်ကြိုက်စား၊ ငါနဲ့ရှိနေတဲ့အချိန်



www.burmeseclassic.com

www.burmeseclassic.com

မှာတော့ ငါ့လိုပဲ စားစမ်းပါဟာ၊ အဲဒါဆို ထမင်းတစ်နပ်က နင်တို့အတွက် ကျန်းမာရေးကောင်းစေမယ်၊ ဟုတ်ပြီလား''

''အေးပါဟယ်၊ နင် စားသလိုပဲ စားပါ့မယ်၊ ဒါပေမဲ့ ဒီမှာ ငါတို့ မှာထားတာတွေက နမြောစရာကြီး၊ ဘယ်လိုလုပ်ရမလဲဟင်''

နှင်းဖြူက မျက်နှာငယ်လေးလုပ်ကာ အတွန့်တက်လိုက်သေးသည်။ သို့သော်လည်း အရာမရောက်လိုက်။ ခေမာကလည်း ပြတ်သည်။

''ဘယ်လိုလုပ်ရမှာလဲ၊ ခွေးကျွေးလိုက်ပေါ့၊ ပိုက်ဆံကို နမြောမနေ နဲ့၊ ငါ ရှင်းလိုက်ပါ့မယ်၊ ကဲ . . . အားလုံးစားဖို့ ငါပဲ မှာပေးမယ်၊ ဟဲ့ . . . မောင်လေး . . . လာဦး''

စိတ်တာလေးကို လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။ သို့သော် စိတ်တာ လေးရောက်မလာမီ ထိုဝိုင်းနားရောက်သွားသူ သူရဲကောင်းတစ်ယောက်က ပေါ်လာပြန်သေး၏။

ထိုလူကပဲ ဝိုင်းရှေ့မှာ ရပ်ကာ . . .

''ဒီမှာ မခေမာ''

ခေါ်သံကြောင့် မျက်ခုံးလေးပင့်ရင်း ဆတ်ခနဲ မော့ကြည့်လာသည်။ ပြီး . . . ထိုလူအား . . .

''ကျွန်မနာမည်ကို ခေါ်လိုက်တာလား၊ ရှင်က ဘယ်သူလဲ''

မနည်းတင်းထားပုံရသော ထိုလူ၏မျက်နှာမှာ အနည်းငယ် ဖျော့ ဖတ်ဖြစ်သွားရပြီး . . .

''ကျွန်တော်က ကျော်ကိုကိုအောင် . . . ပါ''

စကားဆုံးဆုံးချင်းပဲ ခေမာက ခေါင်းတဆတ်ဆတ်ညိတ်ရင်း . . .





''ကျော်ကိုကိုအောင်ဆိုတော့ ကြောင်ကိုကိုအော်ပေါ့''

တစ်ဝိုင်းလုံး ဝါးခနဲ ရယ်လိုက်ကြသည်။ ကျော်ကိုကိုအောင် [illegible]နှာက တင်းခနဲဖြစ်သွားကာ . . .

''မရယ်ပါနဲ့ မခေမာ၊ ဒီဟင်းပွဲတွေနဲ့ပတ်သက်ပြီး ပြောချင်လို့ [illegible]ဗျ''

ထိုစကားကြောင့် ခေမာက မျက်ခုံး အတွန့်ချိုးလိုက်ရင်း . . .

''ဒီဟင်းပွဲတွေနဲ့ ပတ်သက်လို့ . . . ဟုတ်လား၊ ဩော် . . . သိပြီ [illegible]တွေက ကျွန်မတို့ မစားချင်တော့လို့ ခွေးကျွေးမယ်ဆိုပြီး လုပ်နေ [illegible] ဘာလဲ . . . ရှင်က ကြားထဲက နမြောလို့လား၊ စားချင်တယ်ဆိုရင် [illegible]သွားလိုက်လေ၊ အားလုံးရှင်းပြီးသားပါ''

''ဘာဗျ''

ကျော်ကိုကိုအောင်မျက်နှာက နီရဲပြီထွက်သွားသည်။ ဒေါသကို [illegible]အောင့်သလို အောင့်ထားရသောအသံဖြင့် . . .

''ခင် . . . ခင်ဗျား မရိုင်းပါနဲ့ မခေမာ၊ ကျွန်တော် ပြောချင်တာက [illegible]တာသူတို့ ကြိုက်တာမှာစားတာကို ခင်ဗျားက ဘာဖြစ်လို့ ဝိတ်ပင်ပြီး [illegible]ကြီး ဝင်လုပ်နေတာလဲ၊ ဒီနေရာမှ မဟုတ်ဘူး၊ နေရာတကာမှာ ခင်ဗျား [illegible] သူတို့အပေါ် စီးပိုးလွှမ်းတယ်''

ခေမာ့မျက်နှာက ကွက်ခနဲ ပျက်သွားသည်။ မျက်နှာကို ပြန်တည် [illegible] တ်ခနဲ ပြန်ပြောလိုက်၏။

''အဲဒါ ရှင်နဲ့ ဘာဆိုင်လို့လဲ၊ ရှင့်အပူရော ဘယ်နှပြားသားပါလို့ [illegible] ကျွန်မသူငယ်ချင်းတွေက ကျွန်မ စားစေချင်တာနဲ့ စားတယ်၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့အတိုင်း နေတဲ့အပေါ် ရှင်က ဘာဝင်နာနေတာလဲ ဘာလဲ . . . ခုလို ရှင်ဝင်ပြောတော့ သူတို့က ရှင့်ကို ကျေးဇူးတင်မယ်များ ထင်နေလို့လား''

''ဘာဖြစ်ဖြစ်ဗျာ၊ အဲဒီလိုပုံစံတွေကို ကျွန်တော်မှ မဟုတ်ဘူး။ တခြားတော်တော်များများလည်း ကြည့်မရတော့ အားလုံးကိုယ်စား ဝင်ပြောပေးတာ''

''ဒီမှာ . . . ရှင်တို့ကိုလည်း ဘယ်သူကမှ လိုက်ကြည့်မနိုင်ဘူး။ ကြည့်မရရင်လည်း အားလုံးလဲသေလိုက်''

''ခင် . . . ခင်ဗျား . . . မိန်းကလေးတန်မဲ့ စွာလှချည်လား''

''အောင်မာ . . . လာလာချည်လား။ ကျွန်မပုံစံက ဒီအတိုင်းဆိုတာ တစ်ကျောင်းလုံး သိတယ်၊ ရှင်ကသာ ကိုယ့်ထမင်းကိုယ်စားပြီး သူများကိစ္စကို ဝင်စွက်တာ''

''တောက်!''

ဒေါသမျက်နှာဖြင့် တက်တစ်ချက်ခေါက်ကာ ကျော်ကိုကိုအောင် လှည့်ထွက်သွားသည်။ ခြေလှမ်းလေးငါးလှမ်းလောက် လှမ်းပြီးချိန်မှာပဲ . .

''ဟေ့ . . . ဟေ့ . . . ဒီကိုလာဦး''

ခေမာ့အသံပဲ ဖြစ်သည်။ ကျော်ကိုကိုအောင်လည်း သူ့ကို တောင်းပန်ရန် ပြန်ခေါ်သည်ထင်ပြီး မျှော်လင့်တကြီး လှည့်အကြည့် . . .

''ဟာ''

ရှက်ခြင်းနှင့်ဒေါသတို့ ပူးပေါင်းကာ ကျော်ကိုကိုအောင် မျက်နှာ ဖြစ်သွားပုံက ဆိုဖွယ်ရာပင် မရှိတော့ချေ။ ခေမာ အရေးတယူလှမ်းခေါ် နေသည်က သူ့ကိုမဟုတ်။ ကင်တင်းထောင့်တစ်နေရာမှာ ခွေနေသော





[illegible]တစ်ကောင်ကို ဖြစ်လေသည်။

လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ကာ ဆက်လျှောက်သွားသော [illegible]ကိုကိုအောင်ကိုကြည့်ပြီး သူတို့တစ်ဝိုင်းလုံး ရယ်ကြတော့၏။

အောင်မြင်စွာနှင့် ဆုတ်ခွာလာသော ကျော်ကိုကိုအောင်ကား ကျန် [illegible] ကျောင်းသားတွေက . . .

နည်းတောင် နည်းသေးတယ်။

မင်းလိုကောင်မျိုးက အဲဒီလိုခံရမှ မှတ်မှာ။

ခေမာ့အကြောင်းသိလျက်နဲ့ သွားပြောတာကိုး . . . ခံပေါ့။

အရှက်မရှိသွားပြောတော့ ခု အရှက်ကွဲရပြီမဟုတ်လား။

ဟု ယူဆရသောအကြည့်များဖြင့် ဖေးမကာ အားပေးကြပါသည်။

ဖျတ်ခနဲ လှမ်းမြင်လိုက်ရသော ကျော်ကိုကိုအောင့်မျက်နှာကို [illegible]ပြီး ဒီကောင် တော်တော်တင်းသွားပြီဆိုတာ နောင်ရိုး ရိပ်မိလိုက်၏။

ကောင်မလေးတွေဆီ ကြည့်လိုက်တော့လည်း ခုနကမှ စစ်ပွဲတစ် [illegible]နိုင်ရလိုက်သလို ရယ်မောစားသောက်ရင်း အောင်ပွဲခံနေကြသည်။

ထူးခြားသည်ကတော့ ကောင်းသော်တို့ ပြောခဲ့သလို ခေမာဆို [illegible] ကောင်မလေးသည် သူ့သူငယ်ချင်းများအပေါ် လွှမ်းမိုးနိုင်စွမ်း ရှိသည် [illegible]သောအချက်ပင် ဖြစ်လေသည်။

ရယ်ရင်းမောရင်း ခေမာ၏မထိတရိမျက်ဝန်းတောက်တောက်လေး [illegible] အရောင်မှိုင်းကာ တစ်ခါတစ်ခါ ငြိမ်ကျသွားသည်ကိုလည်း နောင်ရိုး [illegible]အားမိလိုက်သေး၏။

မည်သို့ပင်ဖြစ်စေ . . .



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးတစ်ယောက်ကို သေသေချာချာ စူးစမ်းလေ့လာမိခြင်းသည်လည်း နောင်ရိုး၏ဘဝမှာ ပထမဆုံး ဖြစ်လေသည်။

■



## (၃)

"ဘယ်လိုလဲ နောင်ရိုး၊ မင်း လက်တွေ့မြင်လိုက်ရတော့ ယုံပြီ
တ်လား"

ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်သော ကောင်းသော်
ကြောင့် နောင်ရိုး အူတူတူဖြစ်သွားရပြီး . . .

"ဟ . . . ငါက ဘာကိုလက်တွေ့မြင်ပြီး ယုံရမှာလဲ"

"အာ . . . ငါပြောတာက မင်း မနေ့က သွားကြည့်တဲ့ နှင်းဖြူတို့
ကို ပြောတာ"

"ဩော် . . . ဒါလား၊ သွားကြည့်တော့ မြင်တာပေါ့ကွ၊ သူတို့အား
ကလေးတွေချည်းပဲလေ၊ ဘာကို ထပ်ပြီးယုံရမှာလဲ"

ခပ်ထွေထွေပြောလိုက်သော နောင်ရိုးစကားကြောင့် ကောင်းသော်



www.burmeseclassic.com

www.burmeseclassic.com

အီလည်လည်ဖြစ်သွားရသည်။ ဒီကောင် သူ့သောက်ကျင့်အတိုင်း စားနေပြီ ဆိုတာ ရိပ်မိလိုက်သောကြောင့် ရွဲ့ပြီး ပြန်မေးလိုက်၏။

"ယုံလားဆိုတာက သူတို့အားလုံး အပျိုစင်တွေပဲဆိုတာ ယုံလား လို့ မေးတာ"

နောင်ရိုးက ခပ်တည်တည်ပဲ ...

"အပျိုစင်ဆိုတာ ယုံပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အပြင်မှာ စိုနေတာကိုး"

"မိုက်ရိုင်းလိုက်တာ နောင်ရိုးရာ"

အောင့်သက်သက်လေသံနှင့် ပြောလာသော ကောင်းသော်ကို ကြည့်ကာ နောင်ရိုးနှင့် သက်ဦးမောင်တို့ ဝါးလုံးကွဲ ရယ်ချလိုက်ကြသည်။

ခဏနေတော့ ... နောင်ရိုးကပဲ

"နောက်တာပါ ကောင်းသော်ရာ၊ မင်းတို့ပြောလိုက်တဲ့အတိုင်း တွေ့ခဲ့ပါတယ်၊ ဒါပေမဲ့ ... ငါ့အမြင်အရ အဲဒီအုပ်စုထဲက ကောင်မလေး တစ်ယောက်နဲ့ ရည်းစားဖြစ်ဖို့ဆိုတာ မလွယ်လောက်ဘူးကွ၊ သူတို့အဖွဲ့ထဲက ခေမာကို မင်းတို့ ဘယ်လိုမှ ကျော်လို့ရမှာမဟုတ်ဘူး"

ကောင်းသော်က စိတ်ရှုပ်ဟန်ဖြင့် သူ့လည်ပင်းသူ တဗျင်းဗျင်း ကုတ်တော့သည်။ သူများလည်ပင်းမှ သွားကုတ်လို့မရသည်ကိုး။ ပြီး ... ကောင်းသော်ဆိုသည့် ငတိက ဘာကောင်မှန်းမသိ။ စိတ်ရှုပ်လျှင် သူများ တွေလို ခေါင်းကုတ်၊ ဖင်ကုတ်မလုပ်ဘဲ လည်ပင်းချည်းပဲ ကုတ်သည်။ ဒါ ကြောင့်လည်း ဒင်းလက်သည်းကြားတွေထဲမှာ ချေးဖတ်တွေက အမြဲနေရာ ယူထား၏။ ထပ်ပြောရလျှင် ထိုလက်သည်းများဖြင့် နှင်းဖြူဆိုသော လုတ်





...တကောင်မလေးနှင့် ရည်းစားဖြစ်ချင်နေသေးသည်။ ထိုမျှလောက် မတာန် ...ရာမှန်းသော ကောင်းသော်ဖြစ်၏။

ခုလည်း လည်ပင်း တစ်ကိုယ်ရည်သန့်ရှင်းမှုလုပ်နေသော ကောင်း ...သော်ကပဲ ဆက်ပြောလာသည်။ လေပူကြီးတစ်ချက် မချိမဆန့်မှုတ်ထုတ် ...ပြီး အားမလိုအားမရ ပြောလာခြင်းဖြစ်၏။

"အဲဒါကြောင့် ခက်နေတာပေါ့ နောင်ရိုးရာ၊ ငါ ဘယ်လိုဆက်လုပ် ...ရမှန်းမသိတော့လို့ မနေ့က မင်းကို တိုင်ပင်တာပေါ့ကွ"

"ငါလည်း စဉ်းစားမိပါတယ်၊ ဒီအတိုင်းဆိုရင်တော့"

"ဘာ ... ဘာဖြစ်မှာလဲဟင် နောင်ရိုး"

မျှော်လင့်တကြီး မေးလာသော ကောင်းသော်ကို နောင်ရိုးက မညှာ ...တာစွာ ...

"မင်း မှေ့ပစ်လိုက်တာ အကောင်းဆုံးပဲ ကောင်းသော်၊ ဒါမှမဟုတ် ...မင်း ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲသလိုပဲ ဖြစ်နေမှာ"

ကောင်းသော်မျက်နှာကြီးက တစ်မဟုတ်ချင်း အသက်ခုနစ်ဆယ် ...အိုအိုလောက် အိုစာသွားသည်။ ပြီး နောင်ရိုးကိုလည်း ...

"အဲလိုတော့ မလုပ်ခိုင်းပါနဲ့ကွာ၊ မင်း မကူညီနိုင်ရင်တောင် ငါ့ကို ...တ်မလျှော့ခိုင်းပါနဲ့"

နောင်ရိုးပခုံး အသာတွန့်လိုက်မိ၏။ ဒီကောင် အတော်ဟီ (Heat) ...တ်နေပြီဆိုတာလည်း နားလည်လိုက်သည်။

ထို့ကြောင့် ...

"လဒမှိုင် မှိုင်မနေပါနဲ့ ကောင်းသော်ရာ၊ မင်းရုပ်က သနားဖို့



www.burmeseclassic.com

www.burmeseclassic.com

မကောင်းဘဲ ယောက်ျားချင်းတောင် တော်တော်စိတ်ကုန်ဖို့ကောင်းနေတယ် ကွ၊ ကဲ . . . ငါ မင်းကို တစ်ခုတော့ ကူညီမယ်''

''ဟင် . . . ဘယ်လိုကူညီမှာလဲ''

နောင်ရိုးက စဉ်းစားဟန်ပြု၍ . . .

''ငါ . . . ယောက်ျားကြီးတန်မဲ့ အောင်သွယ်တွေ, ဘာတွေတော့ မလုပ်တတ်ဘူးကွ၊ ဒါပေမဲ့ မင်း နှင်းဖြူကို မွေးနေ့လက်ဆောင်ပေးလို့ ရအောင် ငါ ကူညီပေးမယ်''

''တ . . . တကယ်လားဟင် နောင်ရိုး''

''တကယ်ပေါ့ကွ၊ မင်းကို အလကား နေရင်းထိုင်ရင်း ညာနေရ အောင် ငါက ဘာရမှာမို့လို့လဲ''

ထိုသို့ပြောရင်း မဆီမဆိုင် ခေမာ၏မျက်နှာလေးကို ဖျတ်ခနဲ မြင် ယောင်လိုက်မိသေးသည်။

ထိုအချိန်မှာပဲ ငြိမ်နေသော သက်ဦးမောင်က . . .

''မင်း အဲဒီကိစ္စကို ဘယ်လိုလုပ်ဖို့ စဉ်းစားထားလဲ နောင်ရိုး''

နောင်ရိုးက မျက်ခုံးတစ်ချက် ပင့်လိုက်ပြီးမှ . . .

''ရိုးရိုးလေးပါပဲကွာ၊ မိန်းကလေးတော်တော်များများမှာ ရှိတတ်တဲ့ အားနည်းချက်ကလေးကိုပဲ ခုတုံးလုပ်ရမှာပေါ့''

■



## ( ၄ )

စာသင်ချိန်တစ်ချိန် ကျန်သေးမှန်းသိလျက်နှင့် နှင်းဖြူတို့သုံး ယောက် ဖင်မငြိမ်ဖြစ်နေသည်ကိုကြည့်ကာ ခေမာ စိတ်တိုလာရသည်။ ငြိမ်ဆို၍ ဒင်းတို့က မတ်တတ်ရပ်ပြီး လှုပ်ပြ,ယမ်းပြနေခြင်းမျိုးလည်း ဟုတ်ချေ။ လှုပ်လှုပ်ရွရွဖြစ်ကာ အခန်းအပြင်သို့ ထွက်ချင်နေခြင်းဖြစ်သည်။

ဟေမန်က ခေမာကို မျက်နှာငယ်လေးလုပ်ကာ . . .

''ကင်တင်းသွားရအောင် ခေမာရာ၊ ဒီတစ်ချိန်လောက် လွတ်တာ မှမဖြစ်ပါဘူး၊ ဗိုက်ဆာလာပြီဟ''

''ဟုတ်တယ်၊ ငါတို့လည်း ဆာနေပြီ''

မေသက်ဇော်ကပါ စစ်ကူသဘောမျိုး ဝင်ပြောလာသည်၊ ခေမာ ယောက်စလုံးကို ဝေ့ကြည့်လိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"အေး ... သွားတာက လွယ်တယ်၊ ဒီတစ်ချိန် လွတ်သွားတဲ့ စာကို ဘယ်သူ့ဆီက ပြန်ကူးမှာလဲ၊ ငါ သုံ့မျှားဆီက စာအုပ်မငှားချင်တာ နင်တို့လည်း အသိပဲ"

"အဲဒါဆိုရင်လည်း ငါပဲ ငှားပြီး ကူးပေးပါ့မယ်"

နှင်းဖြူစကားအဆုံးမှာ ခေမာက ဆတ်ခနဲ ခပ်တင်းတင်းကြည့်ရင်း–

"မကူးနဲ့၊ ဘာဖြစ်လို့ သူမျှားတွေဆီက အောက်ကျနောက်ကျခံပြီး ကူးမှာလဲ၊ ငါတို့ အတန်းလစ်တာကို ကြော်ငြာမလို့လား၊ နင်တို့လည်း သူမျှားဆီက မငှားနဲ့၊ ငါလည်း မငှားဘူး"

"အာ ... ဒါဆို ဘယ်လိုလုပ်မှာလဲ၊ ငါတို့က တကယ်ဆာလို့ပါ ခေမာရယ်"

ဟေမန်စကားကြောင့် ခေမာက မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း တစ်ချက်စဉ်းစားလိုက်သည်။ ပြီး ... မသိမသာ သက်ပြင်းခိုးချလိုက်ရင်း ...

"ကဲ ... ဒါဆိုလည်း ဒီလိုလုပ်၊ နင်တို့တွေ ကင်တင်းအရင်သွားနှင့်၊ ငါ ဒီအချိန်ပြီးအောင် တက်လိုက်မယ်၊ ပြီးမှ ငါ့ဆီကပဲ ပြန်ကူးပေါ့"

"အေး ... ကောင်းတယ်၊ ကောင်းတယ်"

ပြောရင်း သုံးယောက်သား တက်ညီလက်ညီ ထရပ်လိုက်စဉ်မှာပဲ

"နေဦး ... ပြန်ထိုင်ဦး"

သုံးယောက်စလုံး ညီညီညာညာပင် ပြန်ထိုင်လိုက်ကြရသည်။ ခေမာက မျက်နှာတည်တည်လေးနှင့် ...

"ငါက နင်တို့အတွက်ပါ အတန်းတက်ပေးရတာနော်၊ ဒီတော့





...င်းစားရင် ငါတို့စားနေကျ ဟင်းတွေနဲ့ပဲ စားပါ့မယ်လို့ ကတိပေးကြ...ယ်လိုလဲ ... ဖြစ်မလား"

ထိုစကားကြောင့် သုံးယောက်သား တစ်ယောက်မျက်နှာ တစ်...ယောက် ကြည့်လိုက်ကြပြီးမှ ...

"အေးပါဟယ် ... ငါတို့ ကတိပေးပါတယ်"

မေသက်ဇော်စကားအဆုံးမှာ နှင်းဖြူကလည်း ...

"စိတ်ချပါဟာ၊ နင်ရောက်လာလို့ မယုံရင် ကင်တင်းက ဦးလေး...ဆီမှာ မေးကြည့်လိုက်၊ ဒီလောက် ဗိုက်ဆာနေတာ ဘာဖြစ်ဖြစ် စား...ပါတယ်ဟာ"

ခေမာ့ဆီမှ ခွင့်ပြုချက်ရရချင်း သုံးယောက်သား အပြန်ထထွက်...ကြသည်။

လမ်းမှာ နှင်းဖြူက ...

"ဘာပဲပြောပြော ခေမာက ငါတို့အတွက်ဆိုရင် ငယ်ငယ်လေးက...ကခုလို အနစ်နာခံပေးခဲ့တာနော်"

နှင်းဖြူစကားကြောင့် ဟေမန်လည်း မျက်နှာညှိုးသွားပြီး ...

"အေးလေ ... သူ့ပုံစံကြောင့် ဘေးလူတွေ အမြင်စောင်းတာ...ာင်းရှိနိုင်ပေမယ့် ငါကတော့ ဂရုမစိုက်ပါဘူး၊ ငါတို့ ခေမာ့စကား...ထောင်လို့ သူ့စိတ်ချမ်းသာရင် ငါပျော်တယ်"

"ငါလည်း ဒီလိုပါပဲဟာ၊ သူ့ဘဝမှာ ငါတို့သုံးယောက်က အရေး...ုံးပဲဆိုတဲ့ အချက်ကို နားလည်ပါတယ်၊ ငါတို့ဘက်ကလည်း ဒီအတိုင်း... အဲ ... တစ်ခါတစ်ခါမှာတော့"



www.burmeseclassic.com

www.burmeseclassic.com



မေသက်ဇော်စကားက မဆုံးလိုက်။ နှင်းဖြူက မေသက်ဇော်၏ ပါးစပ်ကို လက်နှင့်လှမ်းပိတ်လိုက်ရင်း ...

"မပြောပါနဲ့တော့ မေသက်ရယ်၊ နှင် ဘာကိုဆိုလိုချင်တယ်ဆိုတာ ငါ နားလည်ပါတယ်၊ အဲဒီအတွေးတွေ မတွေးတာ အားလုံးအတွက် အကောင်းဆုံးပဲ မဟုတ်လား"

သုံးယောက်စလုံး တိတ်ဆိတ်သွားကြသည်။ ခေမာ၏စိတ်နှင့် သူတို့အပေါ်ထားသည့် သံယောဇဉ်ကို ငယ်ငယ်လေးထဲက သိခဲ့ရခြင်းဖြစ်၏။ ဒါကြောင့်လည်း ခုချိန်ထိ သူတို့လေးယောက်ပဲ သီးခြားတွဲခဲ့ကြခြင်း ဖြစ်သည်။ ဆယ်တန်းအောင်တော့ ဆေးတက္ကသိုလ်အမှတ်မီသော ခေမာ ပင်လျှင် မတက်ဘဲ သူတို့လို ရိုးရိုးမေဂျာပဲ ယူခဲ့ခြင်းဖြစ်၏။ ထိုအချိန်တုန်းက ခေမာပြောခဲ့သော စကားကိုလည်း ခုချိန်ထိ သူတို့သုံးယောက်မမေ့။

ကိုယ့်အတွေးနှင့်ကိုယ် လျှောက်လာရင်း ထိုင်နေကျ ကင်တင်းရှေ့သို့ ရောက်လာကြသည်။ ကင်တင်းထဲသို့ လှမ်းဝင်လိုက်စဉ်မှာပဲ ဟေမန်က အလန့်တကြားပုံစံလေးဖြင့် ...

"ဟဲ့ ... ဟို ... ဟိုမှာကြည့်လိုက်ဦး"

ဟေမန့်အပြောကြောင့် ကင်တင်းထဲ လှမ်းကြည့်ရင်း ဟင်ခနဲဖြစ်သွားရသည်။ ခါတိုင်း သူတို့အဖွဲ့သာထိုင်သော စားပွဲ၌ ကျောင်းသားများ အုံခဲနေကြ၍ဖြစ်သည်။ ပုံမှန်အတိုင်းဆိုလျှင် ထိုဝိုင်း၌ ကျောင်းသားနှစ်ယောက်လောက်ရှိတတ်သော်လည်း သူတို့လာလျှင် အူလျားဖားလျားဖြင့် ဖယ်ပေးကြစမြဲ။ ခု ဒီနေ့ကျမှ ဘာဖြစ်လို့ လူတွေ ဒီလောက်များနေသနည်း။

မည်သို့ပင်ဖြစ်စေ ...





သူတို့အနားရောက်လျှင်တော့ ထိုလူတွေစားပွဲမှ ထသွားကြလိမ့်မည်မှာမလွဲ။ ထိုအတွေးကို သုံးယောက်စလုံး တွေးလိုက်မိပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ပြုံးလိုက်ကြ၏။ ပြီး ... သုံးယောက်သား ထိုဝိုင်းအနားသို့ ကပ်သွားလိုက်ကြသည်။

အနားရောက်သည်အထိ လူအုပ်ကြီးက မခွဲသေး။ ဘာတွေများ ဒီလောက် သဲကြီးမဲကြီး စိတ်ဝင်စားနေကြသည်မသိချေ။ ခေါင်းတွေပြူကာ စားပွဲဆီသို့ပဲ ကြည့်နေကြသည်။

စိတ်မြန်သော ဟေမန်ကပဲ အဟမ်းအဟမ်းဟု ချောင်းဟန့်ကာ အသံပေးလိုက်၏။ ကြားလိုက်ပုံရသော ကျောင်းသားတစ်ယောက်က လှည့်ကြည့်လာပြီး သူတို့သုံးယောက်ကိုမြင်တော့ တခြားလူတွေအား အသိပေးလိုက်ပုံပေါ်သည်။

ချက်ချင်းဆိုသလို လူအုပ်ကြီးသည် ဝရုန်းသုန်းကား ပြိုကွဲသွားလေ၏။

သို့သော် ...

သူမတို့သုံးယောက် မထိုင်ဖြစ်ကြသေးဘဲ ထပ်ကာမျက်မှောင်ကြုတ်ရပြန်သည်။ အကြောင်းမှာ စားပွဲတွင် ထိုင်လျက်သား ကျန်ခဲ့သည့် တစ်ယောက်တည်းသောလူသည် အေးဆေးတည်ငြိမ်စွာဖြင့် စားပွဲထက်မှ စာရွက်များကို သိမ်းဆည်းနေ၍ဖြစ်၏။

ရပ်နေသည့် သူမတို့ကို တစ်ချက်လှမ်းကြည့်သော်လည်း စိတ်လှုပ်ရှားပုံမရှိချေ။ သူ့အလုပ်သူ အေးအေးလူလူ လုပ်နေသည့်ပုံစံသာ ရှိသည်။ ထိုစာရွက်တွေဆီ လှမ်းကြည့်မိတော့ ပေဒင်တွက်ထားသလို ဇယားများ



www.burmeseclassic.com

www.burmeseclassic.com

အကွက်များ၊ ပုံများ ရေးဆွဲထားသည်ကို တွေ့လိုက်ရ၏။ ထိုလူ၏မျက်နှာကိုကြည့်ရင်း ဒါ ဟိုတစ်ရက်က ဒီကင်တင်းထဲမှာ သားကြီး . . . သားကြီး ဆိုပြီး ဖုန်းပြောတဲ့ လူပဲဆိုတာ သူတို့ ပြန်စဉ်းစားမိသွား၏။ သူ့ဘာသာသူ သားကြီးမကလို့ သားငယ်ပဲဖြစ်ဖြစ် ဂရုမစိုက်ချေ။ လောလောဆယ် ကိုယ့်နေရာက ဖယ်နိုင်းဖို့ပဲ ရှိသည်ဟု တွေးလိုက်ရင်း ဟေမန်က . . .

"ဒီမှာ . . . ရှင့်ပစ္စည်းတွေက သိမ်းလို့မပြီးနိုင်တော့ဘူးလား"

ထိုလူက ထပ်ကာမော့ကြည့်လာကာ . . .

"မြင်တဲ့အတိုင်းပဲလေ၊ ခင်ဗျားတို့က ဘာလုပ်မလို့လဲ"

"ဒီဝိုင်းမှာ ထိုင်ဖို့ပေါ့ရှင်"

နှင်းဖြူ စကားအဆုံးမှာ ထိုလူက ဟက်ခနဲရယ်လိုက်ရင်း . . .

"ထိုင်ချင်ရင် ထိုင်ပေါ့ဗျ။ ခင်ဗျားတို့မှာလည်း ဖင်ပါတာပဲဥစ္စာ"

"ဘာရှင့် . . . ရှင် . . . မိုက်ရိုင်းလှချည်လား"

သုံးယောက်စလုံး မျက်နှာတွေ ရဲရဲနီသွားရင်း မေသက်ဇော်က ပြောလိုက်ခြင်းဖြစ်သည်။ ထိုလူက ရယ်ဟာဟာနှင့် လက်ကာပြလာပြီး . . .

"ဆောရီး ဆောရီး . . . ကျွန်တော် မိုက်ရိုင်းတဲ့စကားပြောတာ မဟုတ်ပါဘူး၊ စကားပြော လောသွားလို့ပါ၊ ဆိုလိုချင်တာက ဒီဝိုင်းမှာ ထိုင်စရာနေရာတွေ အများကြီး ရှိသေးတယ်လေ၊ အဲဒါကြောင့် ထိုင်ချင်ရင် ထိုင်ပါလို့ အလွယ်ပြောလိုက်တာပါ"

ထိုလူ့အပြောကြောင့် နှင်းဖြူက မျက်စောင်းကို အတုံးလိုက် အတစ်လိုက်ထိုးကာ . . .

"ဘာလို့ထိုင်ရမှာလဲ၊ ဒီဝိုင်းမှာက ကျွန်မတို့သူငယ်ချင်းတွေချည်း





ထိုင်တာ၊ အဲဒါကြောင့် ရှင့်ကို ဖယ်ပေးလို့ ပြောနေတာ"

"ဟောဗျာ၊ ခင်ဗျားတို့က ဘယ်လိုလဲဗျ။ ဒီဟာက ကင်တင်းလေ၊ ဘယ်ကျောင်းသူ့, ကျောင်းသားမဆို ထိုင်ခွင့်ရှိတာပဲ မဟုတ်လား"

"မရဘူး။ ကျွန်မတို့အတွက်တော့ ဒီကင်တင်းက ဒီစားပွဲမှာပဲ ထိုင်တာ"

"ခင်ဗျားတို့က စည်ပင်ကလား"

"ဘာရှင့်"

"ဩော် . . . နေရာစကားပြောလို့ပါ"

"အပိုတွေ လျှောက်ပြောမနေနဲ့၊ ရှင်ဖယ်မှာသာ ဖယ်ပေးစမ်းပါ"

ထိုစကားအဆုံးမှာတော့ နောင်ရိုးက မျက်နှာကို တည်ပစ်လိုက်ပြီး—

"ဒီမှာ ခင်ဗျားတို့ဘာသာ ကိုယ့်ဟာကိုယ် ဥပဒေထုတ်ထားတာ ကျွန်တော်နဲ့ မဆိုင်ဘူး၊ လောလောဆယ် ကျွန်တော်သိတာက ဒီဝိုင်းမှာ ထိုင်ပြီး အခကြေးငွေနဲ့ ကျွန်တော် ဗေဒင်ဟောနေတယ်၊ အဲဒီအချိန်မှာ ခင်ဗျားတို့ရောက်လာတော့ ဘာကြောင့်မှန်းမသိ အကုန်ထပြေးကုန်ကြရော၊ ဒီတော့ ပိုက်ဆံမရလိုက်တဲ့ ကျွန်တော်ကမှ နစ်နာတာဗျ"

သုံးယောက်သား နောင်ရိုးကိုကြည့်ကာ မျက်ခုံးပင့်သွားကြသည်။

နှင်းဖြူက အရင် . . .

"ဘယ်လို . . . ရှင်က ဗေဒင်ဟောနေတယ်ဆိုတော့ ဗေဒင်ဆရာလား"

နောင်ရိုးက အံ့သြာတွန့်ကာ . . .

"ကဝိတစ်ဆူကြီးတော့လည်း မဟုတ်ဘူးပေါ့ဗျာ၊ တတ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com

ပညာလေးနဲ့ ဒီလိုပဲ ကျောင်းမှာ ရှာစားရတာပေါ့ . . . အဟဲ''

သုံးယောက်စလုံး နှာခေါင်းရှုံ့သွားကြသည်။

''ထားပါတော့လေ၊ ရှင့်ဟာရှင် ဘာဆရာပဲဖြစ်ဖြစ် လောလော ဆယ် ဒီနေရာက ဖယ်ပေးဖို့ပဲလိုတာ''

''ရော် . . . ခက်တာပဲ၊ ဒီနေ့ ဒီမှာထိုင်ပြီး ဗေဒင်ဟောတာ တစ်ပြားမှတောင် မရသေးဘူးဗျ၊ မေးတဲ့သူကို စောင့်လိုက်ဦးမယ်၊ တစ်ယောက်လောက် ဟောပြီးလို့ ပိုက်ဆံရရင်တော့ ဒီနေရာက ထမှာပါ၊ ကျွန်တော့်အမိန့်ဌာနက တစ်နေရာမှာ တစ်ခါလောက်မှ မဟောရရင် နေရာက မထဘူးဗျ''

နှင်းမြူတို့ ဘာလုပ်ရမည်မှန်းမသိ ဖြစ်သွားကြသည်။ ဒီလူ့ကိုလည်း ကင်းတင်းထဲက အတင်းဆွဲထုတ်လို့ ရမည်မဟုတ်။ ထိုသို့ ဥပဒေလည်း မရှိချေ၊ တခြားလူတွေကသာ သူတို့ကို ငမ်းချင်စိတ်ဖြင့် နေရာဖယ်ပေးကြခြင်း ဖြစ်သည်။

ထို့ကြောင့် တက်ညီလက်ညီပင် ခေါင်းကုတ်လိုက်မိကြသည်။ ထိုစဉ်မှာပဲ ဖျတ်ခနဲ အကြံရလိုက်သော ဟေမန်က . . .

''ကောင်းပြီလေ၊ ဒါဆိုရင်လည်း ကျွန်မတို့ပဲ ရှင့်ကို ဗေဒင်မေးလိုက်မယ်၊ ရှင်ဟောပြီးရင်တော့ လစ်တော့၊ ဟုတ်ပြီလား''

ထိုစကားကြောင့် ဘေးမှ နှင်းမြူနှင့်မေသက်ဇော်တို့က တံတောင်နှင့် မသိမသာ တွတ်လိုက်မိ၏။ ဟေမန်က အသာနေဆိုသော အကြည့်ဖြင့် ကြည့်လာသည်။ ပြီး . . . မျက်ရိပ်ပြလိုက်သဖြင့် သုံးယောက်စလုံး နောင်ရိုးနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ကြသည်။





နောင်ရိုးက . . .

''ကဲ . . . ဟုတ်ပြီလေ၊ ခင်ဗျားတို့ကိုယ်တိုင် ဗေဒင်မေးမယ်ဆို အဆင်ပြေသားပဲ၊ မေးခွန်းတစ်ခုစီအတွက် မြန်မာငွေကျပ်ငါးရာကျ ဒီတော့ ဘယ်သူအရင်မေးမှာလဲ''

''သုံးယောက်စလုံး အတူမေးမယ်''

ဒီကောင်မလေးတွေ ရစ်ပြီဆိုတာကိုတော့ နောင်ရိုး နားလည် သည်။ သို့သော်လည်း စိတ်ကို လျှော့လိုက်ရင်း . . .

''ဟုတ်ပြီလေ၊ မေးပေါ့၊ ဒါပေမဲ့ . . . ကိုယ့်ကို ဗေဒင်ဟောပေး ဆရာနာမည်ကိုလည်း မှတ်ထားဦး၊ ကျွန်တော့်နာမည် နောင်ရိုးလို့ တယ်''

စကားအဆုံးမှာ နှာခေါင်းကိုယ်စီ ရှုံ့လိုက်ခြင်းကို နောင်ရိုး မြင် ရပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်နာမည်ကို သူတို့ သိသွားပြီ

ထိုသို့တွေးရင်း နောင်ရိုးက သုံးယောက်စလုံးကို ရင်ဆိုင်ကြည့် တာ . . .

''ကဲ . . . သုံးယောက်စလုံးမေးမယ်ဆိုတော့ ခင်ဗျားတို့ရဲ့ မွေး ကို ပြောတော့''

ပြောပြောဆိုဆို နောင်ရိုးက စာရွက်တစ်ရွက်ထုတ်ကာ ရှေ့မှာ လိုက်၏။ ပုံစံက အပီအပြင်တွက်တော့မည်ဆိုသည့်သဘော။

ကောင်မလေးတွေကလည်း တစ်ယောက်နှင့်တစ်ယောက် ယ်ပါပါကြည့်လိုက်ကြပြီးမှ . . .


www.burmeseclassic.com

"ကျွန်မတို့က မွေးသက္ကရာဇ်ကိုတော့ မပြောချင်ဘူးရှင့်၊ ဒီအတိုင်း ရှင် အဆင်ပြေသလို တွက်လို့မရဘူးလား၊ အဲဒါလည်း ရှင့်ကို မေးတာပဲ လေ"

နောင်ရိုး ခေါင်းအနည်းငယ် စားသွားသည်။ သို့သော်လည်း ရပါ သည်ဟု ထပ်တွေးကာ ပြန်ပြောလိုက်၏။

"အင်းလေ ... ဒါကတော့ ခင်ဗျားတို့ဆန္ဒပါ၊ ဒါပေမဲ့ ... တွက် လို့ရအောင်တော့ ကူညီဗျာ၊ ခင်ဗျားတို့ရဲ့မွေးသက္ကရာဇ်ကို စိတ်ထဲမှာပဲ မှတ်ထားပေါ့၊ တွက်လို့ရအောင် ကျွန်တော်ပြောတဲ့အတိုင်းသာ လုပ်ပေး"

"ဘယ်လို လုပ်ရမှာလဲ"

"ဒီလိုဗျာ၊ ခင်ဗျားတို့ရဲ့ မွေးလနံပါတ်ကို ငါးနဲ့မြှောက်လိုက်"

သုံးယောက်သား တဒင်္ဂ ငြိမ်သွားကြပြီးမှ ပြိုင်တူနီးပါး ...

"အိုကေ ... ရပြီ"

"ရတဲ့အဖြေကို ခြောက်ထည့်ပေါင်း"

"အဲ ... ရပြီ"

"နောက်ထပ်ရတာကို လေးနဲ့ ထပ်မြှောက်လိုက်"

"ခဏလေး ... ခဏလေး"

စာအုပ်ကိုယ်စီ ဆွဲထုတ်လိုက်ပြီး တွက်ကြပြန်၏။ အတန်ကြာမှ—

"မြှောက်တဲ့အဖြေလည်း ရပြီ"

"ပြီးရင် ... အဲဒီအဖြေကို ကိုးနဲ့ထပ်ပေါင်းလိုက်"

ညီညီညာညာတွက်နေကြပုံမှာ အားရစရာပင် ကောင်းလှသေးတော့ ၏။ ခဏနေတော့ နောင်ရိုးကပဲ ...



www.burmeseclassic.com



"အဖြေရရင် ငါးနဲ့ထပ်မြှောက်"

"ရှုပ်နေတာပဲ၊ ပြီးပြီ ... ပြီးပြီ၊ ဘာဆက်လုပ်ရဦးမှာလဲ"

"ပြီးတော့မှာပါ၊ ရတဲ့အဖြေမှ မွေးရက်ထည့်ပေါင်းလိုက်"

"ရပြီ"

"နောက်ဆုံးရတဲ့အဖြေထဲက (၁၆၅) ကို နုတ်လိုက်တော့"

"နုတ်ပြီးပြီ"

"ဘယ်လောက်ကျန်လဲ၊ တစ်ယောက်စီ ပြောပါ"

သဲစုက အရင်သွက်လက်စွာ ...

"ရှစ်ရာ့ရှစ် (၈၀၈) ကျန်တယ်"

"နောက်တစ်ယောက်က"

"ထောင့်နှစ်ရာ့တစ်ဆယ် (၁၂၁၀)"

"ဟိုတစ်ယောက်ကရော"

ဟေမန္တ်ကို မေးလိုက်ခြင်းဖြစ်သည်။

"လေးရာ့သုံး (၄၀၃)"

သုံးယောက်စလုံး၏စကားအဆုံးမှာ နောင်ရိုးက ပီပီပြင်ပြင် ပြုံး လိုက်ရင်း ...

"ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားတို့ကို ပြောထားတဲ့အတိုင်း အဖြေတစ်ခုစီပဲ ဟောပါ့မယ်၊ ခင်ဗျားရဲ့ မွေးရက်၊ မွေးလကတော့ မိုက်တယ်"

သူ့ကို လက်ညှိုးထိုးကာ ပြောလာခြင်းကြောင့် နှင်းဖြူ ကြောင် သွားရပြီး ...



www.burmeseclassic.com

www.burmeseclassic.com

"ရှင် ... ဘာဖြစ်လို့လဲ"

"ဩော် ... ခင်ဗျားက ရှစ်လပိုင်း၊ ရှစ်ရက်မှာ မွေးတာလေ၊ ဟုတ်တယ်မဟုတ်လား"

"ရှင်"

"ဟိုတစ်ယောက်ကတော့ ဆယ်နှစ်လပိုင်း ဆယ်ရက်"

မေသက်ဇော်ပါးစပ်အဟောင်းသား ဖြစ်နေစဉ်မှာပဲ နောင်ရိုးက ဟေမန်ကိုကြည့်ကာ ...

"အင်း ... ခင်ဗျားက လေးလပိုင်း သုံးရက်နေ့ဖြစ်မယ်"

"ဟောတော့"

အားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ သူတို့၏မွေးလ၊ မွေးရက်တွေကို ကွက်တိပြောလိုက်သည်ကို။ နောင်ရိုးက ရှေ့မှ စာရွက်တွေကို သိမ်းကာ ကျောပိုးအိတ်ထဲ ထည့်လိုက်ရင်း ...

"ကဲ ... ခင်ဗျားတို့ကိုယ်တိုင် မပြောတဲ့ အရာတစ်ခုစီကို ကျွန်တော်ဟောပြီးပြီနော်၊ ဒီတော့ ညဏ်ပူဇော်ခလေး ချီးမြှင့်ပါဦး"

တစ်ယောက် ငါးရာစီ ထုတ်ပေးလိုက်ရသည်။ နောင်ရိုးက ပိုက်ဆံထောင့်ငါးရာကို အိတ်ကပ်ထဲသို့ ပိုင်နိုင်စွာ ထည့်လိုက်ရင်း ထရပ်လိုက်ကာ-

"ခွင့်ပြုကြပါဦးဗျာ၊ ခင်ဗျားတို့ရဲ့စားပွဲမှာလည်း မထိုင်တော့ပါဘူး။ နောက်ကြုံရင်လည်း ဝင်မေးကြည့်ပေါ့"

ခပ်တည်တည်ပြောကာ ထထွက်လာခဲ့သည်။ ကင်တင်းအဝင်ဝနားမှာ ခေမာနှင့် ဆုံသေးသည်။ ခေမာ၏စူးရဲသောအကြည့်ကို နောင်ရိုးက ငြိမ်းအေးသော မျက်ဝန်းနှင့် ရင်ဆိုင်လိုက်ပါသည်။





နောင်ရိုး ငြိမ်းအေးသလောက် မငြိမ်းအေးနိုင်သူက ခေမာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ခုနက ဆုံခဲ့ရသောလူသည် သူ့သူငယ်ချင်းတွေဝိုင်းမှ ထထွက်လာသည် မဟုတ်ပါလား။

ထို့ကြောင့် စိတ်ထဲ၌ ဗလောင်ဆူကာ သူငယ်ချင်းတွေရှိရာဝိုင်းသို့ ခပ်သွက်သွက်လျှောက်သွားလိုက်ပြီး ဝင်မထိုင်နိုင်သေးဘဲ အရင်မေးချလိုက်သည်။

"ခုနက လူက ဘယ်သူလဲ"

■



www.burmeseclassic.com

www.burmeseclassic.com

## (၅)

အရှုံးအမဲသားနှပ်စားရလျှင်တောင် ဒီလောက်ပျော်မည်မထင်

ယခုတော့ နှင်းဖြူ၏မွေးနေ့မွေးလလေး သိရှိမှုဖြင့် ကောင်းသော် ပျော်

သည်မှာ မိုးမမြင်လေမမြင် ဖြစ်နေသည်။ နောင်ရိုးကိုလည်း ငါးမိနစ်တစ်ကြိမ်

လောက် ကျေးဇူးတင်စကားဆိုနေသေး၏။ ကြာတော့ နောင်ရိုးမှာ မနည်း

တားယူနေရသည်။

ယခုလည်း ကောင်းသော် တည်ခင်းဧည့်ခံသော စားသောက်

ဖွယ်ရာများအား ကင်တင်း၌ ချီးမြှင့်နေကြခြင်းဖြစ်သည်။

စားသောက်ရင်း နောင်ရိုးကို မှီကာ မျှိုဆိုနေသော သက်ဦးမော

က မေးလာ၏။

''နောင်ရိုး . . . မင်း သူတို့ရဲ့မွေးရက်၊ မွေးလသိအောင် ဘယ်





လိုက်တာလဲ''

''ပြောပြီးပြီလေ၊ ဗေဒင်ဟောလိုက်တာပါဆို''

ပြီးစလွယ် ဖြေလိုက်သည်ကို သက်ဦးမောင်က မကျေနပ်နိုင်သေး

. . .

''မဟုတ်သေးဘူးလေကွာ၊ ငါ သိချင်တာက မင်း သူတို့မွေးနေ့ကို

အောင် လုပ်လိုက်တဲ့ နည်းစနစ်ကို ပြောတာ''

''ဩော် . . . အဲဒါလား''

''ဟုတ်တယ် နောင်ရိုး၊ ငါလည်း အဲဒါကို သိချင်နေတာ''

ကောင်းသော်ကပါ ဝင်ပြောလာသည်။ နောင်ရိုးက နှစ်ယောက်

ကြည့်ကာ ဆရာကြီးစတိုင်လ်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း–

''အေးလေ . . . မင်းတို့ သိပ်သိချင်နေတော့လည်း ပြောပြရတာ

နှစ်ကောင်စလုံး မျက်နှာဝင်းခနဲဖြစ်သွားကြ၏။ သို့သော်လည်း

ထပ်ပြောလိုက်သော စကားကြောင့် နှင်ရသေးတော့သည်။

''တကယ်ဆို ဒီကိစ္စဟာ မင်းတို့ လေ့လာမှု အားနည်းလို့ စာမဖတ်

မှတ်ဉာဏ်နည်းလို့ ဖြတ်ထိုးဉာဏ်မရှိဘဲ တွေးခေါ်မှု အားနည်းလို့

တာကွ''

''အဲဒီလောက်ကြီးတော့ မမြှောက်ပါနဲ့ နောင်ရိုးရာ''

အောင့်သီးအောင့်သက်မျက်နှာဖြင့် သက်ဦးမောင်က ပြောလာ

နောင်ရိုးလည်း အားပါးတရ မှိုချိုး မျှစ်ချိုး ပြောလိုက်ပြီးမှ . . .

''တကယ်တော့ အဲဒီတွက်နည်းကို တချို့ ကလေးတွေအောင်



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်ကွာ၊ ပြောရရင် သင်္ချာနည်းလေးပါပဲ''

''ဟုတ်ပါပြီ၊ ငါတို့ကပဲ တုံးတယ်ထားလိုက်၊ အဲဒီ သင်္ချာနည်းကိုပဲ ပြောကွာ''

''အေးပါ . . . ပြောပါ့မယ်ဆို၊ ဒီသင်္ချာနည်းလေးက ဘယ်သူ့ကိုမဆို တွက်လို့ရပါတယ်၊ မွေးနေ့ကို မေးစရာမလိုဘဲ သူ့ဘာသာသူ တွက်နိုင်းလိုက်တာပါ၊ ဥပမာ . . . မင်းမွေးနေ့ကို မင်းစိတ်မှာ မှတ်ထားပြီးတော့ ဒီမှာ ငါရေးပေးတဲ့အတိုင်း လုပ်ကြည့်လိုက်''

ပြောရင်း နောင်ရိုးက စာရွက်တစ်ရွက်ထုတ်ကာ ချရေးပေးလိုက်ပါသည်။

■



''ငါလား . . . စံ–ဇာဏီဘိုရေးတဲ့ ဟောစာတမ်းစာအုပ် သွားဝယ်တော့ကွ''

''ဟော''

■



www.burmeseclassic.com

www.burmeseclassic.com

"ဪ ... ငါးရာတန် မေးခွန်းဖြေဖို့ အဆင်သင့်ဖြစ်ပြီလားလို့ မေးတာပါ"

နောင်ရိုးစကားကြောင့် ခေမာက ဝင့်ခနဲပြုံးကာ ဝင်ထိုင်လိုက်ရင်း ...

"ခုနက ရှင့်စကားအတိုင်းပဲနော်၊ ငါးရာတန်မေးခွန်းကို ငါးရာတန်လောက်ပဲမေး၊ နှစ်သောင်းတန်လောက်တော့ လာမမေးနဲ့"

"ဟုတ်ပါပြီဗျာ၊ ဒါနဲ့ တစ်ခုခုအရင်စားဦးလေ"

မဆီမဆိုင် ဘလိုင်းကြီး လောက္ကတ်ချော်လိုက်ခြင်း ဖြစ်သည်။ ခေမာက ခပ်တည်တည်ပဲ ...

"စားမှာပါ၊ ရှင် လောက္ကတ်လုပ်စရာ မလိုပါဘူး။ ကိုယ့်ပိုက်ဆံနဲ့ကိုယ် စားနိုင်တယ်"

"သိပါတယ်ဗျာ၊ ခင်ဗျားတို့ပုံစံက စားနိုင်သောက်နိုင်တဲ့ လူချမ်းသာတွေမှန်း သိသာပါတယ်"

"အင်း ... ရှင့်ပုံစံကတော့ မစားနိုင်မသောက်နိုင်ဘဲ တော်ပြတ်ပြီး သေတော့မယ့်ပုံပဲ"

"အင်"

နောင်ရိုး နင်သွားရသည်။ တစ်ခုခုပြန်ပြောရန် ပြင်လိုက်စဉ်မှာပဲ ခေမာက ...

"ကဲပါ ... လေကြောရှည်မနေနဲ့ မေးစရာရှိတာကိုပဲ မေးတော့"

ခေမာ့အပြောကြောင့် နောင်ရိုးက မျက်ခုံးပင့်လိုက်ရင်း ...

"ဒါဆိုလည်း စပြီနော်၊ ကျွန်တော်က ခင်ဗျားတို့မွေးနေ့တွေကို





...တော့ ... နေ့တွေပဲ ပြန်မေးပါ့မယ်၊ ပထမမေးခွန်းက နိုင်ငံတကာ ...ရာနေ့ဟာ ဘယ်နေ့လဲ"

မေးခွန်းဆုံးဆုံးချင်းမှာပဲ ခေမာက စက္ကန့်မခြား ...

"ဒါလေးများ ... နှစ်စဉ် ဂျူလိုင်လ (၁) ရက်နေ့၊ ပေး ငါးရာ"

နောင်ရိုး အီလည်လည်နှင့် ထုတ်ပေးလိုက်ရသည်။ ပြီး ...

"နောက်နေ့တစ်နေ့က ဗျာ ... အပြည်ပြည်ဆိုင်ရာ သည်းခံခြင်း ...နေ့ အဲဒါကို သိချင်တယ်"

ဒီတစ်ခါလည်း ခေမာက ဝင့်ဝင့်စားစား ပြုံးရင်း ...

"အဲဒါကတော့ နိုဝင်ဘာလ (၁၆) ရက်နေ့ပါရှင်၊ ထပ်ပေး ငါးရာ"

တစ်ထောင် ပြန်ထွက်သွားလေပြီ။ ခေမာကိုကြည့်ကာ ခပ်ညည်း...း ပြောလိုက်သေး၏။

"ခင်ဗျားက သိလှချည်လားဗျ"

ခေမာ ပြန်ပြောလာသောစကားကလည်း ရှင်းရှင်းလေး။ နင်...ချင် သက်သောင့်သက်သာ ထပ်နင်ပစ်လိုက်ဖို့ပင် ကောင်းလှသည်။ ...တိုပဲ ကြည့် ...။

"စဉ်းစားလေ၊ ကလေးမှ မဟုတ်တာ"

နောက်ဆုံးမေးခွန်းကိုတော့ နောင်ရိုး သတိထားပြီးမေးလိုက်သည်။

"ဒီတစ်ခါ သိချင်တဲ့နေ့ကဗျာ ... မစ်ကီမောက်(စ်) (Micky ...se) ရဲ့မွေးနေ့နဲ့ ခု လက်ရှိအသက်"

"ဟင်"

အားလုံး ကြောင်တက်တက်လေးတွေ ဖြစ်သွားကြသည်။ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com

## ( ၆ )

ကျောင်းဝင်းထဲရှိ ခရေပင်တစ်ပင်အောက်မှ ခုံတန်းလျားတွင် နောင်ရိုး အေးအေးလူလူ စာဖတ်နေချိန်မှာဖြစ်သည်။ ကျောင်းစာတော့ မဟုတ်။ တွေးခေါ်ပိုင်းဆိုင်ရာ စာအုပ်တစ်အုပ်ကို ဖတ်နေခြင်း ဖြစ်၏။

ဒီနေ့မှ ကောင်းသော်နှင့် သက်ဦးမောင်ဆိုသည့် လဒနှစ်ကောင် ကလည်း ဘယ်တွေကို သဝေထိုးနေသည်မသိချေ။ လိုက်လည်း မရှာချင် သောကြောင့် တစ်ယောက်တည်း ထိုင်ကာ စာဖတ်နေခြင်း ဖြစ်သည်။

နေရောင်ခြည် အလင်းသန့်သန့်ကာ ခရေပင်ကို ဖြတ်ထိုးကာ မြေပြင်၌ အလင်းကွက်များ ဖြစ်စေသည်။ ရော်ဝါနေသော ရွက်ကြွေခြောက် များကလည်း ဟိုတစ်ရွက်၊ ဒီတစ်ရွက်၊ နေရာအနှံ့ ကဲပြန့်လျက်၊ တစ်ချက် တစ်သုတ်တိုက်ခတ်လိုက်သော လေစီးနှင့်ပင် မျောပါနေသေးသည်။





ထိုသို့ သင့်တင့်လျောက်ပတ်သော အနေအထားတွင် နောင်ရိုး ...ငြိမ်စွာ စာဖတ်နေချိန်မှာပဲ ...

"ဒီမှာ ... နောင်ရိုးဆိုတာ ရှင်လား"

အသံကြောင့် ဆတ်ခနဲ မော်ကြည့်လိုက်စဉ်မှာပဲ ကြည်လင်ရှင်း ...ပြီး မှတ်မိနေသော မျက်နှာလေးကို မြင်လိုက်ရခြင်းဖြစ်သည်။ နောင်ရိုး ...ည့်နေချိန်မှာပဲ ရှေ့သို့ အလိုအလျောက်ရွေ့လျားရောက်ရှိလာသည့် ထို ...ောင်မလေးက ...

"မေးနေတယ်လေ၊ နောင်ရိုးဆိုတာ ရှင်လားလို့"

ထိုအခါမှ လှုပ်လှုပ်ရှားရှား ဖြစ်သွားရပြီး ...

"ဟုတ်ပါတယ်၊ နောင်ရိုးဆိုတာ ကျွန်တော်ပါပဲ၊ ထိုင်လေ"

ပြောပြောဆိုဆို ဖင်လေးအသာရွှေ့ကာ နေရာပေးလိုက်သေးသည်။ ...ပြီး၏အပြုအမူကြောင့် ခေမာ့ဒေါသက ချက်စူသလို စူထွက်သွားရပြီး

"အောင်မာ ... ဘာဖြစ်လို့ ထိုင်ရမှာလဲ"

ထိုသို့ဆိုပြန်တော့လည်း နောင်ရိုးက အလိုက်သင့်လေးပင် ...

"ပြီးရောလေ၊ ဒါဆိုလည်း ရပ်နေပေါ့"

"ဘာပြောတယ်"

ခေမာအော်လိုက်သောကြောင့် နောင်ရိုး လန့်သွားရပြီး အူတူတူပုံစံ ...

"ဗျာ ... ကျွန်တော်ပြောတာမှာ ဘာအမှားပါသွားလို့လဲဟင်"

ထိုအခါမှ ခေမာက နောင်ရိုးကို စေ့စေ့ကြည့်ကာ ...

"ရှင် အပိုတွေ ပြောမနေနဲ့၊ ဟိုတစ်ရက်က ရှင် ကျွန်မ ...ငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေကို ဖေဒင်ဟောပေးမယ်ဆိုပြီး သူတို့ရဲ့ မွေးနေ့တွေကို မလိမ့်တပတ်နဲ့ ရအောင်လုပ်သွားသေးတယ်၊ ဒါတင်မကသေးဘူး ပိုက်ဆံထောင့်ငါးရာလည်း ညာယူသွားသေးတယ်၊ ခု အဲဒီကိစ္စကို လာရှင်းတာ''

စကားအဆုံးမှာ နောင်ရိုးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း …

''ဒီမှာ … ညာတယ်ဆိုတာကလည်း အညာခံတဲ့လူရှိမှ ညာလို့ရတာဗျ။ သူတို့ဟာသူတို့ ကျေကျေနပ်နပ်နဲ့ အညာခံခဲ့တာပဲဟာကို''

''သူတို့က မသိလိုက်လို့ပါ၊ သိတဲ့ ကျွန်မကတော့ မကျေနပ်ဘူး အဲဒါကြောင့် ရှင် ညာယူသွားတဲ့ပိုက်ဆံကို ပြန်ပေးပါ''

''ဩော် … ဒါဆို ကျွန်တော့်ဆီက ထောင့်ငါးရာတောင်းတာပေါ့ … ဟုတ်လား''

''ဟုတ်တယ် … အဲဒီ ပိုက်ဆံကို လာတောင်းတာ''

ထိုစကားကိုတော့ သေသေချာချာ သတိထားပြီးမှ ခေမာ ပြောလိုက် ခြင်းဖြစ်သည်။ စကားအဆုံးမှာပဲ နောင်ရိုးက …

''လွယ်လှချည်လား ခေမာရဲ့''

နာမည်တပ်ပြောလိုက်သဖြင့် ခေမာ ရုတ်တရက် ကြောင်သွားရ သေးသည်။ သို့သော်လည်း မသိကျိုးကျွန်ပြုလိုက်ကာ …

''လွယ်တာပေါ့၊ ဘာခက်စရာရှိလို့လဲ၊ ရှင် ညာယူသွားတဲ့ ပိုက်ဆံကို ပြန်လာတောင်းတာပဲဥစ္စာ''

''အင်းပေါ့လေ၊ ပိုက်ဆံထောင့်ငါးရာဆိုတာကလည်း ခင်ဗျားအတွက် ထမင်းတစ်နပ်စားလို့ ရနိုင်တာပဲ၊ ဒါပေမဲ့ … အဲဒီပိုက်ဆံကို ကျွန်တော် ဘလိုင်းကြီး ညာယူခဲ့တာမဟုတ်ဘူးဗျ၊ သူတို့သုံးယောက်ကို မေးခွန်းတစ်ခုစီ ဖြေပေးပြီး ယူလာခဲ့တာ၊ ဒီတော့ ကျွန်တော်က ပြန်ပြီး သူတို့ကို မေးခွန်းတစ်ခုစီ မေးမယ်၊ ဖြေနိုင်ရင် ငါးရာစီ ပြန်ပေးလိုက်မယ်၊ ဟုတ်ပြီလား''

''အိုး … ဒါကတော့ တမင်ညစ်တာပဲရှင့်''

''အဲလိုထင်ရင်လည်း လာမတောင်းနဲ့ပေါ့ဗျာ၊ ထောင့်ငါးရာဆိုတာ ကျွန်တော့်အတွက်လည်း ထမင်းတစ်နပ် ရတယ်ဗျ''

''ရှင် ဘယ်လိုလူလဲ၊ ပြောရတာ လက်ပေါက်ကတ်လှချည်လား''

''ကပ်ကပ်ပဲဗျာ၊ ကျွန်တော့်စကားကိုတော့ မပြင်နိုင်ဘူး။ ခင်ဗျား တို့ဘက်က ကြိုက်သလိုလုပ်''

ခေမာက နီဖူးဖူးမျက်နှာလေးဖြင့် စူးစိုက်ကာ ကြည့်သည်။ နောင်ရိုးကိုလည်း ဘယ်လိုသတ္တဝါမျိုးလဲဟု စဉ်းစားနေပုံလည်း ရ၏။

အတန်ကြာမှ …

''ကောင်းပြီလေ၊ အဲဒီပိုက်ဆံကို သိပ်မက်လို့တော့ မဟုတ်ဘူး။ ရှင့်အကျောကို မခံချင်လို့ အဲဒီမေးခွန်းသုံးခုကို ကျွန်မ ဖြေမယ်၊ မေးတော့''

ပြတ်သားစွာဆိုလာသော ခေမာကို နောင်ရိုး အနည်းငယ် ဖြုံသွားရသည်။ ဘာလုပ်ရမည်ကို အလျင်အမြန် စဉ်းစားလိုက်ပြီး …

''အဲ … ခဏလေးဗျ၊ ခင်ဗျား ဖြေနိုင်ရင်တောင် လောလောဆယ် ပြန်ပေးဖို့ ပိုက်ဆံက ကျွန်တော့်မှာ မရှိတော့ဘူး၊ ဒီတော့ နောက်နေ့မှ မေးမယ်ဗျာ၊ ခင်ဗျား လာဖြေပေါ့''

''အောင်မာ… ကြီးကျယ်လိုက်တာ၊ မေးရမယ့်ရှင်က လာမေးပေါ့၊ ဘာလို့ ကျွန်မက လာရမှာလဲ''





www.burmeseclassic.com

www.burmeseclassic.com

"ပြီးရောလေ၊ ဒါဆိုလည်း ကျွန်တော်ပဲ လာခဲ့ပါ့မယ်"

စကားဆုံးဆုံးချင်းပဲ ခေမာက ဆတ်ခနဲ လှည့်ထွက်သွားလေသည်။ ခြေလေးငါးလှမ်းလောက်ရောက်ချိန်မှာပဲ နောင်ရိုးက . . .

"ခေမာ"

ဆတ်ခနဲ လှည့်ကြည့်လာသည်။

"ဪ . . . ကျွန်တော့်ဘက်က ထောင့်ငါးရာ အသင့်လုပ်ထား လိုက်ပါ့မယ်လို့ ပြောတာပါ"

ခေမာက အဓိပ္ပာယ်ပါသောမျက်ဝန်းဖြင့် ခပ်စူးစူးကြည့်ကာ ပြန်၍ လှည့်ထွက်သွားလေ၏။

ထိုအကြည့်ကို နောင်ရိုး တတ်သိသလောက်ဉာဏ်နှင့် ဘာသာ ပြန်ကြည့်ပါသည်။

ရလာသည့်အဖြေကလည်း ရှင်းပါသည်။ အနီးစပ်ဆုံး ဘာသာ ပြန်ရလျှင် လဲသေလိုက် . . . ဟူ၍။

■



## ( ၇ )

"အဲဒီ နောင်ရိုးဆိုတဲ့လူ မေးတာကို နင် တကယ်ဖြေမှာပေါ့ လား"

နှင်းဖြူ၏တအံ့တသြအမေးကို ခေမာက ခပ်အေးအေးပဲ . . .

"ဖြေမှာပေါ့ဟ၊ ဘာဖြစ်လို့လဲ"

"ပိုက်ဆံလေး ထောင့်ငါးရာနဲ့များဟယ်"

ခပ်ညည်းညည်း ဝင်ပြောလိုက်သော ဟေမန့်စကားကြောင့် ခေမာ တိုသွားရသည်။ ထို့ကြောင့် ချက်ချင်းပင် ကတ်ကတ်လန် ပြန်ပြော မိ၏။

"ဟဲ့ မိန်းမတွေ . . . ဒီကိစ္စဟာ နင်တို့ စထားတဲ့ ဇာတ်လမ်းနော် ပိုက်ဆံထောင့်ငါးရာဆိုတာထက် ဒင်း နင်တို့အပေါ် ကြောသွားတာကို

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

မကျေနပ်လို့ဟော့၊ နင်တို့ မဆတ်ဆော့ခဲ့ရင် ငါ ဘာမှဆက်ပြီး ပတ်သက်စရာမလိုဘူး၊ ခုတော့ အဲဒီကောင်နဲ့ မျက်နှာချင်းဆိုင်ရဦးမယ်''

ထိုသို့ကောလိုက်ပြန်တော့လည်း အားလုံး မျက်နှာငယ်လေးတွေ ဖြစ်သွားကြသည်။ နှင်းဖြူက မဝံ့မရဲပုံစံလေးဖြင့် ...

''ဒါနဲ့ ... သူမေးတာတွေကို နင် ဖြေရောဖြေနိုင်မယ်ထင်လို့လား''

''ဒါကတော့ သူမမေးခင် စကားနဲ့ ကြည့်ချုပ်ရမှာပေါ့ဟာ၊ ငါ့စိတ်ထင် သီပေါမင်း ရတနာဂီရိမှာ နတ်ရွာစံတုန်းက သရဏဂုံတင်ခဲ့လား မတင်ခဲ့ရလားဆိုတဲ့ မေးခွန်းမျိုးလောက်တော့ မေးမယ်မထင်ပါဘူး''

သုံးယောက်စလုံး ရုတ်တရက် ကြောင်သွားပြီးမှ မေသက်ဇော်က

''အဲဒီလိုမေးလာရင်ကော နင်က အဖြေသိလို့လား''

''သိပါတယ်၊ သရဏဂုံမတင်ခဲ့ရဘူးလေ''

''ဩော်''

အားလုံးငြိမ်သွားကြသည်။ ခေမာက အပြင်စာ ဖတ်သဖြင့် တချို့ကိစ္စတွေကို ပေါက်ပေါက်ရှာရှာသိတတ်သည်။ ထို့ကြောင့် သိပ်တော့ မစိုးရိမ်မိချေ။

ခုလည်း ကင်တင်းသို့အလာ လမ်းတွင် စကားပြောလာကြခြင်းဖြစ်၏။ ပြောနေရင်းပင် နှင်းဖြူက သတိရ၍ ...

''ဟဲ့ ခေမာ ... ဒါဆို နင့်လူက ဒီနေ့လာမှာပေါ့ ဟုတ်လား''

ထိုစကားကြောင့် ခေမာ့မျက်နှာက စက္ကန့်မခြား ပန်းရောင်ပြေးသွားရင်း ...

''မိန်း ... စကားပြောရင် ကြည့်ပြော၊ ဘာ ... ငါ့လူလဲ၊ နောက်





အနှောင့်အသွားမလွှတ်တဲ့စကားတွေ ထပ်မပြောပါနဲ့''

''အေးပါဟာ၊ သတိလွတ်သွားလို့ပါ၊ နင်ကလည်း စိတ်ချည်းပဲ''

''အဲဒီစိတ်ကြောင့်လည်း ငါ ခုချိန်ထိ ဒီလိုနေနိုင်တာလေ၊ နား တယ်မဟုတ်လား''

''အေးပါဆို''

ပြောရင်းဆိုရင်းပင် ကင်တင်းရှေ့ရောက်လာ၍ လှမ်းဝင်လိုက်ကြ သူမတို့ ထိုင်နေကျ စားပွဲဆီ ကြည့်လိုက်တော့ မိန့်မိန့်ကြီး အခန့် ထိုင်နေသည့် နောင်ရိုးကို တွေ့လိုက်ရလေသည်။

လေးယောက်သား တစ်ယောက်နှင့်တစ်ယောက် အရင်ကြည့်လိုက် ခေမာကပဲ ဦးဆောင်ကာ လျှောက်သွားလိုက်၏။

သူတို့ကို မြင်မြင်ချင်း နောင်ရိုးက မတ်တတ်ထပြီး ဦးညွှတ်ကာ ကိုမပြုချေ၊ ထိုင်နေရင်းကပင် တပြုံးကြီး အပြစ်တင်လိုက်သေးသည်။

''ခင်ဗျားတို့ကလည်း နောက်ကျလိုက်တာဗျာ၊ ဒီမှာ ပိုက်ဆံပေး လူက ပြန်စောင့်နေရတယ်''

စပြောလာကတည်းက နောင်ရိုးက ထောင့်မကျိုးချေ။ ခေမာက နှစ်နှစ် မျက်စောင်းထိုးလိုက်ပြီးမှ ပီယဝါစာ ချစ်ဖွယ်သောစကားကို ဆိုလိုက်သည်။

''ဒါကတော့ ရှင့်ကသာ အားအားယားယား လာစောင့်နေတာ ဘယ်အချိန်လို့ ရှင့်ကို တိတိကျကျ ပြောခဲ့တာမှမဟုတ်တာ''

''ထားပါတော့၊ ဒါနဲ့ ခင်ဗျား အဆင်သင့်ဖြစ်ပြီလား''

''ရှင့်''


www.burmeseclassic.com

www.burmeseclassic.com

"ဩော် . . . ငါးရာတန် မေးခွန်းဖြေဖို့ အဆင်သင့်ဖြစ်ပြီလားလို့ မေးတာပါ"

နောင်ရိုးစကားကြောင့် ခေမာက ဝင့်ခနဲပြုံးကာ ဝင်ထိုင်လိုက်ရင်း . . .

"ခုနက ရှင့်စကားအတိုင်းပဲနော်၊ ငါးရာတန်မေးခွန်းကို ငါးရာတန်လောက်ပဲမေး၊ နှစ်သောင်းတန်လောက်တော့ လာမမေးနဲ့"

"ဟုတ်ပါပြီဗျာ၊ ဒါနဲ့ တစ်ခုခုအရင်စားဦးလေ"

မဆီမဆိုင် ဘလိုင်းကြီး လောကွတ်ချော်လိုက်ခြင်း ဖြစ်သည်။ ခေမာက ခပ်တည်တည်ပဲ . . .

"စားမှာပါ၊ ရှင် လောကွတ်လုပ်စရာ မလိုပါဘူး။ ကိုယ့်ပိုက်ဆံနဲ့ကိုယ် စားနိုင်တယ်"

"သိပါတယ်ဗျာ၊ ခင်ဗျားတို့ပုံစံက စားနိုင်သောက်နိုင်တဲ့ လူချမ်းသာတွေမှန်း သိသာပါတယ်"

"အင်း . . . ရှင့်ပုံစံကတော့ မစားနိုင်မသောက်နိုင်ဘဲ ဝေါ်ပြတ်ပြီး သေတော့မယ့်ပုံပဲ"

"အင်"

နောင်ရိုး နင်သွားရသည်။ တစ်ခုခုပြန်ပြောရန် ပြင်လိုက်စဉ်မှာပဲ ခေမာက . . .

"ကဲပါ . . . လေကြောရှည်မနေနဲ့ မေးစရာရှိတာကိုပဲ မေးတော့"

ခေမာ့အပြောကြောင့် နောင်ရိုးက မျက်ခုံးပင့်လိုက်ရင်း . . .

"ဒါဆိုလည်း စပြီနော်၊ ကျွန်တော်က ခင်ဗျားတို့မွေးနေ့တွေကို





ပဲတော့ . . . နေ့တွေပဲ ပြန်မေးပါ့မယ်၊ ပထမမေးခွန်းက နိုင်ငံတကာ ...ရာနေ့ဟာ ဘယ်နေ့လဲ"

မေးခွန်းဆုံးဆုံးချင်းမှာပဲ ခေမာက စက္ကန့်မခြား . . .

"ဒါလေးများ . . . နှစ်စဉ် ဇူလိုင်လ (၁) ရက်နေ့၊ ပေး ငါးရာ"

နောင်ရိုး အီလည်လည်နှင့် ထုတ်ပေးလိုက်ရသည်။ ပြီး . . .

"နောက်နေ့တစ်နေ့က ဗျာ . . . အပြည်ပြည်ဆိုင်ရာ သည်းခံခြင်း...နေ့ အဲဒါကို သိချင်တယ်"

ဒီတစ်ခါလည်း ခေမာက ဝင့်ဝင့်စားစား ပြုံးရင်း . . .

"အဲဒါကတော့ နိုဝင်ဘာလ (၁၆) ရက်နေ့ပါရှင်၊ ထပ်ပေး ငါးရာ"

တစ်ထောင် ပြန်ထွက်သွားလေပြီ။ ခေမာကိုကြည့်ကာ ခပ်ညည်း...း ပြောလိုက်သေး၏။

"ခင်ဗျားက သိလှချည်လားဗျ"

ခေမာ ပြန်ပြောလာသောစကားကလည်း ရှင်းရှင်းလေး။ နှင်...ပျှင် သက်သောင့်သက်သာ ထပ်နင်ပစ်လိုက်ဖို့ပင် ကောင်းလှသည်။ ...ပုံကိုပဲ ကြည့် . . .။

"စဉ်းစားလေ၊ ကလေးမှ မဟုတ်တာ"

နောက်ဆုံးမေးခွန်းကိုတော့ နောင်ရိုး သတိထားပြီးမေးလိုက်သည်။

"ဒီတစ်ခါ သိချင်တဲ့နေ့ကဗျာ . . . မစ်ကီမောက်(စ်) (Micky ...se) ရဲ့မွေးနေ့နဲ့ ခု လက်ရှိအသက်"

"ဟင်"

အားလုံး ကြောင်တက်တက်လေးတွေ ဖြစ်သွားကြသည်။ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com

သည်လေ။ မစ်ကီမောက်(စ်)ဆိုသည်က ကာတွန်းဇာတ်လိုက်ပဲ မဟုတ်လား။ မေးခွန်းကြောင့် ခေမာ တုံ့ဆိုင်းဆိုင်းဖြစ်သွားပုံကိုကြည့်ကာ နောင်ရိုးက ဟက်ခနဲ ရယ်လိုက်၏။ သူ့စကားအတိုင်းပဲ ပြန်ပြောလိုက်သေးသည်။

"စဉ်းစားလေ၊ ကလေးမှ မဟုတ်တာ"

နောင်ရိုးအပြောကြောင့် ခေမာက မျက်ခုံးအတွန့်ချိုးလိုက်ကာ–

"ရှင် မလျောင်ပါနဲ့၊ ဒီမှာ စဉ်းစားနေတယ်"

ဘေးမှ နှင်းဖြူက တီးတိုးပြောလာသည်။

"ခေမာ ...မစ်ကီမောက်(စ်)က ကာ ...ကာတွန်းပဲဥစ္စာ ဘယ်လို"

"ငါသိပါတယ်၊ ဒါပေမဲ့ ဒီမေးခွန်းမှာက အဖြေရှိတယ်ဟ"

စဉ်းစားနေရင်းပင် ခေမာ့မျက်နှာက လက်ခနဲ ဖြစ်သွားပြီး အိတ်ထဲမှ စာအုပ်ကိုထုတ်ကာ ဂဏန်းတချို့ တွက်လိုက်သေးသည်။ ပြီးမှ ဝင့်ကြွားသော မျက်နှာပေးလေးဖြင့် ...

"မစ်ကီမောက်(စ်) ဆိုတဲ့ ကာတွန်းဇာတ်လိုက်ကို ဝေါ့ဒစ်စနေ (Walth Disny) က (၁၉၂၈)၊ နိုဝင်ဘာ (၁၈) နေ့မှာ စတင် မိတ်ဆက်ခဲ့တာ ဒီတော့ (၁၉၂၈) နိုဝင်ဘာ (၁၈) ဟာ သူ့မွေးနေ့ ခု (၂၀၁၂) ရှိပြီဆိုတော့ သူ့ လက်ရှိ အသက်ဟာ (၈၄) ပေါ့၊ ရှင်းပါတယ်နော်"

"ကျွမ်းလှချည်လား"

အံ့ဩစိတ်ဖြင့် နောင်ရိုးက ချီးမွမ်းလိုက်ခြင်းဖြစ်သည်။ ထုံးစံအတိုင်း ခေမာ ပြန်ပြောလာသောစကားက အချိုးမကျချေ။

"စဉ်းစားလေ၊ ကလေးမှ မဟုတ်တာ"





ဒီတစ်ခါတော့ ကျန်ငွေငါးရာကို မတောင်းဘဲ ထုတ်ပေးလိုက်ပါသည်။ ပိုက်ဆံကို ဆတ်ခနဲ ဆွဲယူလိုက်ရင်း ခေမာက မထီတရီဟန်လေးနှင့် ...

"ကျွန်မက တော်တော်ခက်မယ့်မေးခွန်း မေးမယ်လို့ ထင်ထားတာ ရှင့်မေးခွန်းတွေက ကလေးသာသာပါပဲ၊ နောက်တစ်ခုလောက် မေးချင်သေးမေးကြည့်လေ၊ အပို ဖြေပေးမယ်"

ခေမာ၏ ကိုယ့်ကိုယ့်ကိုယ် ယုံကြည်မှုရှိသော မျက်နှာပေးနှင့် အပြောကြောင့် နောင်ရိုးစိတ်ထဲမှာ ကျလိကျလိဖြစ်သွားရပြီး ...

"ခင်ဗျားက မေးဆိုလို့ မေးတာနော်"

"ဟုတ်ပါပြီ၊ မေးမှာသာ မေးစမ်းပါ"

ခင်ဗျား အပျိုအစစ်လားဟု နောင်ရိုးက မမေးလိုက်ချေ။ ထိုမေးခွန်းက မိုးစက်ဝိုင်ရေးသားသည့် 'အပျိုစင်' ဝတ္ထုထဲမှာ မင်းသားဝေလက မင်းသမီး သံလွင်ကို မေးခဲ့ခြင်းသာ ဖြစ်သည်။ (ဤကား–ကြော်ငြာ)

နောင်ရိုးကတော့ သူ့အိတ်ထဲမှ ဗလာစာအုပ်ထုတ်ကာ စာရွက်တစ်ရွက်ဖြဲလိုက်ပြီး ဇယားကွက်တစ်ကွက် အရင်ဆွဲလိုက်ပါသည်။ ထိုဇယားကွက်ထဲမှာလည်း အမှတ်အသားတစ်ခုကို ထည့်လိုက်၏။ ပြီး ခေမာရှေ့သို့ တိုးပေးလိုက်ကာ ...

"ဒီဇယားကွက်ရဲ့အလယ်မှာ သင်္ကေတလေးတစ်ခု ရှိတယ်၊ အဲဒါ ဘာကိုဆိုလိုတာလဲ ... ဒုက်ဆံစကားပြောတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ"

ရှေ့ရောက်လာသောစာရွက်ကို ခေမာ အပါအဝင် အားလုံးကြည့်လိုက်မိသည်။


www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | | |
| | :-$ | |
| | | |

"အဲဒီဇယားကွက်ကို ကျွန်တော်က (Love) လို့ ခေါင်းစဉ်တပ်ပြီး သင်္ကေတအချို့ ထပ်ဖြည့်လိုက်မယ်ဗျာ၊ ခုလိုပေါ့"

နောင်ရိုးက စာရွက်ပြန်ဆွဲယူကာ သင်္ကေတအချို့ ထပ်ဖြည့်လိုက်သည်။ ပြီး ပြန်ပေးလာသဖြင့် ခေမာတို့လည်း ထပ်ကြည့်လိုက်ကြ၏။

**Love**

| | | |
|---|---|---|
| | =-o | |
| B-) | :-$ | :-) |
| | :-* | |

ထိုဇယားကွက်ကိုကြည့်ကာ ခေမာက မျက်နှာလေးကို မဲ့ပစ်လိုက်သည်။ ဘေးမှ နှင်းဖြူတို့ကတော့ ဘာမှနားမလည်သလို အကြောင်သား





ကျော်ဝန်းတွေနှင့်။

နောင်ရိုးက ...

"ဖြည့်သင့်သလောက်တော့ ကျွန်တော် ဖြည့်ထားပြီးပြီ သိချင်တာဗျာ အဲဒီ (Love) ဆိုတဲ့ ခေါင်းစဉ်အောက်က လိုနေတဲ့ ကွက်လပ်တွေထဲမှာ ဘာထပ်ဖြည့်လို့ ရနိုင်လဲလို့ မေးချင်တာ"

"အဲဒါ ... ရှင့်မေးခွန်းပေါ့"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ... ခု တစ်ထိုင်တည်း ဖြေစရာမလိုပါဘူး။ နောက်နေ့မှ ကျွန်တော် လာယူပါ့မယ်၊ ခင်ဗျား ဖြေနိုင်ပါ့မလား"

ပြောရင်း ထရပ်လိုက်စဉ်မှာပဲ ခေမာက သူ့မျက်နှာကို လှလှပပကြီး မဲ့လိုက်ရင်း သုံးနေကျစကားကိုပဲ ပြန်ပြောလိုက်သေးသည်။

"စဉ်းစားလေ ... ကလေးမှ မဟုတ်တာ"

တဲ့။ နောင်ရိုး ခပ်နင်နင်နှင့် လှည့်ထွက်လာခဲ့ရလေသည်။ စိတ်ထဲမှာတော့ ကြည်နူးကျေနပ်မှုအချို့နှင့်ပေါ့။

အချစ်ဆိုသည့် ဘာသာရပ်ကို ခေမာ ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုမလဲ ဆိုတာ သူ တကယ်ပဲ သိချင်နေသည်လေ။

■



www.burmeseclassic.com

www.burmeseclassic.com

## ( ၇ )

နောင်ရိုးမြင်ကွင်းထဲမှ ပျောက်ကွယ်သွားချိန်အထိ သူမတို့လေး ယောက် ကြည့်နေမိကြသေးသည်။ လမ်းလျှောက်ပုံကပင် ဆောင့်ကြွားကြွား နိုင်လှ၏။ မြင်ကွင်းထဲမှ လုံးလုံးပျောက်ကွယ်သွားတော့မှ ဒင်းထားခဲ့သော စာရွက်ကို နှင်းဖြူက ဖိုးဖိုးဆတ်ဆတ် ဆွဲယူကြည့်လိုက်ရင်း မျက်မှောင် ကြုတ်၍ . . .

"ခေမာ . . . ဒါတွေက ဘာတွေလဲဟ၊ မေးခွန်းဆိုပြီး ဘာတွေ ရေးပေးသွားတာလဲ"

"မြင်တဲ့အတိုင်းပဲလေ"

ပြန်ဖြေလိုက်သော ခေမာ့စကားကြောင့် နှင်းဖြူပင်မကဘဲ အားလုံး ကျွဲမြီးတိုသွားကြသည်။

ထို့ကြောင့် . . .





"မြင်တာတော့ မြင်တာပေါ့ဟဲ့၊ အဓိပ္ပာယ်ကို နားမလည်လို့ နင့် ကို မေးနေတာပေါ့"

ဟောမန့်စကားအဆုံးမှာ လေပူကြီးကို အရင်မှုတ်ထုတ်လိုက်ရသည်။ မသိနားမလည်၊ အသိခေါက်ခက် အဝင်နက်သော ဒင်းတို့ကို ရှင်းပြရဦး မည်လေ။ ထို့ကြောင့် လွယ်အိတ်ထဲမှ သူ့ကိုယ်ပိုင် ရေသန့်ဗူးလေးအား ထုတ်ကာ ရေတစ်ငုံ သောက်လိုက်ပြီးမှ . . .

"ဒီလိုဟာ . . . ဒီသင်္ကေတလေးတွေက (Insert Smiley) ဆိုတဲ့ သင်္ကေတလေးတွေပါ၊ သူ့အဓိပ္ပာယ်နဲ့သူလည်း ရှိတယ်၊ ခု ဒီမှာ နောင်ရိုး ရေးပေးသွားတဲ့ သင်္ကေတတွေကို ကြည့်လိုက်"

ဖယားကွက်ကို ပြန်ကြည့်ရပြန်သည်။

ခေမာက . . .

"သူက ဒီဇယားကွက်ကို (Love) လို့ ခေါင်းစဉ်တပ်ပြီး သင်္ကေတ အချို့ ထပ်ဖြည့်သွားတယ်၊ ပထမအလယ်မှာ တစ်ခုတည်းရှိခဲ့တဲ့ (:-S) ဒီသင်္ကေတက ပိုက်ဆံစကားပြောတယ်ဆိုတဲ့ သင်္ကေလေ၊ ဆိုလိုချင်တာက အချစ်ဆိုတဲ့အရာဟာ ပိုက်ဆံနဲ့လည်း ပတ်သက်နေတယ်ဆိုတဲ့သဘောပဲ၊ သူ ထပ်ဖြည့်ထားတဲ့ သင်္ကေတတွေကိုကြည့်ရင် ပိုက်ဆံနဲ့ အချစ်ပေါင်း ပြီး (=.o) လို့ အံ့သြရမယ်၊ (:-)) ဆိုတဲ့ သင်္ကေတအတိုင်း ပျော်ရွှင်ရမယ်၊ (B-)) ဆိုတဲ့ သင်္ကေတကတော့ အေးမြတာ၊ နောက်ဆုံး (:-*) ဒီဟာက တော့ နမ်းတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ၊ ပြောချင်တာကတော့ ပိုက်ဆံရှိရင် အချစ်ဟာ ပျော်ရွှင်ပြည့်စုံရမယ်ဆိုတဲ့ သဘောပဲ၊ သူ ဖြည့်ခဲ့တာကိုပဲ ကြည့်လေ အပေါင်းလက္ခဏာလေးအတိုင်း မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပါသည်။ နောင်ရိုးက ဖယားကွက်ထဲမှာ အပေါင်းလက္ခဏာပုံစံအတိုင်း ဖြည့်သွားခြင်း ဖြစ်၏။

ခေါင်းတဆတ်ဆတ်ညိတ်ရင်း မေသက်ဇော်က ခေမာကိုကြည့်ကာ . . .

"ဒါဆို . . . နင်က ဘာတွေဆက်ဖြည့်ရမှာလဲ"

မဲ့ပြုံးလေး ပြုံးလိုက်ရင်း ခေမာက . . .


"ငါကတော့ ဒင်းနဲ့ အမြင်ချင်းကွာတယ်ဟ၊ သူက အချစ်ဆိုတာကို ငါ ဘယ်လိုခံယူထားလဲဆိုပြီး သွယ်ဝိုက်တဲ့နည်းနဲ့ မေးသွားတာ၊ ဒီတော့ ငါကလည်း ငါမြင်သလိုပဲ ဖြေပေးရမှာပေါ့၊ ငါ ဖြည့်ရမယ့် ဖယားကွက်တွေကိုကြည့်ရင်တောင် ကြက်ခြေခတ်ပုံစံဖြစ်နေတာဆိုတော့"

ပြောပြောဆိုဆိုပင် ခေမာက ဖယားကွက်ထဲ၌ သင်္ကေတအချို့ ထပ်ဖြည့်လိုက်သည်။ ကျန်သည့်လူတွေကတော့ နဂိုကတည်းက နားမလည်သဖြင့် ခေမာ ထပ်ဖြည့်လိုက်သော သင်္ကေတတွေကိုလည်း ဘာအဓိပ္ပာယ်မှန်း မသိကြချေ။

သို့သော် နားလည်ချင်ယောင်ဆောင်ကာ ယူကြည့်လိုက်ကြသေးသည်။





| | | |
|---|---|---|
| o–O | =–o | :–\ |
| B–) | :–$ | :–) |
|  | :–* | :–( |

မျက်စိပါ၍သာ ကြည့်လိုက်ကြသည်။ တကယ်လည်း နားကန်းနားလည်သဖြင့် မေးရတော့၏။

"ကဲ ခေမာ . . . နင်ဖြည့်ထားတာတွေကိုလည်း တစ်ခါတည်း ရှင်းပြဦး"

ခေမာက စိတ်ရှုပ်ဟန်လေးဖြင့် . . .

"သိပါတယ်၊ ရှင်းပြရဦးမယ်ဆိုတာ၊ ဒီလိုဟေ့ . . . ငါ့အဖြေကတော့ အချစ်ဆိုတာ ပိုက်ဆံနဲ့ပတ်သက်လာရင် (o–O) ဒီသင်္ကေတအတိုင်း ရှုပ်ထွေးလာမယ်၊ (:–\) ဒီသင်္ကေတလိုပဲ မသေချာဘူး၊ ( ) ဒါကတော့ စိတ်ဓာတ်ကျစရာပေါ့၊ (:–( ) ဒီသင်္ကေတကတော့ နောက်ဆုံး ဝမ်းနည်းရမယ်ပေါ့ဟာ"

"ဟင် . . . နင့်အဖြေကလည်း ဟိုတစ်ယောက်နဲ့ ဆန့်ကျင်ဘက်တွေချည်းပါလား"

"ဩော် . . . ငါ့အမြင်ကို ငါ ရေးပါတယ်ဆိုမှပဲဟာ၊ ဘာပဲပြောပြော၊ ဒီဖယားကွက်ထဲက သင်္ကေတတွေအားလုံးဟာ အချစ်ဆိုတဲ့ ခေါင်းစဥ်အောက်မှာ အကုန်ရှိနိုင်တာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးတော့ အားလုံးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ကြရင်း ...

"အေးဟ ... နင်ဖြည့်လိုက်တော့မှ ပိုပြည့်စုံသွားသလိုပဲ၊ အချစ်ဆိုတာက အမြဲပျော်ရွှင်နေရတာမှမဟုတ်တာ၊ ဆန့်ကျင်ဘက် ခံစားချက်တွေလည်း ဖြစ်ပေါ်စေနိုင်တာပဲလေ၊ ဒီလိုဆိုတော့လည်း နင်က တော်သားပဲဟ၊ ဘယ်လိုများ လေ့လာထားတာလဲ"

ထိုစကားကြောင့် ခေမာက မျက်ခုံးလေး ပင့်လိုက်ရင်း ...

"စဉ်းစားလေ ... ကလေးမှမဟုတ်တာ"

"အာ"

ရယ်ကြရသေးသည်။ အရယ်ရပ်တော့မှ ခေမာက မျက်နှာတည်လိုက်ပြီး ...

"ဒါတွေက ငါ ဟိုတစ်ယောက်မေးလို့ ဖြေလိုက်တာနော်၊ အဲဒီအချစ်ဆိုတဲ့ ခေါင်းစဉ်အောက်မှာတော့ ခေါင်းနှစ်လိုက်ဖို့ နင်တို့ စဉ်းစားမနေနဲ့၊ ငါနဲ့ တွေ့သွားမယ်"

"အေးပါဟာ၊ နင့်စကားကို ငါတို့ ဘယ်တုန်းက ပယ်ရှားဖူးလို့လဲ၊ အမြဲ နားထောင်နေတာပဲဟာကို"

နှင်းဖြူစကားအဆုံးမှာ အားလုံးလည်း ပခုံးကိုယ်စီ တွန့်လိုက်ကြသည်။

ဒါတောင် မငုံ့မရဲကြည့်ရင်း မေသက်ဇော်က မေးလာသေး၏။

"ဒါနဲ့ ... အဲဒီ နောင်ရိုးဆိုတဲ့လူကို နင် ဘယ်လိုမြင်လဲဟင် ခေမာ"





ထိုမေးခွန်းကြောင့် ခေမာတစ်ယောက် မျက်မှောင်ကြုတ်လေးကြုတ်သွားရသည်။ အတန်ကြာ စဉ်းစားလိုက်ပြီးမှ ...

"ဘယ်လိုမြင်လဲဆိုတော့ သာမန်ထက် နည်းနည်းထူးခြားတဲ့ ...တစ်ယောက်လို့ပဲ မြင်ပါတယ်၊ သူ့အားသာချက်ကတော့ မသိမကျွမ်းတဲ့ ...တစ်ယောက်ကတော့ အားကိုးချင်စိတ် ဖြစ်သွားစေနိုင်တဲ့ သူ့မျက်လုံးပဲ၊ ...မျက်လုံးက စူးရှပြီး အားကောင်းတယ်"

"ဟုတ်မှာပါ၊ အဲဒါကြောင့် သူ မျက်မှန်မတပ်တာနေမှာပေါ့"

တွေးတွေးဆဆ ထင်မြင်ချက်ပေးလာသည့် ဟေမန်စကားကတော့ အတော်အတွေးအခေါ်ရှိသည့် စကားဟုပင် ဆိုရပေမည်။ ခေမာ...ယောက် စကားဆက်ပြောချင်စိတ်ပင် ကုန်ခမ်းသွားရ၏။

သို့သော် နှင်းဖြူက ဆက်မေးလာသေး၏။

"နင်က အဲဒီလောက်ပဲ မြင်တာလား၊ ဟိုလေ သူ့အပေါ် ခင်မင်...စိတ်ကလေးများ မဖြစ်မိဘူးလား"

"အောင်မာ ... ဘာလို့ဖြစ်ရမှာလဲ၊ နင်တို့လည်း သတိထားနော်၊ ...လူကို သိပ်အရောမဝင်မိစေနဲ့"

"အေးပါ"

အင်တင်တင်နှင့် ခေါင်းညိတ်လိုက်ရပြန်သည်။ ထိုအချိန်မှာပဲ ...က သူ့ဖယားကွက်ဖြည့်ထားသည့် စာရွက်လေးကို ခေါက်ကာ လှမ်း...ရင်း ...

"ရော့ ... ဒီစာရွက်ကိုသာ နောက်နေ့ ဟိုတစ်ယောက်လာရင် ...လိုက်"



www.burmeseclassic.com

www.burmeseclassic.com

''ဟင် ... နင်က မနက်ဖြန် ကျောင်းမတက်ဘူးလား''

စကားအဆုံးမှာ ခေမာ့မျက်နှာလေးက မသိမသာ ညှိုးသွားပြီး–

''ဟော့အေး ... ထုံးစံအတိုင်း ငါ တစ်ပတ်လောက် ခွင့်ယူရဦးမယ်၊ ခတောင် ခွင့်သွားတိုင်ပြီးရင် ငါ ပြန်တော့မလို့၊ ဖတ်စရာစာအုပ်တွေလည်း ဝင်ဝယ်ရဦးမယ်လေ၊ အဲ ... တစ်ခုတော့ မှာထားမယ်နော်၊ ငါ ကျောင်းမတက်ဘူးဆိုပြီး နင်တို့ ထင်တိုင်းကြဲမနေနဲ့''

''စိတ်ချပါ ခေမာရယ်၊ ဘယ်သူတွေကပဲပြောပြော နင့်စကားကို ငါတို့ ဘယ်တုန်းက ဖယ်ရှားဖူးလို့လဲ၊ ဒါနဲ့ ... ငါတို့ နင့်ဆီကို လာခဲ့ရဦးမလား''

ခေါင်းအသာခါလိုက်ရင်း ခေမာက ...

''မလာပါနဲ့၊ လာလို့ရော ဘာထူးမှာလဲ၊ နင်တို့ပဲ ကျောင်းပျက်တယ်''

အားလုံးပဲ သက်ပြင်းကိုယ်စီချမိကြသည်။ လေးလံသောအရာ တစ်ခု ခေါင်းထဲသို့ ဝင်ရောက်လာသလိုလည်း ခံစားလိုက်ရ၏။

ထိုအချိန်မှာပဲ ခေမာက အားလုံးကိုပြုံးပြကာ ထရပ်လိုက်ရင်း ...

''ကဲ ... ငါ သွားပြီ၊ နောက်တစ်ပတ်ကျမှ ပြန်ဆုံမယ်''

ခေါင်းကိုယ်စီပဲ ညိတ်ပြလိုက်ကြသည်။ ခေမာ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည့်တိုင် သူတို့အချင်းချင်း စကားမဆိုမိကြသေး။

ထိုစဉ် ... လေစီးတစ်ချက်က သူတို့ကို ပွတ်သီးပွတ်သပ်လုပ်ကာ ဝေ့ခနဲ တိုက်ခတ်သွား၏။ အမျိုးအမည်မဖော်ပြတတ်သော ခံစားချက်ကိုယ်စီ





ဖြင့် ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်မိကြသည်။

မြင်ကွင်းထဲမှာတော့ လေစီးကြောင့် ဝဲကြွေလွင့်သွားသည့် မနေ့က စိမ်းခဲ့သော သစ်ရွက်တွေကိုပဲ မြင်လိုက်ရလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

ပြန်မရနိုင်တဲ့ အတိတ်တွေထဲမှာ
ဘာမျှော်လင့်စရာမှ မရှိခဲ့ပါဘူး။
လင်းစရာရှိတာလေးတွေကို လင်းဝေလို့
ရထားတဲ့ ကိုယ်ပိုင်နံပါတ်ပေါ်မှာပဲ
နှုတ်ဆက်တေးသွား ဆိုနေရုံလေးပါ။
နတ်သမီးပုံပြင်တို့
အိပ်မက်ဖက်ယံဆိုရင်တောင်မှ
အိပ်မပျော်တဲ့လူတစ်ယောက်အဖို့
လပြည့်ဝန်းဘိုပဲ ဆက်ပေးနေရုံပေါ့။
ငါ့အတွက်
မရှိခြင်းနဲ့ ပြည့်စုံခဲ့သလို
နေ့ရာသီတာလည်း စောရောက်လာခဲ့တယ်။ ။



## (၉)

ခေမာ အသေအချာမှာခဲ့သော်လည်း တကယ်တမ်းကျတော့ ောင်ရိုးကို လက်ခံစကား ပြောဖြစ်ရုံသာမက အဖွဲ့ပါ ကျသွားသေးသည်။ ကြည့်လျှင် သူမတို့သုံးယောက်ကိုလည်း အပြစ်တော့ မဆိုသာချေ။ ောင်ရိုးဆိုသည့်ကောင်ကလည်း စကားကို နည်းမျိုးစုံနှင့် ကလိမ်စေ့ငြမ်း င်ကာ လှည့်ပတ်ပြောတတ်သည်ကိုး။

ထိုနေ့က ...။ တိတိကျကျပြောရလျှင် ခေမာ စပြီး ကျောင်း က်ဖြစ်သောနေ့က သူမတို့ထိုင်နေကျကင်တင်းသို့ နောင်ရိုး ရောက်ချလာ ည်။

ထိုအချိန်သည် ကင်တင်းအလယ်မှာ ထိုင်နေသည့် သူမတို့အား း‌အနားမှ သကောင့်သားများက မျက်လုံးပေါင်းများစွာဖြင့် ပိုးပန်းနေ

www.burmeseclassic.com

သောအချိန်။ ထပ်ပြောရလျှင် သူမတို့သုံးယောက်စလုံးပဲများ ပြုနေသော ကာလလည်း ဖြစ်၏။

ထိုသို့သောအချိန်သမယမှာပဲ သူမတို့နှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်သည့် နောင်ရိုး၏ပီဘိတည်ကြည်စပ်ဖြဲသော မျက်ခွက်ကြီးကို ဘွားခနဲ မြင်လိုက်ရပြီး . . .

"ခင်ဗျားတို့သုံးယောက်တည်းလားဗျ။ ဟိုတစ်ယောက်ကော"

ရင်းရင်းနှီးနှီး မေးချလိုက်သောစကားသံကြောင့် သုံးယောက်စလုံး ကြောင်အမ်းသွားကြသည်။ တစ်ယောက်နှင့်တစ်ယောက်လည်း ကြည့်မိ လိုက်ကြသေး၏။ ပြီးမှ နှင်းဖြူက အရင်ခပ်တည်တည်ဟန်လေးဖြင့် . . .

"ဘယ်တစ်ယောက်ကို ဘာကိစ္စနဲ့ မေးနေတာလဲ"

"ဟာဗျာ . . . ခင်ဗျားတို့ကလည်း သိရဲ့သားနဲ့ မေးနေပြန်ပြီ ဘယ်တစ်ယောက်ဖြစ်ရမှာလဲ၊ ခင်ဗျားတို့ရဲ့ သူငယ်ချင်း မခမာပေါ့"

"ဟုတ်ပါပြီ၊ ဘာကိစ္စနဲ့ တွေ့ချင်နေရတာလဲလို့ မေးတာ"

"ဩော် . . . ခက်တော့တာပဲဗျာ၊ သူနဲ့ကျွန်တော်ရဲ့ကြားမှာ မပြီး ပြတ်သေးတဲ့ ကိစ္စတစ်ခုရှိသေးတယ်လေ၊ အဲဒါ . . ."

ထိုအခါမှ ဟေမန်က အိတ်ထဲမှ စာရွက်ခေါက်လေးတစ်ခု ထုတ်ပေးလိုက်ရင်း . . .

"သိပါတယ်၊ ဒါကို လာယူတာမဟုတ်လား . . . ရော့"

နောင်ရိုးက စာရွက်ခေါက်ကလေးကို ဖြည်ဖွင့်ကြည့်လိုက်သည်။ ခမာဖြည့်ထားသည့် ဇယားကွက်ထဲမှ သင်္ကေတလေးတွေကို မြင်လိုက် ရချင်း မျက်ခုံးပင့်လိုက်ကာ . . .





"ဩော် . . . ခင်ဗျားတို့ သူငယ်ချင်းက အချစ်ဆိုတာကို အယုံ ကြည်မရှိဘဲ အဆိုးမြင်နေတာကိုး၊ သူ့အယူအဆကို ခင်ဗျားတို့ကော က်ခံလား"

မထင်မှတ်ထားသော အမေးကြောင့် အားလုံး ငုတ်တုတ်မေ့သွား ကြသေးသည်။ ပြီးမှ သုံးယောက်စလုံး၏ကိုယ်စား နှင်းဖြူကပဲ ဖြေလိုက် သည်

"လက်ခံတယ်၊ လက်မခံဘူးဆိုတာထက် ခမာ့သဘောထားနဲ့ ယူအဆဟာ ကျွန်မတို့ရဲ့သဘောထားနဲ့ အယူအဆပဲ၊ ရှင်းပါတယ်နော်"

"ရှင်းပါတယ်ဗျာ၊ ခင်ဗျားတို့ သူငယ်ချင်းတွေက တစ်ယောက်နဲ့ စ်ယောက် တော်တော်ချစ်ကြတာကိုး"

ထိုစကားကိုတော့ သတိကြီးစွာထားပြီး ရယ်ဟဟနှင့်ပြောလိုက် ခြင်းဖြစ်သည်။ သူမတို့အပေါ် ခမာက လွှမ်းမိုးနေသည်ဆိုသောအမြင်မျိုး ဖြစ်သွားစေရန်ဖြစ်၏။ ဘာပဲဖြစ်ဖြစ် နောင်ရိုးအပြောကိုတော့ သုံးယောက် လုံး ကျေနပ်သွားကြသည်မှာလည်း အမှန်ပင်။

"ဒါနဲ့ . . . ခမာတစ်ယောက်ကောဗျ၊ သူ ကျောင်းမလာဘူးလား"

အမေးကြောင့် ဆတ်ခနဲ ဖြစ်သွားရပြီးမှ မေသက်ဇော်က . . .

"မလာဘူး၊ သူ ခွင့်တစ်ပတ်ယူပြီး ခရီးထွက်သွားတယ်"

ဩော်ဟု . . . ခပ်တိုးတိုး ညည်းလိုက်ပြီးမှ နောင်ရိုးကပဲ . . .

"ဒီလိုလား၊ အမှန်အတိုင်း ပြောရရင် ကျွန်တော်က သူနဲ့တွေ့ ပြီး တောင်းပန်စကားလေး ပြောချင်နေတာဗျ"

"ဘယ်လို . . . တောင်းပန်စကား . . . ဟုတ်လား၊ ဘာကိစ္စကြောင့်က



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်မှာလဲ''

အမေးကိုမဖြေသေးဘဲ ပေါ့ပေါ့ပါးပါးအမူအရာနှင့်ပင် ...

''ပြောမှာပေါ့၊ ဩော် ... ခင်ဗျားတို့လည်း စားစရာတွေ ဘာ

မှာကြဦးလေ၊ ထိုင်နေတာ ကြာပြီ၊ ဘာမှမမှာတော့ဘူးလား''

ပြောရင်းပင် နောင်ရိုးက ကြက်ထမင်းကြော်တစ်ပွဲ ဆီခြော

ခြောက်နဲ့ဟု လှမ်းမှာလိုက်၏။ နောင်ရိုးအပြုအမူကြောင့် ဟေမန်က မျ

မှောင်ကြုတ်လိုက်ရင်း ...

''ဒါနဲ့ ... ရှင်က ဒီမှာထိုင်စားမလို့လား''

''စားမယ်လေ၊ ခင်ဗျားတို့လည်း ကိုယ့်ဘာသာ မှာစားပေါ့''

''တစ်ဝိုင်းတည်းမှာ ... ဟုတ်လား''

''အာ ... ဘာဖြစ်လို့လဲ၊ ကျွန်တော်က မရှုံ့တတ်ပါဘူးဗျ၊ ပြီး

တော့ ဝမ်းချင်းဆုံတာမှ မဟုတ်တာ''

ထိုစကားကြောင့် သုံးယောက်သား ဘာမှမစားရသေးဘဲ နှင်

သေးတော့၏။ သို့သော်လည်း မသိကျိုးကျွန်ပြုကာ စားစရာတွေ မှာလိုက်

ကြသည်။ နောင်ရိုးက ကျေနပ်သွားသောအသွင်ဖြင့် ...

''ကျွန်တော် သိပါတယ်ဗျာ၊ ခါတိုင်းဆိုရင် ခင်ဗျားတို့ သူငယ်

ချင်းလေးယောက်တည်း အတူတူစားတာမဟုတ်လား။ ခုလည်း ခရီးသွားတဲ့

ခေမာ့နေရာမှာ ကျွန်တော်က အစားထိုင်ပေးတယ်လို့ သဘောထားကြပေါ့

ဗျာ''

မျက်စောင်းသုံးခုက မြားသုံးစင်းလို့ ညီညီညာညာ ရောက်လာ

ကြသည်၊ မည်သို့ပင်ဖြစ်စေ အစဉ်အလာတစ်ခုကိုတော့ သူမတို့သုံးယောက်



...ာက်မိကြပြီဖြစ်၏။ မတာတ်နိုင်တော့။

သူမတို့ မှာထားသည့် စားသောက်စရာတွေ ရောက်လာတော့

...ာင်ရိုးက ကြည့်ကာ အံ့သြဟန်ဖြင့် ...

''ဟင် ... ခင်ဗျားတို့မှာထားတဲ့ ဟင်းတွေကလည်း အသီးအရွက်

...ည်းပဲ၊ ဘာလဲ ... အကုန်အကျသက်သာအောင် အသားဟင်းမမှာဘဲ

...န်ဟင်းတွေပဲ မှာလိုက်တာလား''

''အောင်မာ၊ ပိုက်ဆံကြောင့် မဟုတ်ပါဘူး၊ ခေမာ့ကို သူ ခရီး

...ာဘုန်းမှာ သူ စားသလိုပဲ စားမယ်ဆိုပြီး ကတိပေးထားလို့''

နောင်ရိုး မသိမသာ မျက်မှောင်ကြုတ်လိုက်မိ၏။ ဒီလောက်ဆို

...င် ခေမာ့အပေါ် သူ့သူငယ်ချင်းတွေက အရမ်းအလေးထားသည်မှာ

...ာနေပြီ၊ ထိုသို့ စဉ်းစားလိုက်ပြီးမှ ခပ်ဟာဟာရယ်လိုက်ကာ ...

''အေးဗျာ ... ခင်ဗျားတို့ သူငယ်ချင်းတွေကတော့ စံပါပဲ၊ အဲ

... ပြောရင် ကျွန်တော့်ဘော်ဒါတွေလည်း ကျွန်တော့်အပေါ် ဒီလိုပါပဲ''

''ရှင့်အပေါ် အလေးအနက်ထားတယ်ဆိုပါတော့ ... ဟုတ်လား''

နှင်းဖြူ၏အမေးကြောင့် နောင်ရိုးက ...

''သိပ်သေချာတာပေါ့ဗျာ၊ ဟိုတစ်နေ့ကပဲ ကြည့်လေ၊ ကျွန်တော့်

...ော်ဒါနှစ်ကောင်ကို ဘုရားသွားရအောင်လို့ ပြောတာ ညနေကျတော့

...ောင်တွေက ...''

''ပုဆိုးနဲ့ တိုက်ပုံဝတ်ပြီး ရှင့်ဆီ ရောက်လာကြရောလား''

''ဟင့်အင်း၊ ကျွန်တော် လာခေါ်မှာစိုးလို့ဆိုပြီး ဘီယာဆိုင် အစော

... ထွက်သွားကြတယ်လေ၊ ပြီးရင်တောင် ကလပ်တက်ဦးမယ်ဆိုပြီ ဖုန်း



www.burmeseclassic.com

www.burmeseclassic.com


ဆက်သေးတာ''

''ဟယ်''

ရယ်ကြတော့သည်။ မှာယူထားသော စားသောက်ဖွယ်ရာတွေ ရောက်နေပြီဖြစ်၍ စားရင်းသောက်ရင်း နှင်းဖြူက ...

''ဒါနဲ့ ... ရှင် ခေမာ့ကို တောင်းပန်စရာရှိတယ်ဆိုတာက ဘာလဲ''

နောင်ရိုးကလည်း စားရင်းသောက်ရင်းပင် ...

''ဒီလိုဗျာ ... ကျွန်တော်နဲ့ ခေမာရဲ့ အမေးအဖြေကဏ္ဍလေးက ခင်ဗျားတို့ရဲ့ မွေးနေ့တွေကို လိမ်ညာယူတယ်ဆိုတာကနေ စခဲ့တာမဟုတ်လား''

''ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ။ ခေမာက ကျွန်မတို့ဘက်က မခံနိုင်လို့ ရှင်နဲ့ အမေးအဖြေ ပြန်လုပ်တာလေ''

နှင်းဖြူအပြောကြောင့် နောင်ရိုးကပဲ ...

''တကယ်တော့ အဲဒီကိစ္စမှာ ခေမာ မှန်ပါတယ်၊ ကျွန်တော်ကသာ ခေမာစွပ်စွဲခဲ့သလို ခင်ဗျားတို့ရဲ့ မွေးနေ့ကို လှည့်ပတ်ပြီး သိအောင် လုပ်ခဲ့တာပါ။ အဲဒါကြောင့်လည်း တောင်းပန်ချင်တာပေါ့''

ထိုစကားကြောင့် သုံးယောက်စလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး ...

''ဟင် ... ရှင် ... ရှင်က ကျွန်မတို့ရဲ့မွေးနေ့တွေကို ဘာလို့ သိချင်ရတာလဲ၊ ဟို ... မတော်တရော်''

''ခဏလေးပါဗျာ၊ ပြောပြပါ့မယ်၊ ခင်ဗျားတို့တွေက ရည်းစား မထားကြပေမယ့် ခင်ဗျားတို့အပေါ် မေတ္တာရှိနေတဲ့သူတွေ ရှိတယ်ဆိုတာ



တော့ ဝန်ခံကြတယ်မဟုတ်လား''

ဝန်ခံသည့်သဘောဖြင့် ငြိမ်နေလိုက်ကြသည်။ နောင်ရိုးကပင် ဆက်၍ ...

''အဲဒီမှာဗျာ၊ ကျွန်တော့် သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ ကောင်းဆက်က ဒီက မနှင်းဖြူကို ချစ်နေတယ်၊ အဲဒီမှာပဲ မနှင်းဖြူရဲ့မွေးနေ့ကို သူ အရမ်းသိချင်ပါတယ်ဆိုပြီး နားပူနားဆာလုပ်ပါလေရော၊ ဘာကြောင့် အဲဒီကောင် သိချင်နေတာပဲဆိုတာတော့ မနှင်းဖြူ သိမှာပါ၊ နောက်ဆုံး ကျွန်တော်ကပဲ ကြိုးစားပေးရတာပေါ့လေ''

စကားအဆုံးမှာပဲ နှင်းဖြူက မျက်နှာလေးကို မဲ့လိုက်ကာ ...

''ဩော် ... ဒါဆို ရှင်က ဆရာကြီးပေါ့ ဟုတ်လား''

''မဟုတ်ပါဘူးဗျာ၊ ကျွန်တော် အဲဒီကောင်ကို ပြောထားတယ်၊ မွေးနေ့တော့ ရအောင်စုံစမ်းပေးမယ်၊ နောက်ထပ်တော့ ဘာအကူအညီမှ ထပ်မတောင်းပါနဲ့လို့လေ''

''တော်သေးတာပေါ့''

နှင်းဖြူကပဲ ပြောလိုက်ခြင်းဖြစ်သည်။ ထိုအချိန်မှာပဲ နောင်ရိုးက ကြိုတင်မှတ်ထားသော မေးခွန်းတစ်ခုကို မေးလာပြန်သည်။

''အင်း ... ကျွန်တော် ကြားဖူးသလောက်တော့ ချစ်စိတ်မမွေးဖူးတဲ့ မိန်းကလေးဆိုတာ မရှိပါဘူးတဲ့၊ ဒီတော့ ခင်ဗျားတို့တွေ ရည်းစားမထားကြတာဟာ ခေမာနဲ့များ ပတ်သက်နေလားဗျ''

သုံးယောက်စလုံး အနည်းငယ် တွန့်သွားကြပြီးမှ မေသက်ဇော်က ဖြေလိုက်သည်။

www.burmeseclassic.com



ဘာတွန့်သွားတာလဲဟု ထပ်မမေးကြပါနှင့်၊ ထိုအမေးကို ဆင်ဆာဖြတ်မည်။ ခန္ဓာကိုယ်တစ်ခုလုံး အနည်းငယ်တွန့်သွားကြခြင်းသာ ဖြစ်၏။ တစ်နေရာတည်း ကွက်တွန့်သွားသည်ဟုကား မဆိုရေးချ မဆိုလိုချေ။

"ဖယားကွက်ထဲမှာ ဖြည့်ပေးလိုက်တဲ့ သင်္ကေတတွေကို ကြည့်ရင်ရှင် ခေမာ့သဘောကို သိမှာပါ၊ ပြီးတော့ နှ ကျွန်မတို့ စားနေတဲ့ ဟင်းတွေကို ကြည့်လိုက်၊ ဒါတွေဟာ ကျန်းမာရေးအတွက် သင့်တော်တယ်ဆိုပြီး ခေမာစားနိုင်းတဲ့ ဟင်းတွေချည်းပဲ၊ ပြီးတော့ အချစ်ဆိုတာဟာလည်း ကျန်းမာရေးကို ထိခိုက်စေနိုင်တယ်ဆိုပြီး ပြောလို့ ကျွန်မတို့လည်း လက်ရှောင်ထားကြတာ"

ထိုစကားကြောင့် နောင်ရိုးတ ခေါင်းကသာလက်သာညိတ်ရင်း ...

"ဟုတ်ပါပြီ၊ ခြုံငုံကြည့်ရင်တော့ ခေမာက အချစ်ကိုမယုံဘူး၊ ပြီးတော့ ကျန်းမာရေးကို အထူးလိုက်စားတယ်၊ ဒီတော့ ခင်ဗျားတို့ရဲ့သဘောထားကလည်း ..."

စကားကို ဖြတ်ထားလိုက်သဖြင့် နှင်းဖြူက မပြောချင် ပြောချင်နှင့် နားသယ်စပ်ကိုကုတ်ကာ ...

"ဩော် ... ကျွန်မတို့လည်း အဲဒီသဘောအတိုင်းပါပဲဆို"

ထိုစဉ်မှာပဲ ကုတ်လိုက်သောအရှိန်ဖြင့် နှင်းဖြူ၏နားသယ်စပ်မှ ဆံပင်တစ်ချောင်းသည် ကျွတ်ကာ ထမင်းပန်းကန်ထဲသို့ ကျသွားသည်။ မြင်လိုက်ရသော ဟေမန်က ပန်းကန်ထဲသို့ လက်ညှိုးထိုးကာ ...

"ဟဲ့ နှင်းဖြူ ... ထမင်းပန်းကန်ထဲကို နင့်ဆံပင်ချည်ကြီး ကျသွားတယ်"





"ဟင်"

နှင်းဖြူက သူ့ဆံပင် သူကြည့်ကာ ရှက်ရှာသောအမူအရာလေးဖြင့်

"ဒုက္ခပါပဲ ... ထမင်းတစ်ပွဲတော့ ထပ်မှာရဦးမယ်"

မနေနိုင်သော နောင်ရိုးကပင် ပြောမိတော့၏။

"မနှင်းဖြူကလည်းဗျာ ... ဘာမှမဖြစ်ပါဘူး၊ အသာလေးဖယ်လိုက်ပေါ့၊ ပြီးတော့ သူများဆံပင်မှ မဟုတ်တာ၊ ခင်ဗျားဆံပင်ပဲလေ၊ ပြီးတော့ ဆံပင်ကျွတ်တာက ရက်စရာမှ မဟုတ်တာ"

"အိုး ... ဘာပဲဖြစ်ဖြစ် စိတ်ညစ်တာပေါ့"

နောင်ရိုးက ပခုံးအသာတွန့်လိုက်ကာ ...

"ဘာမှစိတ်ညစ်စရာ မလိုပါဘူး။ လူတိုင်း နေ့စဉ်လိုလို ဆံပင်ကျွတ်နေကြတာပဲလေ၊ တချို့လူတွေဆိုရင် နေ့စဉ် ဆံပင်အချောင်းခြောက်ဆယ်ကနေ တစ်ရာအထိတောင် ကျွတ်ကြတာဗျ"

"ဟင် ... တကယ်"

"ဩော် ... ဟုတ်ပါတယ်ဆို၊ ကျွန်တော်ပြောပြမယ် ... ဆံပင်ကျွတ်တယ်ဆိုတာဟာ ရာသီဥတုကြောင့်လည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် အစာအာဟာရမျှဝဲမှု, နာမကျန်းမှုနဲ့ အသက်အရွယ်ကြောင့်လည်း ဖြစ်နိုင်တယ်"

"ဟုတ်လား၊ ကျွန်မကတော့ ဘာကြောင့် ကျွတ်တာလဲမသိဘူး"

နောင်ရိုးက ရယ်ကျဲကျဲမျက်နှာနှင့်ပင် ...

"မနှင်းဖြူ ... ကိုယ့်ဟာကိုယ် ဆန်းစစ်ကြည့်ပေါ့၊ အဲဒါတွေကြောင့်မှ မဟုတ်ရင်တော့ ကိုယ်ဝန်လွယ်ထားလို့လည်း ဖြစ်တတ်တယ်ဗျ"

www.burmeseclassic.com



''ရှင်''

နှင်းဖြူမျက်နှာက ရဲပဒေါင်းခတ်သွားသည်။ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ နောင်ရိုးက …

''သဘောတရားကို ပြောပြတာပါဗျာ။ ကြုံလို့ ဆံပင်နဲ့ ပတ်သက်တာလေးတွေ ပြောပြခဲ့ဦးမယ်၊ ခင်ဗျားတို့ မိန်းကလေးတွေရဲ့ဆံပင်ဟာ ယောကျ်ားလေးတွေထက် ဆံလုံးတစ်ဝက်လောက် ငယ်တယ်ဗျ။ ပြီးတော့ ဆံပင်တစ်ချောင်းရဲ့သက်တမ်းဟာ သုံးနှစ်ကနေ ခုနစ်နှစ်အထိရှိတယ်။ ဆံပင်ဟာ မီးလောင်လွယ်ကူပေမယ့် တခြားအအေးဒဏ်, ရာသီဉတု ပြောင်းလဲတဲ့ဒဏ်နဲ့ ဓာတုပစ္စည်းတချို့ရဲ့ဒဏ်ကိုတော့ ကောင်းကောင်းကြီး ခံနိုင်တယ်''

• ''ဟုတ်မယ်၊ အဲဒါကြောင့် ဆံပင်ဟာ တချို့ဆိုးဆေး, ပေါင်းဆေးတွေရဲ့ ဒဏ်ကို ခံနိုင်တာဖြစ်မယ်''

''အင်း … ခံနိုင်ရည်ရှိတယ်ဆိုတဲ့အထဲမှာတောင် ဆံပင်တစ်ချောင်းဟာ အလေးချိန် သုံးဒသမငါးအောင်စအထိ အလေးချိန် ခံနိုင်တယ်တဲ့''

''သြော်''

နှင်းဖြူက ခပ်တိုးတိုးရေရွတ်လိုက်သလို ဟေမန်ကလည်း …

''ရှင်က ဆံပင်အကြောင်း တော်တော်သိထားတာပဲ၊ ဘာထဲ ကျောင်းပြီးရင် ဆံပင်ညှပ်ဆိုင် ဖွင့်စားမလို့လား''

''အင်း … ခုတောင် မကြီးစန်းတို့ဆီမှာ သင်တန်းတက်နေသေးတယ်''





''ရှင်''

''နောက်တာပါဗျာ၊ ဒီလိုပဲ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဗဟုသုတဆောင်းပါးတွေကို လေ့လာထားတာပါ၊ ကဲပါ … အတန်းတက်စရာရှိလို့ သွားဦးမယ်ဗျ''

သူမတို့အားလုံး အနည်းငယ် အောင့်သီးအောင့်သက် ဖြစ်သွားကြသည်။ ဒင်းက အတန်းတက်စရာရှိသည်ဆိုတော့ ကိုယ်တွေကပဲ နေ့တိုင်း အတန်းလစ်၍ လာလာလေပန်းနေကြသူတွေလိုလို၊ စပ်မြင်ကတ်ဖို့ကောင်းလှသည်။

ထိုစဉ် နောင်ရိုးက ပိုက်ဆံရှင်းမယ်ဟေ့ဟု အော်လိုက်သဖြင့် သူတို့က ပျာပျာသလဲ …

''နောင်ရိုး ကျွန်မတို့စားတာတွေကို ထည့်ရှင်းမသွားနဲ့နော်''

နောင်ရိုး တွေခနဲဖြစ်သွားပြီးမှ ခပ်တည်တည်ဟန်ဖြင့် …

''မရှင်းပါဘူး၊ ကျွန်တော်စားတာပဲ ရှင်းမှာပါ၊ ကိုယ်စားတာပဲ ကိုယ်ရှင်းတာက ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အမေရိကန်ရဲ့စစ်စတန်ဖြစ်သလို ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်စေတယ်ဗျ … တဲ့''

ဘာမှလည်း မဆိုင်ချေ၊ ဒင်းစကားကြောင့် ထပ်ဆင့် အောင့်သက်သက်ဖြစ်နေရစဉ်မှာပဲ …

''သြော် … မေ့လို့၊ ခင်ဗျားတို့က ခေမာနဲ့ပေါင်းပြီး ကျန်းမာရေးကို လိုက်စားကြသူတွေဆိုတော့ နောက်နေ့မှ ထပ်လာပြီး ခင်ဗျားတို့ကို ကျန်းမာရေးအသိကို ချဲ့ပေးဦးမယ်ဗျ၊ ကဲ … ခုတော့ သွားပြီ''



www.burmeseclassic.com

www.burmeseclassic.com



နောင်ရိုးကတော့ ဆောင့်ကြွားကြွားနှင့် ထထွက်သွားလေပြီ။ သူမတို့မှာတော့ အနင်တကာ့ အနင်ဆုံး အံ့မှုအရာတွေထဲမှ တစ်ခုဖြစ်သော ပါးစပ်အဟောင်းသားပုံစံလေးတွေနှင့် ကျန်ရစ်ခဲ့ကြ၏။

ထိုစဉ်မှာပဲ တွေးမိတွေးရာ တွေးကာ မခံမရပ်နိုင်ဖြစ်သွားသော မေသက်ဇော်က . . .

"ဟဲ့ . . . ဒင်းပြောသွားတာက ဘယ်လိုစကားကြီးလဲ၊ သူက အသီကို ခွဲပေးမယ်ဆိုတော့"

"အေး . . . ငါတို့က ကားပေးရမယ့် သဘောပေါ့ဟာ"

"အင်"

■



## ( ၁၀ )

ပြောရတာလည်း မကောင်းချေ။ နောက်နေ့ကျတော့လည်း အသီကို ခွဲပေးမည်ဆိုသော နောင်ရိုးသည် သူမတို့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ချလာပြန်ပါသည်။ နေ့လယ်စာ စားပြီးချိန်တွင် ဖြစ်၏။

နောင်ရိုးနှင့်စကားပြောရသည်မှာလည်း သူမတို့အဖို့ ခပ်လန့်လန့်ဖြစ်၏။ ဒင်းစကားတွေက ဗဟုသုတရသလိုရှိသော်လည်း တစ်ခါတစ်ခါ သော်မနန်းနှင့်မို့ အောင့်သီးအောင့်သက် ဖြစ်ရသေးသည်။

သို့သော် ရယ်စရာလေးတွေလည်း ပြောတတ်သောကြောင့် ာက်ပျားလေးသူငယ်ချင်း မရှိသည့် သူမတို့မှာ ပျော်သလိုလို၊ ခေမာသာ ပါက သဘောပေါက် ဒေါ်ပွမှာသေချာ၏။

မည်သို့ပင်ဖြစ်စေ . . .



www.burmeseclassic.com

www.burmeseclassic.com



ခေမာ ကျောင်းမတက်သေးသောအချိန် ခဏမှာတော့ နောင်ရိုး နှင့် ယာယီသူငယ်ချင်း ခဏလုပ်မည်ဟု သူမတို့သုံးယောက် တိုင်ပင်ကာ ဆုံးဖြတ်ထားကြ၏။

ခုလည်း နောင်ရိုးက ရောက်ရောက်ချင်း သူမတို့ စားသောက် ထားသော ဟန်းပန်းကန်တွေကိုကြည့်ကာ . . .

"သြော် . . . မမတို့က စားလို့သောက်လို့တောင် ပြီးကြပြီကိုး ကဲ . . . ဒီနေ့လည်း ကျန်းမာရေးအထောက်အကူဖြစ်စေတဲ့ ဟင်းလျာတွေ နဲ့ပါလား၊ ဒါနဲ့ ခင်ဗျားတို့က ဒီလိုပဲ အမြဲစားတာလား"

နောင်ရိုးအမေးကြောင့် နှင်းဖြူက ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။

"ဒါက ခေမာနဲ့အတူရှိနေတဲ့ ကျောင်းတက်ချိန်တွေနဲ့ သူ့ရဲ့ ကတိပေးထားတဲ့ ရက်တွေမှပါ၊ ကိုယ့်အိမ်မှာဆိုရင်တော့ ကျွန်မတို့ အသား ငါးတွေလည်း စားပါတယ်"

"တော်သေးတာပေါ့၊ အသားဓာတ်ဆိုတာကလည်း လူ့ခန္ဓာကိုယ် အတွက် လိုအပ်တာပဲလေ၊ ခေမာက ဘာဖြစ်လို့ ဒီလောက် အစားအသောက် ဂရုစိုက်တာလဲဗျ"

"ဒါကတော့ ခေမာက ကျန်းမာရေးကို ဂရုစိုက်တတ်တဲ့သူမို့ပါ ဘာများဖြစ်လို့လဲ"

နောင်ရိုးက မျက်ခုံးအသာပင့်လိုက်ပြီးမှ . . .

"သြော် . . . ဘာရယ်မဟုတ်ပါဘူး၊ ဒီခေတ် မိန်းကလေးတစ် ယောက်အနေနဲ့ ဒီလောက် ကျန်းမာရေး ဂရုစိုက်တာက ထူးဆန်းနေလို့ ပါ"





"နောင်ရိုး . . . ရှင်က ခေမာ့အကြောင်း တော်တော်စပ်စုတယ်နော် ...လဲ . . . ကျွန်မတို့ဆီ လာနေတာ ခေမာ့ကို စိတ်ဝင်စားနေလို့လား"

ရုတ်တရက် ကောက်ကာငင်ကာ ဖြတ်မေးလိုက်သော နှင်းဖြူစကား ...ကြောင့် နောင်ရိုး ရှက်ရှက်ဖြစ်သွားရပြီး . . .

"အင်း . . . အဲဒါလည်း နည်းနည်းပါတယ်"

စကားအဆုံးမှာ သုံးယောက်သား တစ်ယောက်ကိုတစ်ယောက် ...ကြည့်ရင်း ခပ်လေးလေး ခေါင်းခါလိုက်ကြသေးသည်။ ပြီးမှ နှင်းဖြူက ...ပြတ်သားသောအသံဖြင့် . . .

"ဒါဆိုရင်တော့ မေ့လိုက်ပါ နောင်ရိုး၊ ခေမာက အချစ်ကို စိတ် ...စားတာ ရှင်လည်း အသိပဲ၊ ထပ်ပြောရရင် ရှင့်ကို သူငယ်ချင်းအဖြစ် ...ောင် လက်ခံမှာ မဟုတ်ဘူး"

နောင်ရိုး မျက်မှောင်ကြုတ်လိုက်မိ၏။ ဒါဆိုလျှင်တော့ ခေမာမှာ ...စ်နှင့်ပတ်သက်သော နာကြည်းချက်တစ်ခုခုတော့ ရှိကိုရှိရလိမ့်မည်။ ...သော် လောလောဆယ် အစ်အောက်ကြည့်လျှင်တောင် ဒီဟာမလေးတွေ ... ပြောဦးမည်မဟုတ်။

ထို့ကြောင့် စကားလမ်းကြောင်းပြောင်းရန် စဉ်းစားလိုက်ပြီး . . .

"ကဲပါ . . . အဲဒီကိစ္စကို ထားလိုက်ပါဦး၊ ဒီနေ့တော့ ကျွန်တော် ...ရင်းကိစ္စဖြစ်တဲ့ ကျန်းမာရေးအသိ ချဲ့ပေးဖို့ကိစ္စ"

စကားမဆုံးခင်မှာပဲ မေသက်ဇော်က ကပျာကယာ လက်ကာပြ ...ကာ . . .

"ရပြီ . . . ရပြီ၊ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဗဟုသုတလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင်တော့ ပြောလေ''

စကားမစခင်မှာ နောင်ရိုးက ခေါင်းတဆတ်ဆတ် အရင်ညိတ်

လိုက်သေးသည်။ ပြောမှာပါ . . . ပြောကို ပြောဦးမှာဆိုသည့် အမူအရာမျိုး

လည်း ဖြစ်၏။ ပြီးမှ . . .

''ဒီလိုဗျာ၊ ဆေးကျမ်းအလိုအရ အရွယ်သုံးပါး ရှိတယ်ဗျ။ အဲ

တွေက ဗာလအရွယ်၊ မဇ္ဈိမအရွယ်နဲ့ ဝုဒ္ဓအရွယ်တွေပဲ၊ အဲဒီအထဲမှာတော

ထပ်ခွဲထားသေးတယ်၊ ထားပါတော့ . . . ဗာလအရွယ်က မွေးပြီးစကာ

. . . ဆယ့်ခြောက်နှစ်အရွယ်ပဲ၊ အဲဒီအရွယ်မှာတော့ သလိပ်ပျက် သလိပ်

ဖြစ်တတ်တယ်တဲ့၊ ဆယ်ခြောက်နှစ်ကနေ . . . ခုနစ်ဆယ်အထိကတော့

**မဇ္ဈိမအရွယ်**ပေါ့၊ အဲဒီအပိုင်းအခြားမှာကျတော့ကာ သည်းခြေပျက်

သည်းခြေနာ ဖြစ်တတ်တယ်လို့ ဆိုတယ်၊ ခုနစ်ဆယ်အထက်ဖြစ်တဲ့

**အရွယ်**မှာတော့ လေပျက် လေနာဖြစ်တတ်တယ်လို့ ဆိုတယ်ဗျ''

''နေစမ်းပါဦး၊ ရှင်ပြောတာတွေက ဘယ်ကျမ်းက ဆိုထားတာ

ကို ပြောနေတာလဲ''

''အင်း . . . နည်းနည်းပါးပါး လေ့လာဖူးရင်တော့ ကြားဖူးမှာ

ယောမြို့စားအမတ်ကြီး ပြုစုစီရင်ခဲ့တဲ့ ဥတုဘောဇန သင်္ဂဟကျမ်းမှာ အ

အကျဆိုထားတယ်လေ''

''သြော်''

ထိုသို့သာ ညည်းလိုက်ရသည်။ ဒါတောင် နောင်ရိုးက ထပ်

လာသေး၏။

''ဒါတောင် ကျမ်းမှာ ထပ်ဆိုထားသေးတယ်ဗျ၊ ယောက်ျား





ဒို့ ဗာလအရွယ်မိန်းမကို မေထုန်မပြုတ် မှီဝဲခြင်းဟာ အရွယ်ပျို၏၊ အား

. . . တဲ့''

''ရှင်''

သုံးယောက်စလုံး မျက်နှာမထားတတ်အောင် ဖြစ်သွားရသည်။

နောင်ရိုးဆိုသော ငတိသည် ကိုယ်တွေလို မိန်းမပျိုလေးတွေကိုမှ ဘာတွေလာ

ပြောနေသည်မသိ။ ရှက်ရသည်။

ထို့ကြောင့် . . .

''တော် . . . တော် . . . တခြားအကြောင်းအရာကိုပဲ ပြောတော့''

နောင်ရိုးကတော့ မသိချင်ယောင်ဆောင်ကာ အပြစ်ကင်းစင်သော

မျက်နှာလေးနှင့်ပင် . . .

''ဟုတ်ပြီလေ၊ ဒါဆိုလည်း ကျန်းမာရေးနဲ့ပတ်သက်ပြီး ရေချိုးတဲ့

ကိစ္စကို ပြောပြမယ်၊ ရေချိုးခြင်းဟာ ဝမ်းမီးတောက်၏။ ဝ၏။ အသက်

ရှည်၏။ အားခွန်ပလသြဇာကို ပေး၏၊ ယားနာအညစ်အကြေး ပယ်ပန်းခြင်း၊

ကိုယ်လက်တောင့်တင်းခြင်း၊ ပူအိုက်ခြင်း၊ ကိုယ်ပူခြင်းတို့ကို ဖျောက်

တဲ့။ ဒါနဲ့ ခင်ဗျားတို့ ရေချိုးရင် ချေး (ကျိုး) တွန်းတယ်မဟုတ်လား''

''ရှင်''

''တွန်းတာပေါ့ရှင့်၊ ဘာတွေပြောနေမှန်းလည်း မသိဘူး''

စိတ်ညစ်ရသည်၊ နောင်ရိုး၏ ကျန်းမာရေးအသိချဲ့ခြင်းက တဖြည်း

နှင့် အတွင်းကျကျဖြစ်လာလေပြီ၊ နှင်ထုတ်ရမည်လားပင် မသိတော့

သို့သော်လည်း နောင်ရိုးကတော့ အေးအေးလူလူပင်။



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားတို့ကလည်းဗျာ၊ ဈေးတွန်းခြင်းရဲ့အကျိုးဆိုတာကိုလည်း ပြောပြချင်လို့ပါဗျ။ ဒီလိုဗျာ၊ ဈေးတွန်းခြင်းက သလိပ်ကို ပယ်နိုင်၏။ အဆီ ခဲနာကို နိုင်၏၊ သုက်ကို ပေးတတ်၏၊ အားကြီး၏။ သွေးကို ပွားစေတတ်၏ အညစ်အကြေးကင်းပြီး အသားအရေကို ကြည်လင်နူးညံ့စေ၏။ မျက်စိ ခြေထောက်၊ မျက်နှာတို့ကို ခိုင်ခံ့စေ၏။ ပါးစောင်၊ သားမြတ်၊ မျက်နှာတို့ ပြည့်ဖြိုးစေ၏။ ဝက်ခြံ၊ ဆားဝက်ခြံကင်း၏တဲ့၊ အဲဒါ ဈေးတွန်းခြင်း အကျိုးပဲ၊ ဈေးများများတွန်းကြပေါ့"

ခင်းပြောမှပဲ ဈေးတွန်းခြင်း၏ကျယ်ပြန့်မှုများကို သိရလေတော့ သည်။ တချို့ကိစ္စတွေမှာဆိုလျှင် ဈေးတွန်းခြင်း၏အကျိုးက ကြောက်စရာ ပင် ကောင်းလှသေးတော့၏။

ထို့ကြောင့် . . .

"အမယ်လေး . . . ရှင့်ရဲ့ကျန်းမာရေးအသိက နားမထောင် လောက်အောင်တောင် ဖြစ်လာပြီ"

နောင်ရိုးက အဟဲဟဲရယ်လိုက်ပြီးမှ . . .

"သိတာလေးတွေကို ဝေငှတဲ့သဘောပါဗျာ၊ ကျန်းမာရေးလိုက် စားလွန်းတဲ့ ခေမာကိုလည်း ပြောပြလိုက်ပါဦး"

"အရေးထဲ"

"ကဲပါလေ . . . ဒီတစ်ခါတော့ ခင်ဗျားတို့ကို အစားအသောက် ပတ်သက်ပြီးတော့ပဲ ပြောပြတော့မယ်၊ ဒါနဲ့ . . . ခင်ဗျားတို့ဆီမှာ နို့လွှ လား"

"ဘာရှင့်"





"နောင်ရိုး"

သုံးယောက်သား အရှက်မျက်နှာတွေဖြင့် ဒေါသစူထွက်ကာ အော် ကြသည်။ ဟုတ်သည်လေ၊ ခင်းမေးပုံကိုလည်း ကြည့်ဦး။ ကိုယ်တွေ အပျိုလေးတွေကိုမှ . . . လွှယ်လားတဲ့။

နောင်ရိုးလည်း ရုတ်တရက်တော့ ကြောင်သွားသည်။ ဒီဟာမလေး ဘာကြောင့် ကောက်ကာငင်ကာ ဒေါသထွက်သွားရသနည်းပေါ့။ . . . စေ့စေ့တွေးကြည့်ရင်း ကိုယ် စကားမှားသွားသည်ကို ရေးရေး သိလိုက်ရသဖြင့် ပျာပျာသလဲ လက်ကာပြကာ . . .

"ဟာ . . . ဆောရီး, ဆောရီး၊ စကားလောသွားလို့ပါဗျ၊ ကျွန်တော် ဆိုလိုချင်တာ ခင်ဗျားတို့နေတဲ့ ပတ်ဝန်းကျင်မှာ နွားနို့တို့, ဆိတ်နို့တို့ ဝယ် လွှယ်လားလို့ မေးတာပါ၊ ဟိုလေ . . . အဲဒီနို့တွေရဲ့ အာဟာရနဲ့ သတ္တိကို ရှင်းပြမလို့"

ထိုအခါမှ သုံးယောက်စလုံး နာမှုတ်ကာ ဒေါသတွေကို လျှော့ချ ရသည်။ နောင်ရိုး ရှေ့မကြည့် နောက်မကြည့် ဆက်ပြောလာမည့် ကျန်းမာရေးအသိအမြင်တွေကိုလည်း လန့်လာသောကြောင့် . . .

"တော်ပြီ . . . တော်ပြီ၊ ရှင်ပြောမယ့် နွားနို့၊ ဆိတ်နို့တွေရဲ့ ဂုဏ် သတ္တိတွေကိုတော့ စာအုပ်တွေထဲမှာ ဖတ်ဖူးတယ်၊ မပြောနဲ့တော့"

"ဒါဆိုလည်း ပြီးရောလေ၊ နောက်နေ့တွေမှ တခြားကျန်းမာရေး အသိတွေကို ဝေငှတော့မယ်ဗျ။ ခုတော့ ဒိုးပြီဗျို့"

ပြန့်ခါနီးမှာတောင် နောက်နေ့အတွက် ရက်ချိန်းယူသွားသေးသည်။ တို့မှာတော့ နောင်ရိုးအပေါ် စိတ်ဆိုးရမှာလည်း အခက်။ သုံးယောက်



www.burmeseclassic.com

www.burmeseclassic.com

သား လေပူကြီးတွေပဲ ကိုယ်စီမှုတ်ချမိကြသည်။

ကင်တင်းမှ ထထွက်လာခဲ့သည့်တိုင် သူမတို့နှင့် နောင်ရိုး စကား ပြောနေခြင်းအား အကဲခတ်စောင့်ကြည့်နေသော မျက်လုံးတစ်စုံကိုတော့ အလျှင်း သတိမထားလိုက်မိပါချေ။

ထိုသို့ဖြင့် ...



## ( ၁၁ )

"သြော် ... ဒါဆို မင်းက တစ်ရက်တစ်ရက် အဲဒီအုပ်စုဆီသွား ဘန်းမာရေးအသိတွေ ပို့ချနေတာပေါ့ ... ဟုတ်လား၊ ဒါကြောင့် နေ့လယ်ပိုင်းတွေဆိုရင် မင်းက ပျောက်ပျောက်သွားတာကိုး"

မဲ့ကာရွဲ့ကာ ပြောလိုက်သော သက်ဦးမောင်၏စကားအဆုံးမှာ င်းသော်ကလည်း အလွန်တရာမှ ခံရခက်သော မျက်နှာပေးဖြင့် ...

"မင်းကွာ နောင်ရိုး ... နှင်းဖြူတို့နဲ့ သိနေပြီဆိုရင်လည်း ငါ့ကိုပါ ပြီး မိတ်လေး ဘာလေး ဆက်ပေးတာမဟုတ်ဘူး။ ငါ ခံစားနေရတာကို သားနဲ့ကွာ"

တစ်ယောက်ယောက်က လက်သိပ်ထိုး သတင်းပေးလိုက်၍ သိ ှာ နှစ်ကောင်စလုံးက အပြစ်တင်လာကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောင်ရိုးကတော့ မေးလာကတည်းက တဖြည်းဖြည်းကြီးလာ သော နောင်ရိုး၏ပုံစံအတိုင်း အေးအေးလူလူပုံစံနှင့်ပင် ...

"နောက်တော့ ပြောပြမလို့ပါကွာ၊ ပြီးတော့ သွားတယ်ဆိုတာက လည်း ငါ့ကိစ္စနဲ့ငါပါ"

"ဟင် ... ဒါဆို မင်းဟာ ငါ့အတွက် ဘာမှမကူညီတော့ဘူးပေါ့"

မျှော်လင့်တကြီးမေးလာသော ကောင်းသော်အား နောင်ရိုးက ...

"မင်းအတွက် ငါ တတ်နိုင်သလောက် ကူညီပေးပြီးပြီလေ၊ ဖုန်း နံပါတ်ဆိုလည်း စုံစမ်းပေးထားတယ်"

"ငါ ... ငါ မဆက်ရဲသေးလို့ပါကွ"

မျက်နှာငယ်လေးနှင့် ပြောလာသည့်တိုင် နောင်ရိုးက သနားစိတ် မဝင်ဘဲ ဖိပြောလိုက်သည်။

"ဟေ့ကောင် ကောင်းသော် ... ငါက ဗိုက်နာနေတဲ့ မင်းကို အိမ်သာပဲ ညွှန်ပေးလို့ရမယ်ကွ၊ ချေးပါတာကတော့ မင်းဟာမင်းပဲ သွား ပါမှရမှာ၊ ငါကတော့ လိုက်တည်မပေးနိုင်တော့ဘူး"

"ဟာကွာ"

"ဟုတ်တယ်လေ၊ မင်း အဲလို ကြောက်ပြီး အစွမ်းအစမရှိရင် ဘယ်ကောင်မလေးက မင်းကို အထင်ကြီးတော့မှာလဲကွ၊ မင်းကို ငါ စကား ပုံတစ်ခု ပြောပြမယ်၊ မိန်းမတွေဟာ သူတို့ အထင်မကြီးတဲ့သူကို ချစ် ခက်တယ်တဲ့၊ အဲဆိုတော့ မင်း ဘာဆက်လုပ်မှာလဲ၊ စဉ်းစားလေ"

ကောင်းသော် အတန်ကြာသည်အထိ ငြိမ်ဆိတ်ကာ စဉ်းစားသွား သည်။ ကောင်မလေးတစ်ယောက် အထင်ကြီးလာစေမည့်ကိစ္စသည် အ





အတွက် မြန်မာနိုင်ငံအတွင်း လယ်ယာမြေ မတရားသိမ်းခံရမှု ပြဿနာ အလား ခက်ခဲနေပုံလည်း ရ၏။

ထိုအချိန်မှာပဲ နောင်ရိုးက အသာလေး ချောဆီထည့်ပေးလိုက် သည်။

"ငါ တစ်ခုထပ်ပြောမယ် ကောင်းသော်၊ စကားပုံတစ်ခုပါပဲ၊ ယောက်ျားတွေအတွက် အချစ်ဆိုတာ မျက်လုံးက ဝင်ရောက်လာပြီး မိန်းမ တွေအတွက်တော့ နားကနေ ဝင်ရောက်နိုင်တယ်တဲ့၊ ဒီတော့ မင်း ဘာလုပ် သင့်လဲ"

"ငါ ... ငါ ... သူ့ရဲ့နားကို ဘာ ... ဘာလုပ်သင့်လဲဟင်"

သေသာ သေလိုက်ချင်တော့သည်။ နားဖာချေးသွားကော်ပေး လိုက်ပေါ့ ပြောလိုက်လျှင်လည်း မကောင်း။ ကောင်းသော်၏ ပါရမီတော်ခံ ရသည့်ပုံကတော့ လက်ဖျားရော ခြေဖျားပါ ခါလိုက်ချင်တော့၏။

နောင်ရိုးက အားမလိုအားမရစွာ ...

"မင်းကွာ ... ငါ ငိုတောင်ငိုချင်တယ်၊ အချစ်ဟာ မိန်းမတွေဆီ ကို နားကနေ ဝင်ရောက်နိုင်တယ်ဆိုတော့ ဖုန်းဆက်ပေါ့ အရူးရဲ့"

ထိုအခါမှ ကောင်းသော်၏မျက်နှာသည် ပဋိစ္စသမုပ္ပါဒ်ဒေသနာ တော်ကို နာကြားလိုက်ရ၍ တရားထူးရသွားသည့်သူလို ဝင်းပသွားကာ–

"ဟုတ်ပြီကွ၊ ဟုတ်ပြီ နောင်ရိုး၊ ငါ နှင်းဖြူဆီ ဖုန်းဆက်ဖြစ်အောင် ဆက်တော့မယ်"

ကောင်းသော်ဆိုသည့်ကောင်ကတော့ ထိုသို့ကောင်ဖြစ်သည်။ ကိုယ့်မှာပဲ ဆရာတော်ကြီးတစ်ပါးမိန့်ဖူးသလို ဟောရင်း ပြောရင်းနှင့် ရှုံ့သွန်



www.burmeseclassic.com

www.burmeseclassic.com

တော်မူရမည့်ကိန်းဆိုက်နေ၏။

နောင်ရိုးကပဲ နှင်းဖြူတို့အဖွဲ့၏သဘောသဘာဝကို သိထား
လောက် ပြန်ပြောပြလိုက်သည်။

စကားဆုံးတော့ သက်ဦးမောင်က . . .

"ဒါနဲ့ နောင်ရိုး . . . မင်း သူတို့ဆီ သွားနေတဲ့ကိစ္စ ဆိုတာက"

နောင်ရိုးက တဟဲဟဲရယ်သည်။ မင်းတို့ သိချင်နေပြန်ပြီလား
ဆိုသည့် ရယ်သံမျိုးဖြစ်၏။ ပြီးမှ . . .

"ငါ့ကိစ္စဆိုတာကကွာ . . . ဟို . . . နှင်းဖြူတို့သုံးယောက်ကို လို
နေတဲ့လူတွေ ချဉ်နေကြတဲ့၊ သူတို့သုံးယောက်ကို ရည်းစားထားဖို့ ဝိ
ပင်နေတဲ့ ကောင်မလေး"

"ဟို . . . ဂေါက်ကြောင်မဟုတ်လား"

"ဟေ့ကောင်"

နောင်ရိုး အော်လိုက်သဖြင့် ကောင်းသော်က ဟီးခနဲ ရယ်လို
ကာ . . .

"စတာပါကွာ၊ မင်းပြောတာက ခေမာဆိုတဲ့ ကောင်မလေးမဟုတ်
လား"

"အေး . . . သူပဲ အဲဒီ ခေမာဆိုတဲ့ကောင်မလေးကို ငါ စိတ်ဝ
စားနေတယ်၊ အဲဒါကြောင့် ငါ့ကိစ္စငါ ဖန်တီးနေတာ"

"ဟေ"

"ဟာ . . . နောင်ရိုး"

နှစ်ကောင်သား မျက်လုံးပြူးကာ ရေရွတ်လိုက်သည်ကိုကြည့်ရ





နောင်ရိုးက ပခုံးအသာတွန့်လိုက်လေသည်။

ကောင်းသော်က . . .

"ဟေ့ကောင် . . . မင်း ရူးများ ရူးသွားတာလား၊ ဒါမှမဟုတ်
ဖြစ်နိုင်တာကို အိပ်မက်မက်ချင်နေတာလားကွ . . . ဟေ"

ထိုစကားကိုလည်း နောင်ရိုးက အဓိပ္ပာယ်ပါပါ တုံ့ပြန်လိုက်ပါ၏။

"ဘာလို့ မဖြစ်နိုင်ရမှာလဲကွာ၊ အိပ်မက်မက်ချင်ရင် ဘာလုပ်ရလဲ
သိလား၊ အိပ်ရတယ်ကွ . . . အိပ်ရတယ်၊ ငါက မင်းလို အိပ်မက်မက်ချင်ပြီး
အိပ်ရဲတဲ့ကောင် မဟုတ်ဘူး"

■



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၂ )

ပြောရ ဆိုရသည်မှာလည်း ရှည်လျားခဲ့ပါပြီ။ ဒီနေ့တော့ သူ အခမဲ့ ပို့ချမည့် ကျန်းမာရေးအကြောင်းကို နားမထောင်ချင်၍လားမသိ နှင်းဖြူ တို့ သုံးယောက်စလုံး ငြိမ်ချက်သား ကောင်းနေကြသည်။

ထိုသို့ သိသာထင်ရှားသောအနေအထားကြောင့် နောင်ရိုးက …

"ဒီနေ့ ခင်ဗျားတို့ ငြိမ်လှချည်လားဗျ၊ ဘာစိတ်ညစ်စရာများ ရှိ လို့လဲ"

စကားအဆုံးမှာ သုံးယောက်စလုံး ကာလာ (Color) ရော တုံး (tune) ပါ ညီလှသည့် သက်မကိုယ်စီ အရင်ချကြ၏။

ပြီးမှ နှင်းဖြူက အသံခပ်လေးလေးဖြင့် …

"ဩော် … ဒီနေ့တော့ ရှင့်ကို ပြောစရာရှိလို့ပါ"





"နှင်းဖြူကလည်း နေ့တိုင်းလည်း စကားပြောကြတာပဲဟာကို"

"မဟုတ်ဘူး နောင်ရိုး၊ ရှင်နဲ့ ဒီတစ်ပတ်အတွင်း ကျွန်မတို့နဲ့ ယာယီသူငယ်ချင်းဖြစ်ခဲ့တာကို ရပ်ရတော့မယ်"

"ဗျာ … ယာယီသူငယ်ချင်း ဟုတ်လား၊ ရပ်ရမယ်ဆိုတာကရော"

"မနက်ဖြန် ခေမာ ကျောင်းပြန်တက်တော့မယ်လေ"

"ဩော်"

နောင်ရိုး ခပ်ပါးပါး နားလည်လိုက်လေပြီ၊ နှင်းဖြူကပဲ ဆက်၍

"ရှင်လည်း ခေမာ့အကြောင်း သဘောပေါက်ထားတာပဲ၊ ရှင့်အပေါ် ...မင်မိလို့သာ ခေမာမရှိတဲ့အချိန်လေး သူငယ်ချင်းအဖြစ် ဆက်ဆံခဲ့တာ ...။ ခေမာ ပြန်ရောက်လာရင်တော့ အဲဒီကိစ္စကို ရပ်လိုက်ရတော့မယ်"

"ဟုတ်တယ် နောင်ရိုး၊ ကျွန်မတို့ကြောင့် ခေမာ စိတ်ဆင်းရဲမယ့် ...ဖြစ်မျိုး လုံးဝအဖြစ်မခံနိုင်လို့ပါ"

ဟေမန်ကပါ ဝင်ပြောလာသည်။

နောင်ရိုးက …

"ဒါဆို … ကျွန်တော် ခေမာနဲ့ပါ သူငယ်ချင်းဖြစ်လို့ မရနိုင်ဘူး ...း"

ခေါင်းခါလိုက်ရင်း မေသက်ဇော်က …

"အဲဒါတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး နောင်ရိုး၊ ဘာကြောင့်လဲ ...တာကို မမေးပါနဲ့၊ ကျွန်မတို့ ဖြေမှာမဟုတ်ဘူး၊ ခုလို ရှင်နဲ့ ကျွန်မတို့ ...ားပြောခဲ့တာတွေကိုသာ ခေမာသိသွားရင်ဆိုတဲ့ အတွေးကိုတော ...တွေးရဲတာ အမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလောက်တောင်ပဲလားဗျာ"

နောင်ရိုး ညည်းပြောပြောလိုက်သည်ကို နှင်းဖြူက ခေါင်းညိတ်ပြရင်း ...

"အဲဒီထက်တောင် ပိုကောင်းပိုလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခေမာ ခွင့်မယူခင်တုန်းက ရှင်နဲ့ အဆက်အဆံမလုပ်ရဘူးလို့တောင် သေချာချာ မှာသွားတာလေ"

နောင်ရိုး သက်ပြင်းကိုပဲ လိုက်လိုက်လှဲလှဲ ချလိုက်မိသည်။ ပြီးမှ—

"အင်းလေ ... ဒီရက်ပိုင်းလေးမှာ ခင်ဗျားတို့နဲ့ ခင်ခဲ့ရတာကိုတော့ ကျွန်တော် သတိရနေမှာပါ၊ ပြီး ... ခေမာဆိုတာ ပဟေဠိတွေနဲ့ ကောင်မလေးလို့ပဲ မြင်မိတယ်"

သုံးယောက် ဘာစကားမှ ပြန်မဆိုဘဲ ငြိမ်နေကြသည်။ ထို့ကြောင့် နောင်ရိုးက ဟန်လုပ်၍ ရယ်လိုက်ကာ ...

"ကဲပါဗျာ၊ အဲဒီကိစ္စကြောင့် စိတ်အနှောင့်အယှက်ဖြစ်မနေကြပါနဲ့၊ ခင်ဗျားတို့ကို ခေမာနဲ့ အတူတွဲပြီး တွေ့တဲ့အချိန်ဆိုရင်တောင် နှုတ်မဆက်ဘူး၊ စိတ်ချ ... တော်ကြာ ခင်ဗျားတို့ကို ငြိုငြင်မှာစိုးလို့ပါ၊ သြော် နှင်းဖြူ ... ဒီနေ့ ကျွန်တော်မပြန်ခင် တစ်ခုလောက် မေးကြည့်ချင်တယ်"

"မေးလေ၊ ဘာမေးမှာလဲ"

"အရေးတကြီးတော့ မဟုတ်ပါဘူး၊ ခု ဒီနေ့ ကျွန်တော်တို့ဆီမှာ တွင်တွင်ကျယ်ကျယ်သုံးနေကြတဲ့ တယ်လီဖုန်းတီထွင်ခဲ့တဲ့လူကို သိလား"

မဆီမဆိုင် မေးလာသောစကားကြောင့် နှင်းဖြူ ကြောင်သွားရသေးသည်။





ပြီးမှ အကြောင်းရှိလို့ မေးတာပဲဖြစ်မည်ဟု တွေးကာ တစ်ချက်စဉ်းစားလိုက်ရင်း ...

"ဟိုလေ ... ကြားဖူးတာကတော့ ဂရေဟမ်ဘဲလ်ဆိုလားပဲ"

နောင်ရိုးက ခေါင်းအသာညိတ်ကာ ...

"ဟုတ်ပါတယ်၊ တိတိကျကျ ပြောရရင် ကနေဒါနိုင်ငံသား အလက်ဇန္ဒားဂရေဟမ်ဘဲလ် ဆိုတဲ့လူပေါ့၊ သူက ၁၈၇၆–ခုနှစ်တုန်းက ဘောစတွန်မြို့မှာ ဖုန်းကို စပြီးတီထွင်ခဲ့တာလေ၊ တယ်လီဖုန်းဆိုတဲ့စကားကလည်း ဂရိဘာသာက ဆင်းသက်လာတာဗျ၊ တယ်လီဆိုတာက အဝေးတစ်နေရာကလို့ အဓိပ္ပာယ်ရပြီး ဖုန်းဆိုတာက အသံပေါ့၊ ဒီတော့ အဝေးတစ်နေရာက အသံလို့ အဓိပ္ပာယ်ရတယ်"

ခုချိန်ထိ နောင်ရိုး ဘာကိုဆိုလိုချင်သည်ကို သူမတို့ နားမလည်နိုင်သေး။ နောင်ရိုးကပဲ ဆက်၍ ...

"ခုနက ပြောတာက တယ်လီဖုန်းရဲ့တီထွင်မှုလေးပါ၊ ဆက်ပြောချင်တာက အဲဒီ ဂရေဟမ်ဘဲလ်ဟာ တယ်လီဖုန်းတီထွင်ပြီးချိန်မှာ သူ့ရဲ့ ရည်းစားမလေးနဲ့ စမ်းသပ်စကားပြောရင်း ရည်းစားစကားပြောရာကနေ လက်ထပ်ခွင့်တောင်းတဲ့အထိ ဖြစ်ခဲ့ကြတယ်၊ အဲဒါက တယ်လီဖုန်းနဲ့ ပတ်သက်ပြီး ပထမဆုံး ဖြစ်ခဲ့တဲ့ အချစ်ဇာတ်လမ်းပေါ့"

စကားကို ပြတ်ထားပြန်သည်။ ထိုမျှလောက်ထိ မကြားဖူးသည်မို့ နှင်းဖြူတို့ပင် အံ့သြနေကြ၏။

ပြီးမှ နောင်ရိုးက နှင်းဖြူကို စေ့စေ့ကြည့်လိုက်ရင်း ...

"နှင်းဖြူ ... ခင်ဗျားဆီကို ခင်ဗျားအပေါ် တကယ်ချစ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်က ဖုန်းဆက်ပါလိမ့်မယ်၊ တယ်လီဖုန်းရဲ့ရှိးရာလေးကို တာ နာသောအားဖြင့် အဲဒီလူကိုတော့ ဖုန်းလက်ခံစကားပြောလိုက်ပါလို့ ကိုယ်စားပြောပေးတာပါ၊ ဒါပါပဲ''

ပြောပြီး ထရပ်ကာ နောင်ရိုး လှည့်ထွက်လာခဲ့သည်။ ကောင်းသော် အတွက် သူ အတတ်နိုင်ဆုံး ကူညီပြီးပြီလေ။ သူ့အတွက်ကတော့ ပုစ္ဆာ ဆန်လှသော ခေမာဆိုသည့် ကောင်မလေးနှင့် ပတ်သက်ရန် ကိစ္စကို လောလောဆယ်မှာ စဉ်းစားလို့ပင် မရသေး။

နှုတ်ဆက်ထွက်ခွာသွားသော နောင်ရိုးကိုကြည့်ကာ နှင်းဖြူတို့ တွေဝေငြိမ်သက်နေမိသည်။

ဖြေရှင်း၍မရသော ပုစ္ဆာတစ်ပုဒ်အတွက် အပင်းပန်းမခံချင်ပါနဲ့ဟု သုံးယောက်စလုံး နောင်ရိုးအတွက် တွေးပေးနေမိကြ၏။

ထိုပုစ္ဆာသည် သူမတို့ကိုယ်တိုင် ဖြေရှင်း၍မရနိုင်သော ဒဏ်ခတ် ထားသည့် ပုစ္ဆာပင် ဖြစ်လေသည်။

အပြင်ဘက်မှာတော့ နေရောင်ခြည်သည် ယိုယွင်းလာသော သဘာဝတရားကြီးကို အလိုလိုက်ကာ အလုံးညီးညီးတောက်လောင်နေဆဲ။

လောကသည်ပင် အပူမစင်နိုင်ကြသော လောကဖြစ်၏။



## ( ၁၃ )

ယခုတစ်ခါ ခွင့်ရက်စေ့၍ ကျောင်းပြန်တက်ဖြစ်သော်လည်း ခေမာ စိတ်ထဲ၌ နှင်းဖြူတို့သုံးယောက်ကိုကြည့်ကာ အနည်းငယ် ဘဝင်မကျဖြစ် နေရသည်။ မနက်ပိုင်း စာသင်ခန်းထဲမှာတော့ ထိုမျှလောက် မဖြစ်သေး။ သူမကိုပင် အရင်လို မေးနေကျစကားတွေ မေးပါသေးသည်။

''ဘယ်လိုလဲ ခေမာ၊ ဒီတစ်ခေါက် အခြေအနေကရော''

ခေမာက ပခုံးအသာတွန့်လိုက်ပြီးမှ ခေါင်းခါကာ . . .

''ဘာမှမထူးသေးပါဘူး၊ အရင်အတိုင်းပါပဲ''

''အေးလေ၊ ခု မထူးသေးလည်း တစ်ရက်ရက်တော့ ထူးနိုင်ပါ တယ်ဟာ''

နှင်းဖြူက သက်ပြင်းပါးပါးချကာ စိတ်မကောင်းဟန်လေးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သော်လည်း ခေမာကတော့ ပေါ့ပေါ့ပါးပါး အမူအရာလေးနှင့်ပင်

"မျှော်လင့်ရတာပါပဲဟာ၊ ငါ့အတွက်တော့ ဒီလိုပါပဲ၊ ရိုးနေပါပြီ"

ထိုစဉ် အခန်းထဲ ဆရာဝင်လာသဖြင့် စကားစကာ ပြတ်သွားကြသည်။ အားလုံးပဲ သင်နေသော စာထဲမှာ စိတ်နှစ်လိုက်ကြ၏။ စာသင်ချိန်ပြီး၍ ထမင်းစားချိန်ရောက်တော့ ထိုင်နေကျ ကင်တင်းဆီသို့ပဲ ထွက်ခဲ့ကြ၏။

လမ်းမှာ ဟေမန်က ...

"ခေမာ ... ညနေကျောင်းဆင်းရင် နင့်စာအုပ်တွေ ခွဲဝေပေးလိုက်လေ၊ နင် လွတ်သွားတဲ့ စာတွေကို ငါတို့ ဝိုင်းကူးပေးမယ်"

အပြုံးနှင့် ခေါင်းခါရင်း ခေမာက ...

"ရပါတယ်ဟာ၊ ငါ ပျက်တဲ့စာကို ငါ့ဟာငါပဲ ကူးပါ့မယ်၊ နင်တို့ပဲ စာအုပ်ငှားလိုက်၊ ဒါနဲ့ ငါ ကျောင်းမတက်တဲ့ရက်တွေမှာ နင်တို့ ငါပြောသလိုကော နေကြရဲ့လား"

မေးနေကျစကားဖြစ်သော်လည်း ဒီတစ်ခါတော့ သုံးယောက်စလုံး စိတ်ထဲ၌ ထင့်ခနဲ ဖြစ်သွားကြသည်။ အားလုံးလည်း မသိမသာ မျက်နှာပျက်သွားကြ၏။

နှင်းဖြူက အရင် မျက်နှာပြန်ပြင်လိုက်ရင်း ...

"နေပါတယ်ဟာ၊ အဲဒီရက်တွေတုန်းက ငါတို့ ဘာတွေနဲ့ ထမင်းစားတယ်ဆိုတာ ဆိုင်ရှင်ဦးလေးကြီးကို မေးကြည့်"

"ပြီးရော ... ပြီးရော"

သို့နှင့် ကင်တင်းသို့ ရောက်ခဲ့ကြသည်။ ခါတိုင်းလို သူမတို့ကို





...င်မ်းကြသော ကျောင်းသားအချို့ကိုလည်း တွေ့ပါသည်။ သူမကို မြင်...ကိုက်ရသဖြင့် စိတ်ညစ်သွားကြသော ကျောင်းသားများ၏ပုံစံတွေကိုကြည့်...ာ ခေမာ ရယ်ချင်ပက်ကျိဖြစ်မိသေး၏။ သူမဆိုသည့် ခေမာက သူငယ်...ချင်းတွေ၏ရှေ့မှာ တံတိုင်းလို ကာဆီးထားသူပဲ မဟုတ်ပါလား။

သို့သော်လည်း ...

စားသောက်စရာတွေ မှာပြီးချိန်မှာတော့ ခေမာ ဘဝင်မကျဖြစ်...ကာ မျက်မှောင်ကြုတ်မိတော့သည်။ နှင်းဖြူတို့သုံးယောက်သည် တစ်စုံ...တစ်ယောက်ရောက်လာမည်ကို စိုးရိမ်သော မျက်နှာပေးတွေနှင့် ကင်တင်း...ဝင်ပေါက်ဝသို့ပဲ မကြာခဏ လှမ်းလှမ်းကြည့်နေ၍ဖြစ်သည်။

ထို့ကြောင့် မျက်ခုံးအတွန့်ချိုးကာ မေးရတော့သည်။

"ဟဲ့ ... နင်တို့ ဘာတွေဖြစ်နေကြတာလဲ၊ ဆိုင်အပေါက်ဝကိုပဲ ...လှမ်းကြည့်နေကြတယ်"

"မဟုတ်ပါဘူးဟာ၊ ဒီလိုပါပဲ"

ပျက်သွားသောမျက်နှာကို ပြင်ရင်း မေသက်ဇော်က ဖြေလိုက်...၌ ဒါသည်ကိုပင် ဘဝင်မကျနိုင်သေးသော ခေမာက ...

"မဟုတ်သေးပါဘူးဟာ၊ နင်တို့မျက်နှာတွေကို ကင်တင်းထဲ...ကိမှ တစ်မျိုးဖြစ်နေကြတယ်၊ ဘာဖြစ်တာလဲ၊ ငါ့ကို မှန်မှန်ပြော"

"ဘာ ... နင်ထင်လို့ပါ ခေမာရာ၊ တကယ် ဘာမှမဖြစ်ပါဘူး"

ခေမာက အကြည့်စူးစူးနှင့် သုံးယောက်စလုံး၏မျက်နှာတွေကို ...ည့်စီ ကြည့်လိုက်သည်။ မျက်နှာတွေအားလုံး မလုံမလဲဖြစ်သွားကြ...ကို တွေ့လိုက်ရပြီး သံသယစိတ်က ပိုမိုဝင်ရောက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com

"နှင်းဖြူ . . . နင်တို့နဲ့ ငါဆိုတာ ငယ်ငယ်လေးကတည်းက ပေါင်း လာတာနော်၊ ငါ့ကို မညာနဲ့၊ နင်တို့ တစ်ခုခုကို ဖုံးကွယ်နေတယ်ဆိုတာ ငါ သိတယ်၊ အဲဒါ ဘာလဲပြော"

အသံက ဒေါသအရောင်ပါလာသည်။ နှင်းဖြူတို့လည်း တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေကြ ၏။

ထိုစဉ်မှာပဲ . . .

"ဘယ်ပြောမလဲဗျ၊ သူတို့က ခင်ဗျားမရှိတဲ့အချိန်မှာ မဟုတ်တာ တွေ လုပ်ထားကြတာကိုး . . . ဟား ဟား"

အသံကြောင့် အားလုံးပဲ ဝုန်းခနဲ ကြည့်လိုက်မိကြသည်။ ဘယ် အချိန်က ဝိုင်းနားသို့ရောက်လာမှန်းမသိသော ကျော်ကိုကိုအောင်ကို တွေ့ လိုက်ရ၏။

နှင်းဖြူက အရင် . . .

"ရှင် ဘာတွေလာပြောနေတာလဲ၊ ရှင်နဲ့ ဘာဆိုင်လို့လဲ"

ကျော်ကိုကိုအောင်က မခိုးမခန့် ရယ်လိုက်သေးသည်။ ပြီးမှ မျက် ပေါက်ကျဉ်းကျဉ်းနှင့် ကြည့်ရင်း . . .

"ဘာမှမဆိုင်ပေမယ့် အဖြစ်မှန်တွေကို လာပြောတာလေ"

ထိုသို့ စကားစလိုက်ပြီးမှ ကျော်ကိုကိုအောင်က ခေမာ့ကို စေ့စေ့ ကြည့်ကာ . . .

"ကဲ . . . ခေမာဆိုတဲ့ ဆရာမကြီး . . . မင်း ကျောင်းမတက်တဲ့ရက် တွေမှာ မင်းရဲ့ချစ်သူငယ်ချင်းတွေက နောင်ရိုးဆိုတဲ့ကောင်နဲ့ ဒီနေရာမှာ





နေ့တိုင်း တွေ့နေကြတာဗျ၊ မင်းကတော့ မင်းသူငယ်ချင်းတွေကို ရည်းစား ရအောင် ကာကွယ်နေတာ၊ သူကို့ကတော့ တော်တော်ရည်းစားထားချင် နေပုံရတယ်၊ သုံးယောက် တစ်ယောက်တောင် အကြည်ဆိုက်နေကြသေး သယ်၊ မင်း ခုတော့ ဘာတတ်နိုင်သေးလဲ၊ မတတ်နိုင်တော့ဘူးမဟုတ် လား . . . ဟား ဟား"

"မဟုတ်ဘူး၊ အဲဒီလိုမဟုတ်ဘူး၊ ရှင် . . . ရှင် ရမ်းသမ်းပြီး မပြော နဲ့"

ထိုင်နေရာမှမထဘဲ ဟေမန်က လှမ်းအော်လိုက်သည်။ ထိုအချိန် မှာပဲ နီရဲတင်းမာနေသောမျက်နှာနှင့် ကျော်ကိုကိုအောင်ရှေ့မှာ မျက်နှာချင်း ဆိုင် ရပ်လိုက်ရင်း ခေမာက . . .

"နင် ဘာပဲပြောပြော ငါ ဂရုမစိုက်ဘူး၊ လောလောဆယ် ငါ့ သူငယ်ချင်းတွေကို စော်ကားတဲ့အတွက်"

မထင်မှတ်သော အပြုအမူဖြစ်သည်။ ဖြန်းခနဲ အသံနှင့်အတူ သူ့ ပါးပြင်ပေါ်သို့ ကျရောက်လာသော ခေမာ၏လက်ဝါးတစ်ဖက်ကို ကျော်ကို ကိုအောင် လက်ခံလိုက်ရ၏။

မျက်စိထဲ မီးပွင့်သွားကာ ကြောင်အမ်းနေစဉ်မှာပဲ ခေမာ၏ဆတ် ဆတ်ခါနေသောအသံက . . .

"နင် . . . နင် . . . ငါ့ရှေ့က အခုထွက်သွား"

ကျော်ကိုကိုအောင်၏မျက်နှာသည် အရှက်၊ ဒေါသတို့ဖြင့် ပေါင်း စပ် ရဲတက်လာပြီး . . .

"မင်း . . . မင်း . . . ငါ့ကို စော်ကားတာ နှစ်ခါရှိပြီ . . . တောက်!"


www.burmeseclassic.com

www.burmeseclassic.com


"အေး ... နောက်တစ်ခါဆိုရင်တော့ သုံးခါပဲ"

ကောက်ကျစ်စဉ်းလဲသောအကြည့်ဖြင့် စူးစူးရဲရဲကြည့်ကာ ကျော်ကိုကိုအောင် လှည့်ထွက်သွားလေသည်။

ဒေါသကြောင့် တဆတ်ဆတ်တုန်နေသေးသော ခေမာက နှင်းဖြူတို့ဘက်သို့ မျက်နှာပြန်မူလိုက်မိ၏။

တစ်ယောက်ချင်းစီ ကြည့်လိုက်ပြီးမှ ...

"နှင် ... နှင်တို့ကရော ဘာ ... ဘာလုပ်တာလဲ၊ တစ်သက်လုံး နှင်တို့အပေါ်ထားခဲ့တဲ့ ငါ့ယုံကြည်မှုကို စော်ကားလိုက်တာလား"

အသံက ဒေါသနှင့် ဝမ်းနည်းယူကျုံးမရစိတ်တို့ ပေါင်းကာ တုန်ယင်နေသည်။ နှင်းဖြူက တောင်းပန်သောအကြည့်နှင့် မဝံ့မရဲကြည့်လိုက်ရင်း ...

"မ ... မဟုတ်ပါဘူး ခေမာရယ်၊ ငါ ... ငါတို့ ရှင်းပြပါဦးမယ်"

"ရှင်းပြမယ်ဆိုကတည်းက နှင်တို့ဝန်ခံလိုက်တာပဲလေ၊ ဒီတော့ ဒီနေ့က စပြီး နှင်တို့လည်း နေချင်သလိုနေ၊ လုပ်ချင်ရာသာ လုပ်တော့၊ ငါနဲ့လည်း သူငယ်ချင်းမဟုတ်တော့ဘူးလို့ သဘောထားလိုက်"

ပြောပြီး ချာခနဲ လှည့်ထွက်လိုက်သဖြင့် နှင်းဖြူတို့သုံးယောက်စလုံး ပြိုင်တူထရပ်လိုက်ကာ ...

"ခေမာ"

တောင်းပန်သောအသံ၊ ဝမ်းနည်းသော မျက်နှာပေးတွေနှင့် ကြည့်ကာ လှမ်းခေါ်လိုက်ကြခြင်းဖြစ်သည်။ သို့သော်လည်း ဆတ်ခနဲ လှည့်လာသော ခေမာ့မျက်နှာပေါ်က အေးခဲတင်းမာသည့်အကြည့်ကိုသာ ရင်ဆိုင်လိုက်ရ၏။ ပြီး ... ထွက်လာသော စကားသံကလည်း သူတို့တစ်သက်လုံးမှာ တစ်ခါမှ မကြားဖူးခဲ့သလို ခက်မာပြတ်သားစွာ ...

"ငါ့နောက်ကို မလိုက်လာကြနဲ့နော်၊ နှင်တို့ဆီက ဘာစကားမှ မကြားချင်တော့ဘူး"

ခေမာ လှည့်ထွက်သွားလေပြီ။ သုံးယောက်စလုံး ဝမ်းနည်းကျိုးကြွစွာ ရပ်နေမိကြပြီးမှ နှင်းဖြူက အရင် ...

"ငါ ... ငါတို့ မှားသွားပြီထင်တယ်ဟာ"

"ဟုတ်တယ် နှင်းဖြူ၊ ငါတို့ သူ့အပေါ် ဒီခံစားမှုမျိုး မပေးသင့်ဘူး"

ဟေမန်ကပါ ဝင်ပြောလိုက်၏။ မေသက်ဇော်ကတော့ ဘာမှ မပြောနိုင်တော့သလို ငြိမ်သက်နေသည်။

သုံးယောက်စလုံး၏ မျက်ဝန်းတွေမှာတော့ မျက်ရည်စတွေ ကိုယ်စီနှင့် ...။

■



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၄ )

"ကျွန်တော့်ကို စကားနည်းနည်းလောက် ပြောခွင့်ပြုပါ ခေမာ"

လူသူကင်းမဲ့နေသော စာသင်ခန်းအလွတ်တစ်ခုအတွင်း တစ်ယောက်တည်း အားရပါးရ ငိုချပြီးချိန်မှာ ထိုအသံကို ကြားလိုက်ရခြင်း ဖြစ်သည်။ ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်သွားကာ နီရဲမို့အစ်နေသည့် မျက်ဝန်းတွေနှင့် ခေမာ လှည့်ကြည့်လိုက်မိ၏။

ချက်ချင်းဆိုသလို ဒေါသကြောင့် မျက်နှာက ပြန်ရဲတက်လာကာ

"ရှင် ... ရှင် ဘာလာလုပ်တာလဲ၊ ရှင့်ဆီက ဘာစကားမှ မကြားချင်ဘူး၊ ခုချက်ချင်း ထွက်သွားပါ"

ထိုသို့ပြောလိုက်သည့်တိုင် နောင်ရိုးခြေထောက်တွေက တုတ်တုတ်မျှမလှုပ်ဘဲ ...





"မသွားနိုင်ဘူး ခေမာ၊ ဒီနေ့ ခေမာတို့ဖြစ်ခဲ့တာတွေကို ကျွန်တော် အားလုံးမြင်ပါတယ်၊ တကယ်တော့ ဒီကိစ္စတွေဟာ ကျွန်တော့်ကြောင့်ပါ။ ခေမာ ဖြည့်ပေးခဲ့တဲ့ ဖယားကွက်လေးကို အကြောင်းပြုပြီး ကျွန်တော် သူတို့အပေါ်ကို ဖြားယောင်းခဲ့တာပါ"

"နေစမ်းပါဦး၊ ရှင်က ဘာကိုအလိုရှိလို့ သူတို့အပေါ် ဖြားယောင်းခဲ့တာလဲ"

စကားပြန်ပြောလာသည်မို့ နောင်ရိုး အနည်းငယ် အားတက်သွားပြီး ...

"သူတို့အပေါ် ဖြူဖြူစင်စင် ဖြားယောင်းခဲ့တာပါဗျာ၊ ကျွန်တော် လိုချင်တာက သူတို့ဆီက ခင်မင်မှုပဲ"

"အဲဒါ သူတို့ညံ့လို့ ခံရတာ၊ ကျွန်မသာ ရှိနေရင် အဲဒီလို ဖြစ်စရာ ကိုမရှိဘူး"

"ဟုတ်မှာပါ၊ ကျွန်တော်နဲ့သူတို့ စကားပြောဖြစ်ခဲ့ကြတဲ့ အချိန်မှာ တောင် သူတို့အားလုံး ခေမာ့အပေါ် ဘယ်လောက်ချစ်ခင်အလေးထားတယ် ဆိုတာကိုပါ ကျွန်တော် သိလိုက်ရတယ်၊ ဒါပေမဲ့ဗျာ သူတို့ရင်ထဲမှာလည်း တခြားကျောင်းသူတွေလို ယောက်ျားလေးသူငယ်ချင်း ထားချင်စိတ်ကလေး တော့ ဖြစ်မိမှာပေါ့၊ ဒါတောင် ခေမာ့အပေါ် ချစ်စိတ်နဲ့ သူတို့ ဆင်ခြင်ခဲ့ တာပဲလေ၊ ကျွန်တော်ကသာ ခေမာ ခရီးသွားတဲ့အချိန်လေးမှာ အခွင့်ကောင်း ယူပြီး ခင်မင်မှုကို ယူခဲ့တာပါ၊ ကျွန်တော် သူတို့ဆီက ဘာမှထပ်မမျှော်လင့် ပါဘူး"

"ဒါဆို ... ရှင်မျှော်လင့်တာက ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



နောင်ရိုးက ပင့်သက်ကို ရှိုက်လိုက်ပြီးမှ တစ်လုံးချင်း ပြောလိုက်သည်။

"ကျွန်တော်က ခေမာနဲ့ သူငယ်ချင်း ဖြစ်ချင်တာပါ"

"ဘာ"

ခပ်ကျယ်ကျယ်အော်လိုက်ပြီး ခေမာက နောင်ရိုးကို မထိတ်တလန့် စိုက်ကြည့်လိုက်သေးသည်။

ပြီးမှ ...

"သွားစမ်းပါ၊ အဲဒါ ကျွန်မဘက်က ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး၊ ရှင်လည်း မမျှော်လင့်နဲ့"

"ဒါဆို ... ဒီကျောင်းထဲမှာ ခေမာ့အတွက် ယောကျ်ားလေးသူငယ်ချင်းတစ်ယောက်လောက်တောင် တကယ်မလိုအပ်ဘူးလား"

"မလိုပါဘူး၊ မွေးကတည်းက တစ်ယောက်တည်းပဲ၊ ခုလည်း တစ်ယောက်တည်း ဖြစ်ပါတယ်၊ ကျွန်မ ဘယ်သူ့ဆီက ဘာမှမျှော်လင့် မထားဘူး"

စိမ်းစိမ်းခက်ခက် ပြောလာသည့်စကားကို နောင်ရိုးက အပြုံးယဲ့ယဲ့နှင့်ပင် ...

"စကားကို အကုန်မပြောပါနဲ့ ခေမာ၊ လူတိုင်းဟာ မျှော်လင့်ချက်ဆိုတာလေးနဲ့ အသက်ရှုနေကြတာပါ၊ သိစိတ်က မဟုတ်ရင်တောင် ခေမာ့ မသိစိတ်က မျှော်လင့်နေတာမျိုး ရှိကောင်းရှိမှာပါ"

စကားအဆုံးမှာ ခေမာ တွေခနဲဖြစ်သွားသည်ကို ကြည့်ရင်း နောင်ရိုး ဆက်ပြောလိုက်သည်။





"ကဲပါ ... ကျွန်တော် ပြောချင်တာကတော့ ကျွန်တော့်ကြောင့်တော့ ခေမာ့သူငယ်ချင်းတွေကို မမုန်းလိုက်ပါနဲ့၊ သူတို့ မသိစိတ်ထဲမှာလည်း ခေမာရှိမှ သူတို့ လုံခြုံတယ်လို့ ထင်နေသူတွေပါ၊ ခေမာ ကျောင်းပြန်တက်တော့မှာမို့ ကျွန်တော့်ကိုတောင် သူငယ်ချင်း မလုပ်တော့ဘူးလို့ ပြောတာ၊ ခေမာ သိရင် အရမ်းစိတ်မကောင်းဖြစ်မှာတဲ့၊ ကျွန်တော်ကလည်း သူတို့ ပြောတာကို နားလည်လက်ခံခဲ့ပါတယ်၊ ဒီတော့ ဘာမှမဟုတ်တဲ့ ကျွန်တော့်လိုကောင်တစ်ကောင်ကြောင့်တော့ ခေမာတို့ စိတ်ဝမ်းမကွဲကြပါနဲ့ဗျာ၊ သူတို့ကို နားလည်ပေးလိုက်ပါ၊ ပြောချင်တာကတော့ ဒါပါပဲ"

ပြောပြီး နောင်ရိုး ချာခနဲ လှည့်ထွက်ခဲ့လိုက်သည်။ ချက်ချင်းဆိုသလိုပဲ ...

"နောင်ရိုး"

ခေါ်သံကြောင့် လှည့်ကြည့်မိပြန်၏။ ခေမာ လှမ်းပြောလာသောစကားသံက စိမ်းရှရှ။

"ရှင် ... သူတို့နဲ့ သူငယ်ချင်းလို ဆက်ဆံရေးမျိုးတောင် နောက်ထပ်မပတ်သက်တော့မှာ သေချာလား"

နောင်ရိုးကတော့ လျှော့ရဲရဲပြုံးကာ ခေါင်းအသာညိတ်လိုက်ရင်း–

"သေချာပါတယ်၊ ကတိလည်းပေးပါတယ်၊ အဲ ... ခြွင်းချက်အနေနဲ့ကတော့ ခေမာ ခွင့်မပြုခင်အချိန်ထိပေါ့"

ထိုသို့ပြောကာ နောင်ရိုး လှည့်ထွက်သွားလေသည်။ အတန်ကြာသည့်အထိ ငြိမ်ဆိတ်စွာထိုင်ရင်း ခေမာ စဉ်းစားနေမိသေး၏။ ပြီးမှ ဆုံးဖြတ်ချက်တစ်ခုချကာ ထရပ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဆုံးဖြတ်ချက်နှင့်အတူ ခေမာ့ခြေလှမ်းတွေ၏ဦးတည်ရာသို့ လျှောက်မိလျက်သား ဖြစ်နေသည်။

အတန်ကြာသည်အချိန်မှာတော့ . . .

ကင်တင်းထဲ၌ ဝမ်းနည်းစွာ ထိုင်နေသေးကြသည့် နှင်းဖြူတို့၏ မျက်ဝန်းများသည် သူမတို့ရှိရာသို့ လျှောက်လာနေသည့် ခေမာ့ကို လှမ်း တွေ့လိုက်ရလေသည်။

လေးယောက်စလုံး၏မျက်ဝန်းတွေထဲ၌ မျက်ရည်စတွေ ရှိကျန်နေ သေးသော်လည်း နှုတ်ခမ်းထက်မှာတော့ အပြုံးတစ်ခုစီ ပွင့်အာလန်လာ ပါတော့သည်။



# ( ၁၅ )

"ဘာပဲပြောပြော နောင်ရိုးကြောင့် ငါတို့သူငယ်ချင်းတွေ အရင်လို ပြန်ဖြစ်သွားတာလေ၊ သူ့ကိုတော့ ကျေးဇူးတင်သင့်တယ်"

ဟေမန်ပြောလိုက်သော စကားအဆုံးမှာ ခေမာက မျက်စောင်းပျပျ ထိုးလိုက်ရင်း . . .

"နင်တို့တွေဟာလေ . . . တစ်ရက်တစ်ရက် အဲဒီနောင်ရိုးဆိုတဲ့ နာမည်မပါရင် စကားမပြောတတ်ကြတော့ဘူးလား"

"ဩော် ခေမာရယ် . . . အမှန်အတိုင်းပြောရရင် နောင်ရိုးက ခင်ဖို့ ကောင်းပါတယ်၊ ပြီးတော့ သူနဲ့ စကားပြောရတာက ရယ်ရတယ်"

"ဒါတင် ဘယ်ကမလဲ၊ တစ်ခါတလေ ထိတ်ထိတ်လန့်လန့်တောင် ဖြစ်ရသေးတယ် . . . အဟီး"



www.burmeseclassic.com

www.burmeseclassic.com

ပြန်စဉ်းစားမိကာ ရယ်ကြပြန်သည်၊ ပြောမှ ပိုဆိုးလာတယ်ဆိုသည့် အကြည့်နှင့် ခေမာက …

"တော်ပြီ … တော်ပြီ၊ ဆက်မပြောနဲ့တော့၊ နင်တို့ကို ငါ ပြော ထားတယ်နော်၊ နင်တို့ ကြိုက်တဲ့လူနဲ့ သူငယ်ချင်းလုပ်လို့ရတယ်၊ ဒီထက် ပိုပြီး ရည်းစားထားချင်ရင်လည်း ထား၊ အေး … တစ်ခုတော့ ပြောထား မယ် အဲဒီလူတွေနဲ့ ငါ့ကိုတော့ မိတ်ဆက်မပေးနဲ့၊ တစ်ပိုင်းတည်းလည်း မထိုင်နိုင်းနဲ့ … ဒါပဲ"

ခေမာက ပြတ်သားစွာ ဆိုလိုက်သည်။ ဒါသည်ပင် သူမဘက်က မနည်းလျှော့ပေးထားခြင်းဖြစ်၏။

နှင်းဖြူ …

"အဲလိုတော့ မပြောပါနဲ့ဟာ၊ ငါတို့သုံးယောက်လည်း ဆုံးဖြတ် ထားပါတယ်၊ ရည်းစားထားဖို့ကို မပြောနဲ့၊ သူငယ်ချင်းဆိုရင်တောင် နင် အသိအမှတ်ပြုနိုင်မယ့်လူမျိုးမှ လက်ခံမယ်ဆိုပြီးတော့လေ"

ထိုစကားကြောင့် ခေမာ့မျက်ဝန်းထဲ မျက်ရည်ကြည်လေးဝေ ရစ်ဝိုင်းသွားရသည်။ သက်ပြင်းကိုလည်း ဖွဖွချရင်း …

"တကယ်တော့လေ၊ ငယ်ငယ်တုန်းကပဲ ချစ်ခဲ့ရတဲ့ သူငယ်ချင်း တွေမို့ နင်တို့ တခြားသံယောဇဉ်တွယ်သွားရင် ငါ့အနားက ထွက်သွားမှာ စိုးလို့ အတ္တကြီးပြီး တားခဲ့တာပါဟာ၊ ပြန်စဉ်းစားကြည့်တော့ အချိန်တန် ရင် ကိုယ့်လမ်းကိုယ်လျှောက်ရမှာပဲလေ၊ ဒါကြောင့် နင်တို့စိတ်နဲ့ နင်တို့ နေပါလို့ ပြောတာပါ၊ ငါ့ကို ဘာမှငဲ့ကွက်နေစရာ မလိုပါဘူး"

ထိုစကားကြောင့် သုံးယောက်စလုံး မျက်ရည်ကိုယ်စီ ဆို့သွားကြ သည်။

ဟေမန်က …

"ခေမာ … နင် အဲဒီစကားမျိုး နောက်တစ်ခါ ထပ်မပြောပါနဲ့ တော့၊ နင်နဲ့ငါတို့ဟာ ထာဝရသူငယ်ချင်းတွေပဲ၊ ခုချိန်ကစပြီး ဘာကိစ္စမဆို နင်လက်ခံမှ ငါတို့လုပ်မယ်၊ ဟိုး … အရင်တုန်းကလိုပဲလို့ နင် သဘော ထားလိုက်"

"နင်တို့ဆီက ခုလို စကားကြားရတာ ငါ ဝမ်းသာပါတယ်၊ ဒါပေမဲ့ … ငါ့ပုံစံက ပြောင်းလဲမှာမဟုတ်တော့ နင်တို့ကို အားနာလို့ပါ"

"အာ … ဘာအားနာစရာလိုလို့လဲ၊ နင်က ဒါဆို … ငါတို့လည်း ပဲပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်တယ်"

"အေးလေ … ခေမာကလည်း"

သူငယ်ချင်းသုံးယောက်၏သံယောဇဉ်စကားတွေကြောင့် ခေမာ တိတ်လိုက်ခါခါ ကြည်နူးသွားရသည်။

ခုလည်း ကျောင်းဆင်းပြီးမှ ကင်တင်းတွင် ခဏဝင်ထိုင်ကာ စကားပြောနေကြခြင်းဖြစ်သည်။

ခေမာက နာရီတစ်ချက် ကြည့်လိုက်ရင်း …

"ကဲ … ပြန်ကြရအောင်၊ အိမ်မှာက အဘိုးတစ်ယောက်တည်း"

"အေး … ပြန်မယ်လေ၊ ဒါနဲ့ နင့်အဘိုးရော ကျန်းမာရေးက ခုခြေအနေကောင်းရဲ့လား"

ခေမာက ခပ်ယဲ့ယဲ့ပြုံးရင်း …







www.burmeseclassic.com

www.burmeseclassic.com



"အရင်လိုပါပဲဟာ၊ အိပ်ရာထဲ လဲနေတာမျိုးတော့ မဟုတ်ဘူးပေါ့"

အားလုံးပဲ သက်ပြင်းချမိကြသည်။ ငွေကြေးချမ်းသာပြည့်စုံသော်လည်း မြေးအဘိုးနှစ်ယောက်သာ ရှိတော့သည့် ခေမာ့ဘဝကို တွေးမိတိုင်း စိတ်မကောင်းကြ။ ပြီး ... အို ...။

သို့နှင့် ကင်တင်းမှ ကားပါကင်သို့ လျှောက်လာသောလမ်း နောင်ရိုးကို တွေ့လိုက်ရသေးသည်။ တစ်ယောက်တည်း မျက်နှာချင်းဆိုင် ဘက်မှ ငိုက်စိုက်ငိုက်စိုက်နှင့် လျှောက်လာခြင်းဖြစ်၏။

စပြီးမြင်လိုက်သော မေသက်ဇော်က ...

"ဟဲ့ ... ဟိုမှာ နောင်ရိုးမဟုတ်လား"

အားလုံးနှင့်အတူ ခေမာပါ လှမ်းကြည့်လိုက်မိသည်။ နောင်ရိုး လည်း လှမ်းကြည့်သဖြင့် ခေမာနှင့် အကြည့်ချင်းဆုံသွားသေး၏။ ရှုးရှသော နောင်ရိုးအကြည့်ကြောင့်လည်း ရင်ထဲမှာ နွေးခနဲ၊ လှပ်ခနဲ။

ချက်ချင်းဆိုသလို ခေမာက မျက်လွှာလေးကိုချကာ နှင်းဖြူ့ အား ...

"နင်တို့ နှုတ်ဆက်ချင်ရင် နှုတ်ဆက်လို့ ရတယ်နော်၊ ငါ့ကို ဘာ အားမနာနဲ့"

သုံးယောက်စလုံး ဘာမှပြန်မပြောကြချေ။

ထိုအချိန်မှာပဲ နှင်းဖြူက ...

"နှုတ်ဆက်လို့ ရပါလိမ့်မယ် အားကြီးကြီး၊ နင့်လူက ငါတို့ထက် တောင် ကတိတည်သေးတယ်၊ ကြည့်လိုက်ဦး"

"ဟင်"





"ဟင်"

ဆတ်ခနဲ လှမ်းကြည့်ရင်း ခေမာ အံ့သြစွာ ရေရွတ်လိုက်မိသည်။ ပါသည်။ သူမတို့နှင့် ဆယ့်ငါးပေအကွာလောက် ရောက်မှ နောင်ရိုးက တ်ခနဲ နောက်ပြန်လှည့်ထွက်လာခြင်းဖြစ်၏။ နောင်ရိုးသည် သူမ င်းခဲ့သော ကတိအတိုင်း နှုတ်ဆက်ရမှာစိုး၍ ရှောင်ထွက်သွားတာများ ထိုသို့တွေးမိကာ ရင်ထဲ၌ လှိုင်းတစ်ခုက ဖြတ်စီးသွား၏။ ဘယ်စိတ် မှကနေ ပေါက်ဖွားလာသော လှိုင်းမှန်းတော့ သူမလည်း မဝေခွဲတတ်

ကားပါကင်ရှေ့ရောက်တော့ နှင်းဖြူက ...

"ကဲ ... ခေမာရော ဟေမန်ပါ ကားကို ကောင်းကောင်းမောင်း ကြနော်၊ ငါနဲ့ မေသက်နဲ့လည်း လစ်ပြီ"

ကားက နှင်းဖြူနှင့် မေသက်ဇော်တို့က တစ်စီးဖြစ်၍ ခေမာနှင့် တာန်တို့က တစ်ယောက်တစ်စီးစီဖြစ်သည်။

တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်ပြီး ကိုယ့်ကားပေါ် ကိုယ် ဆိုင်ရင်း ခေမာ့စိတ်ထဲ အနည်းငယ် လှုပ်ရှားနေသေးသည်။ နှင်းဖြူနှင့် မန်တို့ကားတွေ မောင်းထွက်သွားပြီး အတန်ကြာမှ သူမလည်း မောင်း တ်လာခဲ့၏။

ကျောင်းဝင်းထဲမှ မောင်းထွက်လာခဲ့ပြီး လမ်းမပေါ်သို့ နှစ်မှတ် ိုင်လောက်ပဲ ရောက်သေးသည်။ ကားက ဘာဖြစ်သည်မသိ။ စက် ရုတ် ရက် သေကာ တုံ့ခနဲရပ်သွားလေသည်။ ကြိုးစားပြီး စက်ပြန်နှိုးကြည့် ်လည်း မရ။ ဘာလုပ်ရမည်မှန်းမသိဘဲ ကားအပြင်ဘက်သို့ ထွက်လိုက်



www.burmeseclassic.com

www.burmeseclassic.com

၏။ ကိုယ်က ကားသာ မောင်းတတ်သည်။ မိန်းကလေးမို့ ကားပြင်ဖို့ဆိုတာ ဝေးလာဝေ။ ကိုယ့်ကား ဘယ်နေရာက စက်ချို့ယွင်းသွားသည်ကိုပင် မသိချေ။

ခုလည်း အကူအညီတစ်ခုခုများ ရမလားဟု တွေးကာ အပြင်ထွက် ရပ်နေမိခြင်း ဖြစ်၏။ ကားတစ်စီးစီးလာလျှင် အကူအညီတောင်းကြည့်မည် ပေါ့။ မရလျှင်လည်း ကားထားခဲ့ကာ တက်စီနှင့်ပဲ ပြန်မည်ပေါ့။

ထိုအချိန်မှာပဲ ကားအကောင်းစားနှစ်စီးသည် သူမ၏ကားရှေ့မှာ တစ်စီး၊ ကားနောက်မှာ တစ်စီး၊ အသီးသီး ဝင်ရပ်လိုက်ကြ၏။ ရုတ်တရက် မို့ ဘာမှန်း ခေမာ မသိသေး။ ထိုကားနှစ်စီးထဲမှ ထွက်လာသော လူငါး ယောက်ထဲက တစ်ယောက်ကိုကြည့်ကာ …

"ဟင် … ကျော်ကိုကိုအောင်"

ခပ်တိုးတိုးရေရွတ်လိုက်မိခြင်းဖြစ်သည်။ ထိုအချိန်မှာပဲ ကျော်ကို ကိုအောင် အပါအဝင် ငါးယောက်သည် ခေမာ့ကို မသိမသာ ဝန်းရံလိုက် ကာ …

"ဒေါ်ခေမာ … ကားက ဘာဖြစ်တာလဲဗျ။ အကူအညီလိုရင် ပြောနော်၊ ကိုယ်တွေက ငါးယောက်တောင်ဆိုတော့ အားရပါးရ ကူညီလို့ ရတယ်"

ကျော်ကိုကိုအောင်ထံမှ ချဉ်စုတ်သော အရက်နံ့ကို ရလိုက်၏။ ပြီး … သူမကို ကြည့်နေသော အကြည့်တွေကလည်း စားမတတ်၊ ဝါးမ တတ်။

အနည်းငယ် တုန်လှုပ်သွားသော်လည်း ခေမာက ဟန်ဆောင်ကာ





ခန့်တင်းလိုက်ရင်း …

"ဘာအကူအညီမှမလိုဘူး၊ နင်တို့ ကိုယ့်လမ်းကိုယ်သွားပါ"

"အားပါး … ရင့်လှချည်လား ဒေါ်ခေမာရဲ့၊ ကိုယ်တို့က တကယ် ကူညီမလို့ပါ၊ အဲ … ကားတော့ မပြင်တတ်ဘူးနော်၊ ဒါပေမဲ့ … လိုက်ပို့ ပေးမယ်လေ … လာပါ"

ပြောရင်း လယ်ကို ဆတ်ခနဲ ဆွဲလိုက်သည်။ အငိုက်မိသွားသဖြင့် ပါလိုက်ရသော်လည်း ချက်ချင်းဘဲ ရုန်းလိုက်ကာ …

"ကျော်ကိုကိုအောင် … နင် … နင် မရိုက်ရိုင်းနဲ့နော်၊ ကိုယ့်လမ်း ကိုယ်သွားတော့"

"ဟား ဟား … မိုက်ရိုင်းစော်ကားခဲ့တာက မင်းလေ၊ မင်းက အခါခါမိုက်ရိုင်းပေမယ့် ငါက တစ်ခါပဲ မိုက်ရိုင်းမှာပါ၊ ဟေ့ကောင်တွေ ဒီမှာကို ငါ့ကားပေါ် ဆွဲတင်လိုက်"

"ရှင် … ရှင်တို့ မယုတ်မာနဲ့နော်"

ခေမာ တုန်လှုပ်ကြောက်ရွံ့စွာ ပြောလိုက်သော်လည်း ကျန်လူနှစ် ယောက်က ဆတ်ခနဲ လက်ကို ချုပ်ကိုင်လိုက်၏။

ခေမာ ရုန်းနေစဉ်မှာပဲ …

"ဟေ့ကောင်တွေ … ခဏ"

ကျော်ကိုကိုအောင်က ခဏဟု တားလိုက်ခြင်းဖြစ်၏။ အကြောင်း မှာ ခပ်လှမ်းလှမ်းဆီမှ ကျောင်းဖယ်ရီကားတစ်စီး မောင်းလာ၍ဖြစ်သည်။ ထိုကားသေးမှအဖြတ်မှာ ကျော်ကိုကိုအောင်အပါအဝင် ငါးယောက်က ခေမာ့ ကို မမြင်နိုင်အောင်ကွယ်ပြီး ဘာမှမဖြစ်သလို နေလိုက်ကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဖယ်ရီကား ဖြတ်သွားတော့မှ ...

''ဟော့ကောင်တွေ ... ဆွဲတင်တော့''

ဒီတစ်ခါတော့ လေးယောက်စလုံး ခေမာ့ကိုချုပ်ကာ ကျော်ကို အောင့်ကားဆီသို့ အတင်းဆွဲခေါ်တော့သည်။ ခေမာလည်း ရှိသမျှအား ရုန်းကန်ရင်း ...

''နင် ... နင်တို့ လွှတ်ကြနော်၊ လူယုတ်မာတွေ၊ သူတောင်း တွေ''

''ဟာ ... ဒီဟာမတော့''

ကြောက်စိတ်တို့ဖြင့် ခေမာ့မျက်နှာလေးက ဖွေးဆွတ်နေလေ မထင်မှတ်ထားသော အခြေအနေတစ်ခုမှာ ဘဝနစ်မွန်းရတော့မည်လား ရုန်းကန်ရင်း ပျော့ခွေလာသလို ခံစားနေရသည်။

ထိုစဉ်မှာပဲ ...

''ခွေးသူတောင်းစားတွေ ... ရပ်စမ်း''

အော်သံနှင့်အတူ တဖုတ်ဖုတ်ပြေးလာသော ခြေသံကို ကြားလိုက် ရပြီး ခေမာ့ကို ဆွဲထားသည့် လူလေးယောက် ဖရိုဖရဲဖြစ်သွားကြသည် လူတစ်ယောက်က ဝင်လာကာ ထိုးကြိတ်လိုက်ခြင်းဖြစ်၏။

ခဏတော့ ကြောင်အမ်းသွားကြပြီး ကျော်ကိုကိုအောင်၏လူ ထံမှ ...

''ဘာကောင်လဲကွာ၊ ချ ... ချ''

ခေမာတော့ လောလောဆယ် လွတ်မြောက်သွားလေပြီ။ သို့သော် ငါးယောက်တစ်ယောက် ထိုးကြိတ်နေကြသံတွေကိုတော့ ကြားနေရသေး





ရန်ပွဲကို မဝံ့မရဲကြည့်လိုက်တော့ ...

''ဟင်''

နောင်ရိုးသည် ကျော်ကိုကိုအောင်တို့ ငါးယောက်အား ခုခံတိုက် ရင်း အလူးအလဲ ခံနေရသည်။ ခံနေရသည့်ကြားမှ နောင်ရိုးက ပြန်ကာ နေသေး၏။

''အဲဒီကောင်ကို အသေဖြုတ်ကွာ''

ကျော်ကိုကိုအောင်၏အော်သံနှင့် အတူရန်ပွဲက ပိုဆိုးလာသည်။ ကိုက်သီးတစ်ချက်ကြောင့် နောင်ရိုး လည်ထွက်သွားပြန်၏။

ထိုစဉ် ...

''ဟော့ကောင်တွေ ... ရပ်ကြစမ်း''

ခပ်လှမ်းလှမ်းမှာ ရပ်လိုက်သော ဖယ်ရီကားပေါ်မှ ကျောင်းသား ကြီးသည် ညာသံပေး၍ ပြေးလာတော့၏။ ကျော်ကိုကိုအောင်တို့လူစု သည်း လှမ်းကြည့်ကာ မျက်စိမျက်နှာပျက်ပြီး ကားပေါ်ပြေးတက်၍ ခရော ပေါ်း မောင်းပြေးသွားကြတော့၏။

ကျောင်းသားတွေ အနားရောက်လာချိန်မှာတော့ တုန်လှုပ်ချောက် နေသော ခေမာနှင့်အတူ ခွေခွေလေးလဲနေသည့် နောင်ရိုးကိုပဲ တွေ့ ကြရလေသည်။

ကျောင်းသားတစ်ယောက်က ...

''ထွက်ပြေးသွားတဲ့ကောင်တွေထဲမှာ တစ်ကောင်က ကျောင်းသား တလား၊ မိုက်ရိုင်းလိုက်တဲ့ကောင်ကွာ''

''အေးလေ ... ဒီကောင် နောင်ရိုး ကားပေါ်က ဝုန်းခနဲ ခုန်ဆင်း



www.burmeseclassic.com

www.burmeseclassic.com

သွားလို့ ဘာဖြစ်တာလဲဆိုပြီး ကားကို ရပ်ခိုင်းလိုက်တာ၊ မီလိုက်ရင်တော့ များကွာ''

ဒေါသတကြီး ပြောသူကပြော၊ နောင်ရိုးကို ဆွဲပွေ့ထူသူကထူ လုပ်နေကြသည်။ ဒီလောက်ဆို ခေမာလည်း အဖြစ်မှန်အား ရိပ်မိလိုက်သော ပြီ။ သူမနှင့်ကျော်ကိုကိုအောင်တို့အဖွဲ့ ဆွဲလားရမ်းလားဖြစ်နေချိန်မှာ ဖြတ် သွားသော ကျောင်းဖယ်ရီကားပေါ်မှ နောင်ရိုး ခုန်ချပြီးပြေးလာခြင်း ဖြစ် မည်။ ဒါဆို သူမကို ကယ်လိုက်တာ နောင်ရိုးပေါ့။

ထိုအချိန်မှာပဲ တကျွတ်ကျွတ် ညည်းကာ နောင်ရိုး သတိရလာပြီ

''ရတယ်၊ ရတယ်၊ ဘာမှမဖြစ်တော့ဘူး၊ ဟို ··· ဟို ··· ခေ ··· ခေမာရော''

''မင်းကောင်မလေး ရှိပါတယ်ကွာ၊ ဘာမှမဖြစ်ပါဘူး''

တစ်ယောက်က ဘုမသိ ဘမသိ ဝင်ပြောသေးသည်။ နောင်ရိုးအ လှမ်းအကြည့်၊ ခေမာကပဲ ···

''ဟုတ်ပါတယ် နောင်ရိုး၊ ကျွန်မ ဘာမှမဖြစ်ပါဘူး၊ ကား ရှေ့ တရက် ရပ်သွားချိန်မှာ အဲဒီကောင်တွေ ရောက်လာကြတာ''

ထိုအချိန်မှာပဲ ကျောင်းသားတစ်ယောက်က သူ ကြည့်တတ်သည် ဆိုပြီး ကားစက်ဖုံးဖွင့်ကာ ကြည့်ပေးသည်။

အတန်ကြာတော့ ဂူးခနဲ စက်နှိုးသံ ကြားလိုက်ရပြီး ···

''ကားက ကောင်းသွားပါပြီ၊ ဆီပိတ်သွားတာပါ''

''ကျေးဇူးတင်ပါတယ်''

ခေမာက ကျေးဇူးတင်စကားဆိုပြီး နောင်ရိုးဆီ လှမ်းသွားလိုက်သော





နောင်ရိုး မျက်ခွက်ကတော့ တော်တော်လေး ဖူးယောင်ကာ စုတ်ပြတ်သွား သည်ကို စိတ်မကောင်းစွာ တွေ့လိုက်ရ၏။

အနားရောက်တော့ နောင်ရိုးကပဲ ···

''ခေမာ ··· ခေမာ့အတွက် ယောကျ်ားလေးသူငယ်ချင်းတစ် ယောက် ရှိဖို့လိုအပ်တယ်ဆိုတာ လက်ခံပြီလားဟင်''

ခုမှ စိတ်တည်ငြိမ်သွားသော ခေမာက မျက်စောင်းပျပျထိုးရင်း ···

''အရေးထဲ ဘာတွေပြောနေတာလဲ၊ ကားလည်း ကောင်းသွားပြီ ဘာ ··· ဆေးခန်းလိုက်ပို့မယ်''

''ဟေ့ကောင် နောင်ရိုး ··· မင်း သူ့ကားနဲ့ပဲ ဆေးခန်းဝင်ပြလိုက် တော့၊ ငါတို့လည်း သွားပြီ''

ကျောင်းသားတွေ ကျောင်းကားဆီသို့ လှည့်ပြန်သွားကြ လမ်းပေါ်မှာက ··· ကားတစ်စီးအပြင် ခေမာနှင့် နောင်ရိုးတို့နှစ်ယောက် သည်။

ခေမာက ရပ်နေသေးသော နောင်ရိုးအား ···

''လာပါဆို၊ ဆေးခန်းသွားအောင်လို့''

စိုးရိမ်စွတ်စိုသော အကြည့်တွေနှင့် ခေါ်နေတာ သေချာပါသည်။ သို့သော်လည်း နောင်ရိုးက ···

''ဟာဗျာ ··· ပြောပြီးပြီလေ၊ သူငယ်ချင်းအဖြစ် လက်ခံပြီလားလို့ အဲဒါဆို လိုက်ခဲ့မယ်''

ဒီတစ်ခါတော့ ကျေးဇူးရှင်အလိုကျ ခေမာက ခေါင်းညိတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ဘောက်ဆတ်ဆတ်လေး ပြောလိုက်ပါသည်။

"အင်းပါ ... အဲဒီသူငယ်ချင်းကိုပဲ ဆေးခန်း လိုက်ပို့ပေးမလို့ ခေါ်နေတာရှင့်"



## ( ၁၆ )

နောက်ပိုင်းရက်တွေမှာတော့ ခေမာတို့အဖွဲ့၏တစ်ယောက်တည်းသော ယောက်ျားလေးသူငယ်ချင်းသည် နောင်ရိုးဖြစ်လာသလို ခေမာတို့ကလည်း နောင်ရိုးမှလွဲ၍ ဘယ်သကောင့်သားကိုမှ သူငယ်ချင်းဟု မသတ်မှတ်။ ပြောရလျှင် တခြားကောင်တွေကို ဖုတ်လေတဲ့ငါးပိ ရှိတယ်ဟုပင် မထင်ချေ။

နောင်ရိုးဘက်ကကြည့်လျှင် မချောလေးယောက် ကိုယ်တစ်ယောက်မှာ အများထင်စရာဖြစ်သော်လည်း နောင်ရိုးက ခေမာ့ကိုပဲ သိသိသာသာ သံယောဇဉ်ပိုသည်။ ဒါကို ကျန်သုံးယောက်က နားလည်သော်လည်း တစ်ခါတစ်ခါ ရှောင်ဖယ်ရှောင်ဖယ်လုပ်တတ်သည့် ခေမာ့ကို နောင်ရိုး နားမလည်ဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခေမာရာ ... နင့်က ဘာဖြစ်တာလဲ၊ နှင်းဖြူတို့ ငါ့အပေါ် ခင်သလောက် နင်ကျတော့ စိမ်းသလိုပဲ"

ထိုသို့ အားမလို အားမရ ပြောမိတိုင်း ခေမာ့မျက်ဝန်းတွေထဲ အရောင်မှိုင်းသွားကာ ...

"ခင်ပါတယ်ဟာ၊ နင်စိတ်ထင်နေလို့ပါ၊ နင်က ငါ့ကျေးဇူးရှင်ဟာကို"

"ဘာဆိုင်လို့လဲဟာ၊ နင့်နေရာမှာ တခြားကျောင်းသူတစ်ယောက် ဆိုရင်လည်း ငါ ကူညီမှာပဲ၊ ဒါပေမဲ့ နင်က ငါ့ကျရင် စိမ်းကိုစိမ်းပါတယ်"

သက်ပြင်းသာ ချမိတော့သည်။ ထိုကဲ့သို့ ခေမာနှင့် နောင်ရိုးတို့ ကြားထဲ လေဖိအားနည်းရပ်ဝန်း ဖြစ်လာပြီဆိုလျှင် နှင်းဖြူတို့က အလိုလို သိစွာ ...

"ကဲပါ နောင်ရိုးရယ် ... ခေမာက နေသိပ်မကောင်းလို့နေမှာပါ"

"ဟင် ... ဟုတ်လား၊ ပြစမ်း"

ပြောပြောဆိုဆို နောင်ရိုးက ခေမာ့နဖူးလေးအား ဆတ်ခနဲ လှမ်းစမ်းလိုက်သဖြင့် ...

"အာ ... ကောင်းပါတယ်"

ရှက်ရွံ့စွာပြောရင်း ခေမာ့မျက်နှာလေးက ရဲရဲနီသွားသည်။ ခေမာ့ကိုကြည့်ကာ အားလုံး ပြုံးစိပြုံးစိလုပ်နေကြသဖြင့် နောင်ရိုးက ...

"နင်တို့ ခေမာ့ကို မနောက်ကြနဲ့နော်၊ အဲလိုဆို ငါ တင်းမှာ"

ရယ်ကြပြန်သည်။ ကိုယ့်စကားနှင့်ကိုယ်မို့ နောင်ရိုးပင်မကဘဲ ခေမာပါ မနေတတ် မထိုင်တတ် ဖြစ်ရသေးတော့၏။





ထိုအချိန်မှာပဲ နောင်ရိုးက ရုတ်တရက် ဝါးခနဲ သန်းဝေလိုက်သည်။ ဘယ်လိုဖြစ်သည်တော့မသိ။ နောင်ရိုးကိုကြည့်ကာ ခေမာကလည်း ပါးစပ်ကို လက်ဝါးနှင့်ပိတ်၍ မိန်းမပီသစွာ သန်းဝေလိုက်ပြန်၏။

နှစ်ယောက်စလုံး၏သန်းဝေမှုကို မျက်ဝါးထင်ထင် မြင်လိုက်ရသော နှင်းဖြူက ...

"ဟယ် ... နင်တို့နှစ်ယောက်ကလည်း သန်းတာတောင် ပြိုင်တူ သန်းနေကြတယ်"

ထိုစကားကြောင့် နောင်ရိုးက ခပ်တည်တည်ပုံစံဖြင့် ...

"အေး ... အဲဒါ နှစ်ယောက်စလုံး အိပ်ချင်လို့ သန်းဝေတာလို့ မယူဆနဲ့နော်၊ ငါ ဖတ်ဖူးတာလေးတစ်ခု ပြောပြမယ်၊ သန်းဝေမှု ကူးစက်ခြင်းဟာ ပင်ပန်းနွမ်းနယ်မှုထက် ခင်မင်ရင်းနှီးချစ်ခင်မှုကို ဖော်ပြတာတဲ့"

"ဟယ် ... တကယ်"

ဟေမန်က ခေမာ၏မျက်နှာကိုပင် မထောက်ဘဲ အားရပါးရ ထောက်ခံလိုက်ခြင်း ဖြစ်သည်။

နောင်ရိုးကတော့ မျက်ခုံးပင့်လိုက်ကာ ...

"တကယ်ပေါ့၊ အဲဒီကိစ္စကို အီတလီနိုင်ငံက သိပ္ပံပညာရှင်တွေ ကလည်း လေ့လာဖူးတယ်၊ ဒါထက် ပီစာတက္ကသိုလ်က ပညာရှင်တွေက အမျိုးသားနဲ့အမျိုးသမီး (၁၀၉) ယောက်ကို လေ့လာတဲ့အခါ သန်းဝေမှု ကူးစက်ခြင်းဟာ ခင်မင်ရုံထက် ပိုတဲ့ ရင်းနှီးကျွမ်းဝင်မှုရှိတဲ့ လူတွေသာ ဖြစ်တတ်တာတဲ့၊ ဒါဟာ လူတွေတင်မဟုတ်ဘူးနော်၊ ခွေးနဲ့မျောက်တွေမှာ လည်း ဒီသဘောပဲတဲ့၊ ဒီတော့ ခေမာ"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ခေါ်လိုက်သောကြောင့် ခေမာက ယောင်ပြီး ...

"ဟင် ... ဘာလဲ"

နောင်ရိုးက ပိုင်နိုင်စွာ ...

"ခေမာ ... ခုနက နင် ငါ့ကို မခင်ဘူးလို့ပြောတဲ့ ငါ့စကား

ရုပ်သိမ်းတယ်ဟာ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ သန်းတာကိုကြည့်ပြီး နင်သ

ဝေတာဟာ ဒီလူတွေ အများကြီးထဲမှာ နင်က ငါ့ကို ပိုပြီးရင်းနှီးချစ်ခင်တယ်

တယ်ဆိုတာ ပြတာပဲ၊ အဲဒီတော့ နင် ငါ့ကို သာမန်ထက် ခင်တယ်ဆို

ငါ ယုံလိုက်ပြီ"

"အို"

တိုးတိုးလေးရေရွတ်ရင်း အရှက်မျက်နှာဖြင့် ခေါင်းငုံ့သွား

ခေမာကိုကြည့်ကာ အားလုံးရယ်၍ လက်ခုပ်တီးကြတော့သည်။

အရယ်ရပ်တော့မှ ခေမာက မျက်နှာတည်တည်လေးနှင့် ...

"အားလုံးပဲ ငါ တစ်ခုတော့ ပြောချင်တယ်၊ အဲဒါ ဘာလဲဆိုတော့

ငါ မနက်ဖြန်ကစပြီး တစ်ပတ်လောက် ခွင့်ယူပြီး ခရီးသွားစရာရှိလို့"

"သြော်"

နှင်းဖြူတို့သုံးယောက် ရုတ်တရက် ငြိမ်ဆိတ်သွားသည်ကိုကြည့်

ကာ နောင်ရိုးက ...

"ဟင် ... နင်က ဘယ်သွားမလို့လဲ"

"ငါ့အဘိုးနဲ့ မန္တလေး ခဏသွားမလို့ပါ၊ တစ်ပတ်လောက်ပါ"

"ဟုတ်လား၊ ဒါနဲ့ နင်က ဘယ်နေ့သွားမှာလဲ"

"ဒီညနေပဲ"





နောင်ရိုးရင်ထဲ လွမ်းသလို ဆွေးသလို ခံစားလိုက်ရသည်။ ခေမာ့ကိုကြည့်ကာ ...

"နင် ခရီးသွားနေတဲ့အချိန် ငါ ဖုန်းဆက်လို့ရမလား"

"ဟင့်အင်း ... မဆက်နဲ့"

အကြောက်အကန် ငြင်းသလို ငြင်းလိုက်သော ခေမာ့ကိုကြည့်ကာ နောင်ရိုးစိတ်ထဲ ထင့်ခနဲဖြစ်သွားရ၏။ နောင်ရိုးအမူအရာကို ရိပ်မိလိုက်သော ခေမာက ...

"နင်ကလည်း နောင်ရိုးရာ ... ငါက တစ်ပတ်လောက်ပဲ ကြာမှာပဲဟာကို"

နောင်ရိုးက ...

"အေးလေ ... ပြီးတာပဲ၊ နင်က မဆက်ရဘူးဆိုရင်လည်း မဆက်တော့ပါဘူး၊ ဒါပေမဲ့ ငါ သတိရနေမှာနော်"

"အေးပါ"

ရှက်ဝါးဝါးဖြင့် ခေမာက ပြန်ဖြေလာသည်။ ထိုညနေက ခေမာတို့နှင့် လမ်းခွဲကာ အိမ်ပြန်ရောက်သည်အထိ နောင်ရိုးစိတ်တွေက မရှင်းလင်းသေး။

ခေမာ ခရီးခဏခဏသွားတာ ဘာကြောင့်လဲ!

အဲဒီလိုပြောတိုင်း သူ့သူငယ်ချင်းတွေမျက်နှာ မှုကောင်းဖြစ်သွားကြတာကရော ဘာသဘောလဲ?

တွေးစရာတွေက ခေါင်းထဲဝင်လာကြသည်။

အဖြေမရှိသော ပုစ္ဆာအား စဉ်းစားရသလို ထိုညကလည်း နောင်ရိုး



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်းအိပ်မပျော်ချေ။

အိပ်ပျော်သွားပြန်တော့လည်း အိပ်မက်က မက်လိုက်သေးသည်။ ပထမတော့ ပျော်ရွှင်စရာ။ ခေမာနှင့်သူ ပန်းခြံထဲမှာ ကုလားကားတွေထဲ ကအတိုင်း ပျော်ရွှင်စွာ ကနေကြသည်တဲ့။ သို့သော် ခေမာကို သူ ချစ်ခွင့် ပန်လိုက်တော့မှ ခေမာက မဖြစ်နိုင်ဘူးဟုဆိုကာ သူ့ကိုယ်သူ ဓားနှင့်ထိုး၍ အဆုံးစီရင်လိုက်သည်တဲ့လေ။

မွန်းကျပ်နာကျင်စွာ အိပ်မက်က လန့်နိုးလာခဲ့သည်။ ပြန်၍ အိပ် မပျော်တော့။ ညတစ်ညလုံး လူးလိမ့်စွာ။

နောက်နေ့ကျတော့လည်း ခေမာ ကျောင်းမလာဘူးဆိုသောစိတ် ဖြင့် နောင်ရိုး ကျောင်းမတက်ဖြစ်ချေ။ အိမ်မှာပဲ ခွေကာ သတိရနေလိုက် သည်။

သို့သော် ညနေငါးနာရီလောက်မှ သက်ဦးမောင် ဖုန်းဆက်ပြော သောစကားကြောင့် နောင်ရိုး ဘာလုပ်ရမည်မှန်းမသိ ဖြစ်ရတော့၏။

''ဟေ့ကောင် …မင်း ဘာဖြစ်လို့ ကျောင်းမတက်တာလဲ၊ ငါ ဒီနေ့ညနေ ငါ့အမေကို (---) ဆေးရုံမှာ သွားပြတုန်းကတောင် မင်းကောင် မလေး ခေမာကို အဘိုးကြီးတစ်ယောက်နဲ့အတူ တွေ့ခဲ့သေးတယ်၊ ပုံစံ ကြည့်ရတာတော့ သူ့အဘိုးပုံစံပဲကွာ၊ မင်းများ သိမလားလို့ လှမ်းပြောတာ ပါ''

သက်ဦးမောင် ဖုန်းချသွားပြီးချိန်မှာတော့ နောင်ရိုးတစ်ယောက် ရင်ထဲ၌ဖြစ်တည်နေသော မေးခွန်းတွေထက် ပိုသည့်မေးခွန်းများဖြင့် ချာချာ လည်နေတော့သည်။





ခေမာ …ဘာကြောင့် ညာနေတာလဲ?

ဘာကြောင့် ပဟေဠိကောင်မလေး ဖြစ်နေတာလဲ?

စဉ်းစား၍မရ။ ဒီတစ်ညလည်း အိပ်မပျော်နိုင်ဘူးဆိုတာ နောင်ရိုး ကိုယ့်ကိုယ်ကိုယ် အတိအလင်း ကြေညာလိုက်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၇ )

ခေမာ ခွင့်စယူပြီး နောက်ထပ်သုံးရက်မြောက်သောနေ့မှ ကျောင်း ရောက်လာသည့် နောင်ရိုးကိုကြည့်ကာ နှင်းဖြူတို့သုံးယောက် အံ့သြသွား ကြသည်။ နောင်ရိုးက မြင်နေကျပုံစံမဟုတ်ဘဲ ညှိုးသိုးသိုးနှင့် စိတ်ဓာတ် ကျနေသောအသွင်ဖြစ်နေ၍လည်း ဖြစ်၏။

တွေ့တွေ့ချင်း နှင်းဖြူကပဲ ...

"နောင်ရိုး ... နင် ကျောင်းမတက်ဘဲ ဘယ်တွေလျှောက်သွား နေတာလဲ၊ နင့်ပုံစံ ကြည့်ရတာလည်း စုတ်ပြတ်နေတာပဲ"

ပြောမနာ၊ ဆိုမနာသဘောနှင့် ရယ်ကာ ပြောလိုက်ခြင်းဖြစ်သည်။ နောင်ရိုးက မရယ်မပြုံးဘဲ ခပ်တည်တည်နှင့် ...

"နှင်းဖြူ ... နင်တို့အားလုံးကို ငါ ခင်သလို ခေမာကို ငါ ချစ်နေ





ဘာလည်း နှင်တို့ သိတယ်နော်"

ရုတ်တရက် ပြောချလိုက်သောစကားကြောင့် နှင်းဖြူတို့သုံးယောက် လုံး ကြောင်အမ်းသွားကြပြီးမှ ...

"အေး ... နင့်ပါးစပ်က ဖွင့်မပြောပေမယ့် ငါတို့ သိနေတာပဲလေ၊ ဘာဖြစ်လို့လဲ"

စကားအဆုံးမှာ နောင်ရိုးက အံကြိတ်လိုက်သည်။ ပြီးမှ သုံးယောက်စလုံးကို စေ့စေ့ကြည့်ကာ ...

"ဒါနဲ့များဟာ ငါချစ်နေတာကိုသိရင် ခေမာနဲ့ပတ်သက်ပြီး နင် တို့ အစကတည်းက ပြောဖို့ကောင်းတယ်၊ ခုတော့ဟာ ..."

စကားဆက်မပြောနိုင်သဖြင့် နောင်ရိုးအသံက တိမ်ဝင်သွားသည်။ ဘစ်ခုခုပဲဆိုတာ ရိပ်မိလိုက်သော ဟေမန်က ...

"နောင်ရိုး ... နင် ဘာဖြစ်နေတာလဲ၊ ငါတို့ကို ပွင့်ပွင့်လင်းလင်း ပြောဟာ"

"အေး ... ပြောမယ်၊ ခေ ... ခေမာဟာ အသည်းနဲ့ပတ်သက် ဘဲ့ဝေဒနာ ခံစားနေရတယ်၊ သူ့မိဘနှစ်ပါးလည်း အဲဒီရောဂါနဲ့ ဆုံးပါးသွား ခဲ့တယ်၊ ခု ... ခေမာ့အခြေအနေက အသည်းအစားထိုးကုသလို့ မရရင် နောက်ခံရင် လေးနှစ်ပဲတဲ့"

သုံးယောက်စလုံး ပါးစပ်အဟောင်းသား ဖြစ်သွားပြီး နှင်းဖြူက တုန်လှုပ်စွာ ...

"နင် ... နင်က ... အဲဒါတွေ ဘယ် ... ဘယ်လိုလုပ် သိသွား ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သူငယ်ချင်းက (---)ဆေးရုံမှာ ခေမာနဲ့ သူ့အဘိုးကို တွေ့တယ်ဆိုလို့ နောက်နေ့ ငါသွားကြည့်တာ၊ ခရီးသွားမယ်ဆိုပြီး ဘာဖြစ်လို့ မသွားလဲပေါ့၊ စုံစမ်းကြည့်တော့ ခေမာ့ကို ကြည့်ပေးနေတာက ငါ့ယောက်ဖ ကိုမျိုးသန့်ရဲ့အဖေ အသည်းအထူးကုပါရဂူပဲ၊ သူ့အနေနဲ့ ပြောပိုင်ခွင့်မရှိပေမယ့် ငါ့ချစ်သူကောင်မလေးဆိုပြီး အတင်းတောင်းဆိုလို့ ပြောလိုက်တာ"

သုံးယောက်သား ကြက်သေသေကာ နောင်ရိုးကို ကြည့်နေကြသည်။ နောင်ရိုးက နီရဲသောမျက်ဝန်းအစုံမှ ကျလာသောမျက်ရည်တွေကို သိမ်းသုတ်လိုက်ရင်း •••

"ငါ ••• ငါ ••• ခေမာကို သနားတယ်ဟာ၊ အရမ်းလည်း ချစ်တယ်၊ နှ ••• ငါ ••• ငါ ဘာလုပ်ရတော့မှာလဲ"

မျက်ရည်တွေ ရစ်ဝိုင်းလာရင်း နှင်းဖြူကလည်း •••

"နောင်ရိုးရယ် ••• အဲဒါကြောင့်လည်း ခေမာဟာ ကျန်းမာရေးကို ဂရုစိုက်ပြီး နလိုနေခဲ့တာပေါ့၊ သူ့ကိုယ်သူ တစ်ချိန်မှာ သေရမယ့်လူတစ်ယောက်ဆိုပြီး ငါတို့ကလွဲလို့ ဘာသံယောဇဉ်မှမထားခဲ့ဘူးလေ၊ ငါတို့ကိုတောင် သူ့ကို ပစ်သွားမှာစိုးလို့ နောက်လေးနှစ်ကြာလို့ သူသေမှ ရည်းစားထားပါတဲ့၊ အဲဒါ ••• သူ့အတွက်မဟုတ်ဘူး နောင်ရိုး၊ ငါတို့ကို မျက်ရည်ရွှဲလဲနဲ့ အသနားခံခဲ့တာ"

ဟေမန်နှင့်မေသက်ဇော်တို့နှစ်ယောက် အိခနဲ ငိုချလိုက်ကြသည်။ နှင်းဖြူက ရှိုက်ရင်း •••

"ငါတို့ကရော သူ့ကို ဘယ်လိုပစ်ထားနိုင်မလဲဟာ၊ သူ့စိတ်တိုင်းကျ နေခဲ့တာပေါ့၊ အဲဒီလို ရယ်မောနေတဲ့ သူ့ဘဝထဲကိုမှ နင်က ရောက်





လာတယ်လေ၊ နင်တို့နှစ်ယောက်စလုံးအတွက် မကောင်းပေမယ့် ခေမာနင့်အပေါ် တွယ်တာနေတာကိုကြည့်ပြီး ငါတို့ မတားရက်ခဲ့ပါဘူးဟာ"

နှင်းဖြူပင်လျှင် စကားဆက်မပြောနိုင်တော့ဘဲ ငိုချလိုက်တော့သည်။

နောင်ရိုးက •••

"ဒါနဲ့ ••• သူ့အတွက် မျှော်လင့်စရာရှိတဲ့ အသည်းအစားထိုးကုသဖို့ဆိုတာကရော"

"မလွယ်ဘူး နောင်ရိုး၊ နင့်ယောက်ဖရဲ့ အဖေကိုမေးကြည့်ရင် သိမှာပါ၊ အသည်းအစားထိုးဖို့ဆိုတာက ပေးလှူမယ့်သူ ရှိဦးမှ ရှိရင်တောင် သူနဲ့သွေးအမျိုးအစားတူ၊ တစ်ရှူးအမျိုးအစားလည်း တူဦးမှလေ၊ အဲဒါကြောင့် လာမယ့်လေးနှစ်အတွင်း လှူမယ့်သူရှိရင်တောင် အဲဒီကန့်သတ်ချက်တွေကြောင့် မသေချာပါဘူးဟာ၊ အဲဒီလို သူ့ဘဝအနေအထားကြောင့် ခေမာက နင့်ကို သံယောဇဉ်မရှိသလို နေခဲ့တာပါ၊ တစ်ခါတစ်ခါ သူတစ်ယောက်တည်း မျက်ရည်တွေဝဲပြီး အဝေးကို ငေးနေတာကို ငါတို့သိသားပဲ၊ နင်ဟာ သူ့ဘဝရဲ့ ပထမဆုံးနဲ့ နောက်ဆုံး ချစ်ရတဲ့လူပဲ နောင်ရိုး၊ တကယ်ဆော့ ခေမာဟာ မနေ့က စိမ်းခဲ့တဲ့ သစ်ရွက်ကြွေတစ်ရွက်ပါပဲဟာ"

ထိုစကားတွေက နောင်ရိုးရင်ထဲသို့ ဓားတစ်ချောင်းလို အဆုံးမဲ့ နှစ်ဝင်ရောက်သွား၏။

သူ ဘာလုပ်နိုင်မလဲ?

ချစ်သူအတွက် ဘာပေးဆပ်နိုင်မလဲ?

ထိုသို့တွေးရင်း ပင့်သက်ကို ရှိုက်လိုက်ကာ •••



www.burmeseclassic.com

www.burmeseclassic.com



"ငါ နင်တို့ကို တစ်ခုတော့ လေးလေးနက်နက် တောင်းဆိုပါရစေ။ ခေမာ ခုတစ်ပတ်ထဲ မက်ဒီကယ်ချက်ကပ်လုပ်ပြီးလို့ အနားယူပြီးရင် ကျောင်းပြန်တက်မှာပဲ၊ အဲဒီအချိန်မှာ ငါ သူ့ကို ချစ်ခွင့်ပန်မယ်၊ နောက်ဆုံး ... သူ အသည်းအစားထိုးကုသဖို့ မျှော်လင့်ချက်မရှိရင်တောင် သူ့ရဲ့လက်ကျန်အချိန်တွေမှာ သူ့အနား ငါရှိချင်တယ်ဟာ ...၊

ဒီ့ထက် ... သူလက်ခံရင်တော့ ငါ သူ့ကို လက်ထပ်ချင်တယ်။ ငါ ချစ်ခွင့်ပန်တဲ့အခါ ... နင်တို့လည်း ငါ ဘာမှမသိထားတဲ့ပုံစံနဲ့ တိုက်တွန်းပေးကြပါလို့၊ နော် ... သူငယ်ချင်းတို့"

"နောင်ရိုးရယ်"

"ငါ ... ငါလေ ... သူ့ကျန်းမာရေးအတွက် ဘာမှမလုပ်ပေးနိုင်ရင်တောင်မှ သူ့ရဲ့နောက်ဆုံးအချိန့်ထိ အကောင်းဆုံးဖြည့်ဆည်းပေးချင်တယ်ဟာ၊ အဲဒါ ငါ့ရဲ့မျှော်လင့်ချက်လည်း ဖြစ်သလို ဆုတောင်းဆိုလည်းဟုတ်တယ်"

"အေးပါဟယ်၊ ငါတို့ရဲ့သူငယ်ချင်းအတွက် နင့်ရဲ့မျှော်လင့်ချက်နဲ့ ဆုတောင်းကို ငါတို့တတ်နိုင်သလောက် ဖြည့်ဆည်းပေးပါ့မယ်"

ကတိဆန်သော စကားအဆုံးမှာ နောင်ရိုး လှည့်ထွက်လာခဲ့သည်။ ဆုတောင်းတိုင်းမပြည့်နိုင်သော မနက်ဖြန်တွေထဲမှာ ဘာတွေဆက်ဖြစ်ဦးမလဲတော့ မသိပါချေ။

သို့သော် ...

သူ့ဘဝမှာ အပြည့်ချင်ဆုံး ဆုတောင်းကိုတော့ မျက်စိမှိတ်ကာ တောင်းလိုက်မိသည်။





"အရှင်ဘုရား ... တပည့်တော်သည် ဤမိန်းကလေးအပေါ် ဘဝမှာ တစ်ခါသာ ဖြစ်ဖူးသော မေတ္တာစစ်နှင့် ချစ်မြတ်နိုးခဲ့ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ... ... ... ... ... ... ... ... ... ...... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ... ...... ... ... ... ... ... ... ... ... ... ...။

■



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၈ )

"ဘာ . . . ဘာပြောတယ် နောင်ရိုး၊ နှင်က ငါ့ကို ချစ်တယ် ဟုတ်လား"

ငြိမ်သက်နေသော အင်းယားကန်ရေပြင်ကိုကြည့်ကာ ခေမာက အေးစက်စက်ပြန်မေးလိုက်ခြင်းဖြစ်၏။ နောင်ရိုးက ဘာမှမသိထားသော ပုံစံနှင့်ပင်။

"အေးလေ . . . နှင့်ကို ငါချစ်နေတာ သူငယ်ချင်းတွေအားလုံး လည်း သိနေတာပဲ၊ တရားဝင်ဖြစ်ချင်လို့ ခုလိုဖွင့်ပြောတာပေါ့"

နှင်းဖြူတို့အကူအညီဖြင့် အင်းယားကန်ပေါင်သို့ ရောက်ခဲ့ခြင်းဖြစ် သည်။ ခုလို စကားပြောခွင့်ရအောင်လည်း သူတို့ကပဲ ဖန်တီးပေးခြင်းဖြစ်၏။

နောင်ရိုး၏စကားအဆုံးမှာ ခေမာက မီးတောက်မျက်ဝန်းတွေနှင့်





ကြည့်လာရင်း . . .

"မချစ်ရဘူး၊ နှင်မှမဟုတ်ဘူး၊ ငါ့ကို ဘယ်သူမှမချစ်ရဘူး"

ငြိမ်သက်နေသော ကန်ရေပြင်သည် လှိုင်းတွေ ဝုန်းခနဲ ရုတ်ခြည်း ခုန်းမောက်သွားသလို ထင်မိလိုက်၏။

နောင်ရိုးက စိတ်ထဲ အံ့ကြိတ်ကာ . . .

"ဘာဖြစ်လို့လဲ ခေမာ၊ နှင့်ကို ငါချစ်မိတာ အပြစ်ဖြစ်နေလို့လား၊ နှင် ငါ့ကို မချစ်ရင် မချစ်ဘူးပြောပါဟာ၊ ချစ်ခွင့်မရှိဘူးဆိုတဲ့စကားကိုတော့ မသုံးလိုက်ပါနဲ့"

"အေး . . . ဒါဆိုလည်း နှင် ပြောစေချင်သလိုပဲ ပြောမယ်၊ နှင့်ကို ငါ မချစ်နိုင်ဘူး . . . နောင်ရိုး"

"ဘာ"

နောင်ရိုးအသံက အနည်းငယ် ကျယ်လောင်သွားသည်။ စိတ်ကို ပြန်ထိန်းလိုက်ပြီးမှ . . .

"အဲဒါ နှင်ညာနေတာ ခေမာ၊ နှင် ငါ့ကို ချစ်တယ်ဆိုတာ ငါ သိတယ်၊ ဘာဖြစ်လို့ အတင်းငြင်းဆန်နေတာလဲဟ"

စကားအဆုံးမှာ ခေမာ အနည်းငယ် တွေဝေသွားသေးသည်။ ပြီးမှ နှာနှာကျင်ကျင် ရယ်လိုက်ရင်း . . .

"အဲဒါလိုထင်နေရင်တော့ နှင့်ကိုယ်နှင် အထင်ကြီးနေတာပဲ နောင် ရိုး၊ နှင့်ကို ငါ ဘယ်တုန်းကမှ မချစ်ခဲ့ပါဘူးဟာ၊ ဘာလဲ နှင် ငါ့အရှက်ကို ကာယ်ခဲ့လို့ ငါက ကျေးဇူးတင်နေတယ်ထင်ပြီး ဒီစကားမျိုး ပြောလိုက်တာ လား"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကတော့ နောင်ရိုး၏အရှိက်ကို ထိသွားစေသည်။ နှလုံးသားမှ ယိုစီးကာ တက်လာသော ခံစားချက်တွေနှင့် ဘာကိုမှ မမြင်တော့ဘဲ . . .

''ခေမာ . . နင် အဲဒီလိုမပြောနဲ့၊ နင့်ကို ငါချစ်တာ၊ ငါ့ကို နင်ချစ်တာဟာ ကျေးဇူးနဲ့မဆိုင်တဲ့ အမှန်တရားပဲ၊ အေး . . . နောက်ဆုံး အမှန်တရားကတော့ နင့်ဘဝရဲ့လက်ကျန်အချိန်တွေမှာ နင်နဲ့ငါ အတူနေချင်တာပဲ ခေမာ''

ကျွံသွားသောစကားကို နှုတ်မရတော့။ မျက်နှာတစ်ခုလုံး ဖွေးဆွတ်ကာ တုန်လှုပ်သောမျက်ဝန်းတွေနှင့် ခေမာက ကြည့်လာသည်။ တဆတ်ဆတ်တုန်ယင်နေသော နှုတ်ခမ်းထက်မှ စကားသံကလည်း . . .

''နင် . . . နင် . . . အားလုံးကို သိသွားပြီလား''

''ဟုတ်တယ် ခေမာ၊ နှင်းဖြူတို့ ပြောပြလို့တော့ မဟုတ်ဘူး။ ငါ တခြားတစ်နေရာက သိခဲ့ရတာ''

''ဒီတော့''

ခေမာ့မျက်နှာက သွေးရောင်ပြန်လွှမ်းလာသည်။ မျက်ဝန်းတွေဟာလည်း မထီတရီနှင့် . . .။

''ဒီတော့ ဘာဖြစ်ရမှာလဲဟ၊ နင်နဲ့ငါ လက်ထပ်မယ်လေ၊ ငါတို့နှစ်ယောက်အတူ ဘာတွေပဲဖြစ်ဖြစ် ပျော်ပျော်ရွှင်ရွှင်နေကြမယ်၊ ပြီးတော့ . . . ငါ . . .''

စကားပင် မဆုံးလိုက်။ ခေမာက ရုတ်တရက် နောင်ရိုးရင်ဘတ်ကို ဆောင့်တွန်းလိုက်ရင်း . . .





''သွားစမ်းပါ နောင်ရိုးရာ၊ အဲဒါ . . . နင် ငါ့ကို ချစ်တာမဟုတ်ဘူး။ သနားနေတာ၊ အဲဒီလို သနားတဲ့အကြည့်နဲ့ အပြောတွေကို ငါ အမုန်းဆုံးပဲ၊ ငါ့ကို လာမသနားနဲ့၊ မသနားနဲ့''

ခေမာအကြည့်တွေက ဒဏ်ရာရထားသော ကျားသစ်မတစ်ယောက်၏မျက်ဝန်းကဲ့သို့ မာန်ဖီနေသည်။

နောင်ရိုးက ပင့်သက်ကိုရှိုက်ကာ . . .

''မဟုတ်သေးပါဘူး ခေမာရယ်၊ ငါ ပြောချင်တာကလေ''

''တော်တော့ နောင်ရိုး၊ ငါ့ဟာငါ လူဖြစ်လာကတည်းက သဘာဝကြီးက ဒဏ်ခတ်ထားပြီးသား၊ ငါလည်း အဲဒီအတိုင်း နေခဲ့တယ်၊ ဘယ်သူ့ကိုမှလည်း ဒုက္ခမပေးချင်ဘူး၊ အဲဒါကြောင့် သံယောဇဉ်ဆိုတာတွေကို ရသလောက် ရှောင်ခဲ့တာ၊ ငါ ဒီအတိုင်း နေရဲပါတယ်၊ ပြီးတော့ . . . သေလည်း သေရဲတယ်''

''ခေမာ''

နောင်ရိုး နာနာကျင်ကျင် ခေါ်လိုက်သည်ကိုပင် ခေမာက ကြားဟန်မရှိဘဲ ဆက်ပြောလာသည်။

''ငါ နင့်ဆီက တစ်ခုပဲတောင်းဆိုချင်တယ်၊ အဲဒါကတော့ နင် ငါ့မျက်စိရှေ့မှာ ဘယ်တော့မှမနေပါနဲ့၊ ငါ နင့်ကို မမြင်ချင်တော့ဘူး နောင်ရိုး၊ တောင်းပန်ပါတယ်ဟာ၊ ငါ့ကိုချစ်တယ်ဆိုရင် ငါ့ရဲ့ အဲဒီဆန္ဒလေးပဲ လိုက်လျောပေးပါဟာ၊ နင့်ကို မြင်နေရရင် . . . ငါ . . . ငါ''

အသံတိမ်ဝင်သွားကာ တင်းထားသောစိတ်တွေလည်း ပြိုကျပြီး ခေမာ ငိုလေပြီ။ ချစ်သူကို သနားနာကျင်စွာ ကြည့်ရင်း နောင်ရိုးကိုက်ထား

www.burmeseclassic.com

သော အောက်နှုတ်ခမ်းကလည်း ပြုတ်လုမတတ်။

တရှိုက်နှင့်နှင့်ကြည့်ကာ ချစ်သူ့အလိုအကျ စကားကိုပဲ ရင်ဘတ်နှင့် ဆန့်ကျင်စွာ ပြောလိုက်ပါသည်။

"စိတ်ချပါ ခေမာ၊ နင်စိတ်ချမ်းသာမယ်ဆိုရင် ငါ့ကို နင် မမြင်ရတော့ပါဘူး၊ ဒါပေမဲ့ . . . နင့်ကိုချစ်ခဲ့ဖူးတဲ့ လူတစ်ယောက် ရှိတယ်ဆိုတာကိုတော့ ကြုံရင် သတိရပေးပါဟာ"

နောက်ဆုံးဆန်သောစကားကိုဆိုရင်း နောင်ရိုး လေးကန်စွာ ကျောခိုင်းလိုက်ပါသည်။

အင်းယားကန်ရေပြင်သည် အချစ်၊ အမုန်း၊ အလွမ်းတို့ကို သိမ်းဆည်းကာ တည်ငြိမ်ခမ်းနားနေဆဲ။

အမှတ်တရတွေကိုတောင် ခွဲဝေယူခွင့်မရှိခဲ့တာ ဘယ်လိုအလွမ်းမျိုးတဲ့လည်းကွယ်။

■



## ( ၁၉ )

နောင်ရိုး ရောက်မလာတော့သည့်နောက်ပိုင်း ရက်တွေမှာတော့ သူမတို့အဖွဲ့ထဲမှာ ပြောစရာစကား နည်းပါးသွားသလို ခံစားရသည်။ ခေမာက 'နောင်ရိုး' နာမည်ပါသည့် စကားတစ်ခွန်းကို မပြောသလို နှင်းဖြူတို့ သုံးယောက်ကလည်း အလိုက်တသိ မပြောကြ။

ခေမာ ကျိတ်၍ခံစားနေရမှန်းကို တစ်ခါတစ်ခါ အဝေးကို ငေးနေသော မျက်ဝန်းများကြောင့် သိသည်။ တစ်ခါတစ်ခါ တိတ်တဆိတ် ရစ်ဝိုင်းလာသော မျက်ရည်စများကြောင့် သိသည်။ တစ်ခါတစ်ခါ ပြုတ်လုမတတ် ကိုက်ထားသော နှုတ်ခမ်းများကြောင့်လည်း သိသည်။

ဒါပေမဲ့ ဘယ်သူကများ ဘာတတ်နိုင်မှာလဲတဲ့ကွယ်။ နောက်ဆုံးအချိန်အထိ သူ့ကို တိတ်တိတ်ကလေး သတိရနေရုံလေးပေါ့။ ချစ်ခဲ့ဖူးရုံ



www.burmeseclassic.com

www.burmeseclassic.com

လေးနဲ့ပဲ ကျေနပ်လှပါပြီ။

ကန့်ပေါင်မှာ နောက်ဆုံးတွေ့ခဲ့ပြီး ပျောက်ကွယ်သွားသည့် ချစ်ရ အကြောင်းကိုတော့ ခေမာ မတွေးမိသေး။

ထိုသို့ဖြင့် မကြွေသေးသော သစ်ရွက်တွေက သစ်ပင်ပေါ်မှာ စီး နေကြပြန်သည်။



# တစ်လခန့်ကြာပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၀ )

ကင်တင်းမှာ ထိုင်ရင်း စက်ရုပ်ဆန်စွာ သူမတို့ စားသောက်နေချိန်တွင် ဖုန်းက မြည်လာသည်။ သူ့ဖုန်းသံဖြစ်သည်မို့ ခေမာက ထုတ်ကာ ကိုင်လိုက်၏။

"ဟုတ်ကဲ့ ••• ပြောပါ"

တစ်ဖက်က ဘာပြောသည်တော့ မသိ။ ဖုန်းနားထောင်နေသော ခေမာ့မျက်နှာသည် ရုတ်ခြည်း ဝင်းပသွားကာ •••

"ရှင် ••• တ ••• တကယ်လား ဆရာ"

"••• ••• ••• ••• ••• ••• •••

••• ••• ••• ••• ••• ••• •••"

ခေမာ့မျက်နှာပေါ်၌ တစ်ခါမှမမြင်ရဖူးသော အပျော်ရိပ်တွေကြောင့် နှင်းဖြူတို့လည်း အလောတကြီး မေးလိုက်ကြ၏။





"ခေမာ ••• ဘာဖြစ်တာလဲဟင်၊ ဘယ်သူဖုန်းဆက်တာလဲ"

ခေမာက မဖြေသေးဘဲ မျက်စိမှိတ်ကာ အတန်ကြာငြိမ်သက်နေသေးသည်။ ပြီးမှ သူငယ်ချင်းတွေကို လင်းလင်းဝင်းဝင်းကြည့်လျက် •••

"ငါ ••• ငါ့ကို အသည်းလှူမယ့်အလှူရှင် ရပြီတဲ့၊ ငါနဲ့သွေးအုပ်စု ရော၊ တစ်ရှူးအမျိုးအစားချင်းရော တူတာတဲ့"

ဝမ်းသာလွန်း၍ ခေမာဆက်မပြောနိုင်တော့။ နှင်းဖြူတို့လည်း ဝုန်းခနဲထကာ ခေမာ့ကို ဝိုင်းဖက်လိုက်ကြသည်။ ဒီတစ်ခါ ကျလာသော လေးယောက်စလုံး၏မျက်ရည်တွေကတော့ ပျော်ရွှင်ရလွန်း၍ပဲ မဟုတ်ပါလား။

အတန်ကြာမှ ခေမာက ကြည်နူးမျက်ရည်တွေကို သိမ်းသုတ်ကာ ဦးဆုံး သတိရသူကို မေးလိုက်သည်။

"နှင်းဖြူ ••• နောင်ရိုး ဘယ်မှာရှိနိုင်လဲဟင်၊ ငါ ••• ငါ သူနဲ့ တွေ့ချင်လိုက်တာ"

နှင်းဖြူက သက်ပြင်းသဲ့သဲ့ချရင်း •••

"နောင်ရိုးမရှိဘူး ခေမာ၊ ကျောင်းထဲမှာမှ မဟုတ်ဘူး။ ရန်ကုန်မှာ ကိုမရှိတာ၊ သူ့သူငယ်ချင်းတစ်ယောက်နဲ့ ငါ ဖုန်းအဆက်အသွယ် ရှိတယ်လေ၊ နောင်ရိုးကို နင် ကန့်ပေါင်မှာ နောက်ဆုံးတွေ့ခဲ့တာပဲ"

"ဒါ ••• ဒါဆို ••• သူ ••• သူက ဘယ်ထွက်သွားလို့လဲ"

အမောတကော မေးလိုက်မိ၏။ ခေမာက ခေါင်းအသာခါလိုက်ပြီး •••

"နင် သူ့ကို မမြင်ချင်ဘူးလို့ ပြောခဲ့တဲ့ ညနေကစပြီး သူ အိမ်က ထွက်သွားတာတဲ့၊ သူ့အိမ်က ပြောပုံအရတော့ သူဦးလေးတစ်ယောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ဖားကန့်ဘက်ကို ဆိုလားပဲ၊ ဒါပေမဲ့ . . . သူ့မိဘတွေတောင် နောင်ရိုး နဲ့ အဆက်အသွယ်မရသေးဘူးတဲ့''

''အို''

ခေမာ့စိတ်ထဲ အတိုင်းအဆမသိ နာကျင်သွားမိသည်။ သူမ ခံစားရလွန်း၍ ပြောခဲ့သော စကားအပေါ် နောင်ရိုး ဒီလောက် အလေးထားမည်ဟု မထင်မိခဲ့။

ခုတော့ ပျော်ရွှင်စရာသတင်းကို ချစ်သူအား ပြောခွင့်မရှိလေပြီ။

ဝမ်းသာဝမ်းနည်းစိတ်တွေနှင့် ခေမာ ငိုချလိုက်မိပဲ တတ်နိုင်ပါတော့၏။



## ( ၂၁ )

''ကိုသော်လား . . . နှင်းဖြူပါ''

''သိပါတယ် နှင်းဖြူရဲ့ . . . ပြောလေ''

''ဪ . . . ကိုသော့်သူငယ်ချင်း နောင်ရိုးနဲ့ အဆက်အသွယ်ရပြီလားလို့ မေးတာ''

''မရသေးပါဘူး နှင်းဖြူရာ၊ ဒီကောင်က ခေမာ ဘန်ကောက်ကို ...ကျဖို့မသွားခင် တစ်လအလိုလောက်ကပဲ ဖားကန့်ကိုဆိုလား ထွက်သွား...လေ၊ ကိုယ့်ဆီကိုတောင် ခုထိ ဖုန်းတစ်ခါမဆက်ဘူး၊ ဒါနဲ့ ခေမာ့အခြေ...နေကရော''

''အင်း . . . ခေမာကတော့ အစားထိုးခွဲစိတ်တာ အောင်မြင်တယ်...၊ ဒါပေမဲ့ . . . ဘန်ကောက်မှာ ခြောက်လလောက်နေပြီး ဒီမှာလည်း



www.burmeseclassic.com

www.burmeseclassic.com

အနီးကပ် ဆရာဝန်နဲ့ အိမ်မှာ ခြောက်လလောက် ထပ်နေရဦးမယ် ပြော တာပဲ''

''ဒါဆို တစ်နှစ်ကျော်လောက်မှ အပြင်ထွက်နိုင်မှာပေါ့၊ ဒါနဲ့ သူ့ ကို လှူတဲ့အလှူရှင်ရော ကျန်းမာတယ်တဲ့လား''

''ကျန်းမာတယ်လို့တော့ ပြောတယ်၊ ဒါပေမဲ့ . . . အဲဒီအလှူရှင်ရဲ့ ကိုယ်ရေးကိုယ်တာကြောင့် ဆရာဝန်တွေက ပေးမသိဘူးတဲ့၊ ကျေးဇူးဆပ် တာတွေ ဘာတွေ လုပ်မှာစိုးလို့နဲ့ တူပါတယ်၊ သူရော သူ့အဘိုးပါ မမြင်ဖူးလိုက်ဘူး ပြောတယ်''

''ဘာပဲဖြစ်ဖြစ် ခေမာ့ရောဂါ ပြန်ကောင်းသွားတာကိုပဲ ဝမ်းသာ လှပါပြီ၊ ဟိုကောင်သာသိရင် ဘယ်လောက်များ ဝမ်းသာလိမ့်မလဲ မသိဘူး''

''ဟုတ်ပ၊ အဲဒါကြောင့်လည်း နောင်ရိုးကို သတိရနေတာပေါ့''

''ကိုယ့်ကိုရော သတိမရဘူးလား''

''တော်ပါ၊ အမြဲတွေ့နေရတာကိုပဲ ဘာသတိထပ်ရဦးမှာလဲ၊ ဒါ . . . ဒါပဲ နောင်ရိုးသတင်းရရင်သာ ချက်ချင်း ဖုန်းဆက်နော်''

''စိတ်ချပါ နှင်းဖြူရဲ့၊ နောက်နေ့မှ ဖုန်းထပ်ဆက်မယ်''

''ဟုတ်''

■

# တစ်နှစ်ကျော်ကြာပြီးကာလ



www.burmeseclassic.com

www.burmeseclassic.com

## ( ၂၂ )

သူငယ်ချင်းတွေနဲ့ ပြန်လည်တွေ့ဆုံရသောနေ့သည် နောင်ရိုးတစ်ယောက် မပါတာကလွဲပြီး ပျော်ရွှင်စရာတော့ ကောင်းလှသည်။ အိပ်မက်ဆိုးက လွတ်မြောက်ကာ ပြန်ကျန်းမာလာသော သူမအဖို့ သတိရနေသလောက် နောင်ရိုးက ဘယ်ဆီဘယ်ဝယ်မှန်း မသိ။ တကယ်တမ်း ပြန်ဆုံခွင့်ရလျှင်တော့ စကားတစ်ခွန်းလောက် ပြောပြခွင့်ရချင်ပါသေးသည်။ ခေမာ့အတွက် တတ်နိုင်တာဆိုလို့ ဒါပဲရှိတော့သည် မဟုတ်လား။

ခုဆို နှင်းဖြူနှင့်ဟေမန်တို့သည်း ချစ်သူကိုယ်စီ ရနေလေပြီ။ မေသက်ဖော်ကတော့ ရည်းစားခေါင်းခေါက်ရွေးရင်း ပဲများနေဆဲ။

ခုလည်း စားသောက်ဆိုင်ထဲတွင် ခေမာတို့ ဆုံကာ စားသောက်နေကြခြင်းဖြစ်၏။





နှင်းဖြူက •••

"ဟဲ့ ခေမာ ••• နင် နောင်ရိုးကို သတိတော့ ရပါသေးတယ်နော်"

"ရပါတယ်ဟာ၊ ဒါပေမဲ့ ••• သူက ဘယ်ရောက်နေမှန်းမှ မသိတာ"

"သြော် ••• နင်က သူ့ကို မြင်ချင်တော့ဘူးလို့ ပြောလိုက်တာကိုး"

"ဒါကလည်း သူ့ခံစားလွန်းတာပါဟာ၊ ဒါပေမဲ့ •••"

စကားကို ဖြတ်လိုက်သဖြင့် နှင်းဖြူက •••

"ဒါပေမဲ့ ••• ဘာဖြစ်လို့လဲ"

ခေမာက သက်ပြင်းကို နွမ်းလျှလျှချရင်း •••

"နင်တို့ကို ပြောမယ်, ပြောမယ်နဲ့ မပြောဖြစ်တာပါ၊ ငါ့ကို အသည်းလှူတဲ့လူနဲ့ ပြန်တွေ့တယ်ဟ"

"ဟုတ်လား။ ကောင်းတာပေါ့"

"အင်း ••• သူက ငါတို့နဲ့ မတိမ်းမယိမ်းလောက်ပါပဲ၊ ဆရာဝန်ကြီး မိတ်ဆက်ပေးတာပါ။ နာမည်က ကိုသက်ဝိုးတဲ့၊ ဒါပေမဲ့လေ ••• သူက ငါ့မှာ ရည်ရွယ်ထားတဲ့လူမရှိရင် ငါ့ကို လက်ထပ်ချင်တယ်ဆိုပြီး တောင်းဆိုလာတယ်၊ အတင်းကြီးတော့လည်း မဟုတ်ပါဘူး။ သူ့ကျေးဇူးကိုထောက်ပြီးတော့လည်း လက်မခံပါနဲ့တဲ့၊ ငါ့အပေါ် တကယ်မေတ္တာရှိလို့ဆိုပြီး ကမ်းလှမ်းတာပါ"

"ဟင်"

"အို"

စကားဝိုင်းလေးက တိတ်ဆိတ်သွားကြသည်။ မနေနိုင်သော



www.burmeseclassic.com

www.burmeseclassic.com

ဟေမန်က အရင်စလို မေးလိုက်၏။

"ဒါနဲ့ . . . နှင့် . . . နှင့်ရဲ့သဘောထားကရော"

ခေမာက တွေဝေသောအသွင်ဖြင့် . . .

"စဉ်းစားပေးမယ်ပေါ့ဟာ"

"ဒါ . . . ဒါဆို ခေမာက နောင်ရိုးကို မစောင့်တော့ဘူးလား"

နှင်းဖြူ၏ချစ်သူ၊ နောင်ရိုးသူငယ်ချင်း ကောင်းသော်က စိုးရိမ်သော မျက်နှာနှင့် ဝင်မေးလိုက်ခြင်းဖြစ်သည်။

ခေမာက . . .

"ကျွန်မ စောင့်ခဲ့ပါတယ်၊ တစ်နှစ်ကျော်တောင် ကြာခဲ့ပြီပဲ၊ ခုထိ မှ သူက ပေါ်မလာတာလေ၊ ကျွန်မကို သူမေ့လိုက်ပြီလို့ ထင်တာပဲ၊ နောက် တစ်ချက်က မရေရာတဲ့သူကို စောင့်ပြီး တစ်ဖက်က လူကို ကျွန်မ ဘယ် အချိန်ထိ အချိန်ဆွဲထားရမှာလဲ"

ခေမာ ပြောတာကလည်း သဘာဝကျပါသည်။ နောင်ရိုးသည် ဘယ်မှာမှန်းလည်းမသိ။ သူမအပေါ် လုံးဝမေ့ပစ်လိုက်တာလည်း ဖြစ်နိုင် သည်ပဲလေ။

ထို့နောက်မှာတော့ ခေမာ၏စကားကို ဘယ်သူကမှ မကန့်ကွက် ကြတော့။

နောင်ရိုးက ဘယ်မှာနည်း။ ထိုနေ့ညက သူတို့အိမ်အပြန်မှာတော့ ကောင်းကင်၌ လင်းနေသေးသော ကြယ်တစ်ပွင့်ကို တွေ့ခဲ့ရပါသေးသည်။

ထိုသို့ဖြင့် . . .

■



## ( ၂၉ )

ထိုနေ့သည် ခေမာနှင့်ကိုသက်စိုးဆိုသူတို့ လက်ထပ်မည့်နေ့ ဖြစ် သည်။ မင်္ဂလာဆောင်ခံပွဲ ကျင်းပမည့်နေ့တော့မဟုတ်။ တရားရုံးမှာ အရင် လက်မှတ်ထိုးမည့်နေ့သာ ဖြစ်သည်။

ခေမာက သူ့ဘက်က သက်သေအဖြစ် လက်မှတ်ထိုးပေးရန် နှင်းဖြူနှင့်ဟေမန်တို့ကို ခေါ်ထားသည်။ မေသက်ဇော်ကတော့ အရေးကြီး ကိစ္စတစ်ခုရှိ၍ဆိုပြီး ရောက်မလာချေ။ မင်္ဂလာဆောင်ခံပွဲကျမှ သတို့သမီးအရန် လုပ်မည်ဟု အတင်းတောင်းဆိုထားသည်။

နှင်းဖြူမောင်းသောကားနှင့်ပဲ တရားရုံးရှိရာသို့ ထွက်လာခဲ့ကြ၏။ တစ်ဖက်က ကိုသက်စိုးကလည်း တရားရုံးကို သူ့ဟာသူပဲ လာမည်တဲ့လေ။ ထိုရောက်မှ ဆုံကြမည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ နှင်းဖြူက •••

"ခေမာ •••ဟိုလေ နှင် ကိုသက်စိုးကို လက်ခံလိုက်တာဟာ ချစ်လို့လား၊ ဟိုကွာ •••ဆိုလိုချင်တာက ကြာရင်ချစ်သွားမယ် ထင်လို့လား လို့ မေးချင်တာ"

ခေမာက ပိုးတဝါးပြုံးရင်း •••

"ဒီအချိန်မှာ ဖြေလို့ရသေးလို့ ငါဖြေချင်ပါတယ်၊ ငါ ကိုသက်စိုးကို လုံးဝမချစ်ဘူး၊ နောင်လည်း ချစ်လာမှာမဟုတ်ဘူး၊ ငါ လက်ခံလိုက်တာဟာ ကျေးဇူးတရားကြောင့်ရယ်၊ ပြီးတော့ •••လက်ထပ်သင့်တဲ့လူတစ်ယောက်လို့ ယူဆလို့ပါ၊ ငါ့မှာ ငြင်းစရာ, တခြားရွေးချယ်စရာ လမ်းမရှိဘူးလေ၊ ငါ့ဘဝမှာ တစ်ခါပဲ နက်နက်ရှိုင်းရှိုင်းချစ်ခဲ့သူက ဘယ်ရောက်နေမှန်းမသိတဲ့ နောင်ရိုးပါ"

ပြည့်စုံလွန်းသောအဖြေကြောင့် ဘယ်သူမှ ထပ်မမေးကြတော့။ ခေမာလည်း ကားပြတင်းပေါက်မှ အပြင်ကို ငေးရီနေသည်။ သြော် ••• သူလည်း ချစ်သူကို သတိရနေဦးမှာပေါ့။

တရားရုံးရှေ့ ကားရပ်လိုက်တော့ ကိုသက်စိုး၏ကားကို ရပ်ထားလျက်သား မြင်လိုက်ရသည်။ တရားရုံးထဲမှာပဲ စောင့်နေပြီထင်၏။

ခေမာတို့ ကားပေါ်က ဆင်းလိုက်ချိန်မှာပဲ တဖုတ်ဖုတ်ခြေသံနှင့် အတူ •••

"နှင်းဖြူ"

ခေါ်သံကြောင့် နှင်းဖြူက လှည့်ကြည့်ကာ အံ့သြသောအသွင်ဖြင့်

"ဟင် •••ကိုသော်က ဘယ်လိုဖြစ်လို့ ဒီကိုရောက်နေတာလဲ"





နှင်းဖြူအသံကြောင့် ခေမာတို့လည်း ကြည့်လိုက်မိကြ၏။ ဒီနေ့ လက်မှတ်ထိုးမည်ကို ကောင်းသော်အား အသိပေးထားသော်လည်း တရားရုံးအထိ မခေါ်ထားချေ။

ကောင်းသော်က မျက်စိမျက်နှာပျက်နှင့်ပင် ခေမာ့ကို ကြည့်လျက်–

"ခေ •••ခေမာ •••နောင်ရိုး ရောက်နေပြီ"

"ဟင်"

ခဏမျှသော အံ့သြပျော်ရွှင်မှုနှင့်အတူ နောက်ဆက်တွဲ ဝမ်းနည်းကြေကွဲမှုကိုပါ ရောပြွန်းပြီး ခေမာ ခံစားလိုက်ရ၏။

ကောင်းသော်က •••

"ကျွန်တော်ပြောပြလို့ သူ အားလုံးသိပြီးပါပြီ ခေမာ၊ သူ အားလုံးကို နားလည်လက်ခံပါတယ်၊ ခုလာတာကလည်း ခေမာ့ကို နှုတ်ဆက်ဖို့တဲ့၊ ပြီးတော့ •••ခေမာ တတ်နိုင်တာလေးတစ်ခုကို တောင်းဆိုချင်လို့ပါတဲ့"

"သူ •••သူ ဘယ်မှာလဲ"

"ဟို •••နားလေးမှာပါ"

ညွှန်ပြရာသို့ လှမ်းကြည့်လိုက်တော့ ခပ်လှမ်းလှမ်းမှာ နွမ်းလျလျ ရပ်နေသည့် နောင်ရိုးကို တွေ့လိုက်ရလေသည်။

စေ့ဆော်မှုတစ်ခုနှင့်အတူ ခေမာ့ခြေလှမ်းတွေက တစ်လှမ်းချင်း နောင်ရိုးရှိရာသို့ •••။

■



www.burmeseclassic.com

www.burmeseclassic.com

## ( ၂၄ )

"နှင့်ကို ခုလို ကျန်းကျန်းမာမာနဲ့ ပြန်တွေ့ရတာ ဝမ်းသာပါတယ် ခေမာ"

မျက်ရည်တွေ ရစ်ဝိုင်းနေ၍ နောင်ရိုးပုံရိပ်က မပီဝိုးတဝါးရှိလှသည်။ မျက်တောင်လေးကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ခေမာက ...

"နှင် ဘယ်တွေသွားနေတာလဲ နောင်ရိုးရယ်၊ ခုတော့ ..."

"ငါ သိပါတယ်ဟာ၊ ထပ်မပြောပါနဲ့တော့"

နှစ်ယောက်သား အကြည့်တွေနှင့် ရင်ဘတ်ချင်း နားလည်သော စကားလုံးပေါင်းများစွာကို ပြောပစ်လိုက်ကြသည်။

ခေမာက ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ ...

"နောင်ရိုး ... ငါ ... ငါလေ ... နှင့်ကို ချစ်ခဲ့ပါတယ်ဟာ ...





ဒါပေမဲ့"

နောင်ရိုးက ခေမာနုတ်ခမ်းလေးကို လက်နှင့် လှမ်းပိတ်လိုက်ရင်း

"ငါသိပါတယ်၊ ကျေလည်း ကျေနပ်ပါတယ်၊ ခု ငါလာတာက လည်း နှင် တတ်နိုင်တာလေးတစ်ခုကို တောင်းဆိုချင်လို့ပါ"

"ဘာများလဲ ဟင် နောင်ရိုး"

နောင်ရိုးက ပြုံး၍ ...

"ငါလေ နှင့်ကို ... ဟိုး တစ်နှစ်ကျော်တုန်းက လက်ထပ်ခွင့် တောင်းဖူးတယ်မဟုတ်လား"

"အေးလေ ... ငါ မှတ်မိပါတယ်၊ ငါတို့ ကန်ပေါင်မှာ နောက်ဆုံး ဆုံခဲ့တုန်းကလေ"

နောင်ရိုးက ထပ်၍ပီပီပြင်ပြင် ပြုံးသည်။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ... ခုတော့ နှင် လက်ထပ်တော့မယ်လေ၊ ငါ တောင်းဆိုချင်တာက နှင်တို့ရဲ့ လက်ထပ်စာချုပ်မှာ သက်သေအရန်နေရာ က လက်မှတ်ကလေး ထိုးချင်လို့ပါ၊ နှင်နဲ့ငါ ပတ်သက်ခဲ့တယ်ဆိုတာကို အမြဲတမ်း ပြန်စဉ်းစားပြီး သတိရနေချင်လို့လေ"

"နောင်ရိုး ... ရယ်"

စိတ်ကို မနည်းထိန်းထားရသည့်ကြားမှ ခေမာ အီခနဲ ငိုချလိုက်လေသည်။

ချစ်သူအတွက် နောက်ဆုံးပေးရတဲ့ အခွင့်အရေးဟာ သက်သေအရန် လက်မှတ်တဲ့လားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေကြားက ခေမာ ခေါင်းညိတ်ပြလိုက်မိပါသည်။



BURMESE CLASSIC .com

## ( ၂၄ )

တရားသူကြီးရှေ့ရောက်ပါပြီ။ ခေမာလည်း မျက်ရည်တွေကို သိမ်းသုတ်လိုက်ရင်း ဟန်ဆောင်အပြုံးတစ်ခုကို ပန်ဆင်ထားလေပြီ။ ရင်ထဲမှာတော့ မစဲအောင် ငိုနေသည်လေ။

ခေမာက အားတုံ့အားနာပုံစံလေးနှင့် ...

"ကိုသက်စိုး ... ဒါကလေ ကျွန်မရဲ့အခင်ရဆုံးသူငယ်ချင်းတွေထဲက တစ်ယောက်ပါ၊ နောင်ရိုးတဲ့၊ ဟို ... သူက ကျွန်မတို့ လက်ထပ်စာချုပ်မှာ သက်သေအဖြစ် လက်မှတ်ထိုးပေးချင်လို့ပါတဲ့၊ အမှတ်တရအနေနဲ့ ကိုသက်စိုး ခွင့်ပြုပေးနိုင်မလားဟင်"

ကိုသက်စိုးက သဘောကောင်းသူပီပီ ချက်ချင်းပဲ နောင်ရိုးကို ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ရတာပေါ့၊ ကျွန်တော့်မှာလည်း သူငယ်ချင်းတစ်ယောက် ပဲ ပါတော့ ပိုအဆင်ပြေတာပေါ့"

နောင်ရိုးက ကိုသက်စိုးကို ကျေးဇူးတင်အကြည့်နှင့် ပြုံးပြလိုက် သည်။ ဟန်ဆောင်ပြုံးနေမှန်းသိ၍ အားလုံးက စိတ်မကောင်းကြ။

တရားသူကြီးက . . .

"ကဲ . . . လူစုံရင်လည်း လက်မှတ်ထိုးလိုက်ရအောင်"

ထိုစကားကြောင့် ခေမာတို့လည်း ကိုယ့်ဘက်က လက်ထပ်စာချုပ် တစ်ခုမှာ လက်မှတ်ထိုးလိုက်ကြသည်။ တစ်ဖက်မှာလည်း ကိုသက်စိုးတို့ က လက်မှတ်ထိုးကြသည်ပေါ့။

တစ်ဖက်စီ လက်မှတ်ထိုးပြီးချိန်မှာတော့ စာချုပ်နှစ်ခုကို လဲလိုက် ကြသည်။

ခေမာက ကိုသက်စိုး လှမ်းပေးသော စာချုပ်ကိုယူကာ သက်သေ နေရာမှ နောင်ရိုး၏လက်မှတ်ကို ကြည့်လိုက်မိ၏။ စိတ်ထဲမှာ ဒိတ်ခနဲ ဖြစ်သွားသည်။ သူမ မြင်ဖူးသော နောင်ရိုး၏လက်မှတ်ကို သက်သေနေရာ မှာ မတွေ့။

သို့နှင့် သတို့သားနေရာသို့ ကြည့်လိုက်ရာ . . .

"ဟင်"

အံ့သြလွန်း၍ သတိလစ်မတတ်ဖြစ်သွားရသည်။ နောင်ရိုး၏လက် မှတ်က သတို့သားနေရာ၌ အထင်သား နေရာယူထားလေ၏။

ခေမာက အံ့သြတုန်လှုပ်စွာပင် ကိုသက်စိုးကိုကြည့်၍ . . .

"ဒါ . . . ဒါက . . . ဘယ် . . . ဘယ်လို . . . ဖြစ်"





စကားက မဆုံးလိုက်ချေ။ လက်ခုပ်တဖြောင်းဖြောင်းတီးကာ အခန်း ထဲဝင်လာသည့် သူမကို ခွဲစိတ်ကုသရန် ဘန်ကောက်အထိ လိုက်ခဲ့ပေးသော ဆရာဝန်ကြီးဦးမျိုးဝင်းကို တွေ့လိုက်ရပါသည်။

ခုချိန်ထိ ဘာမှနားမလည်နိုင်သော ခေမာ၏မျက်ဝန်းတွေက ကြောင်စီစီနှင့်။

■



www.burmeseclassic.com

www.burmeseclassic.com

## ( ၂၆ )

မျက်ရည်တသွင်သွင်ကျရင်း ခေမာက နောင်ရိုးရင်ဘတ်ကို တအုံ့
အုံ့ ထုနေသည်။

နောင်ရိုးက ခေမာ့လက်ကို ဖယ်ကာ ရင်ခွင်ထဲ ဆွဲသွင်းလိုက်ရင်း

"အဲလောက် မထုနဲ့လေ ချေးမလေးရဲ့၊ ဒီမှာလည်း ခွဲစိတ်ထား
တဲ့ဟာကို"

ထိုအခါမှ ခေမာက ရင်ခွင်ထဲမှ မော့ကြည့်လာပြီး . . .

"ဘာဖြစ်လို့ လူကို အကြာကြီး ညာခဲ့တာလဲ ပြော"

"ဆရာဝန်ကြီး ဦးမျိုးဝင်းဆိုတာ ကိုယ့်ယောက်ဖရဲ့ အဖေပါ
ကိုယ်လည်း ခေမာနဲ့ နောက်ဆုံးတွေ့ပြီး ဦးမျိုးဝင်းဆီ သွားခဲ့တယ်၊ ကိုယ့်
သွေးစနဲ့တစ်ရှူးအမျိုးအစားက ကံကောင်းထောက်မပြီး ခေမာနဲ့ သွားတူ





နေတယ်လေ၊ အဲဒီမှာပဲ ဆေးစစ်ပြီး ခွဲစိတ်ပေးဖို့ ပြောလိုက်တာ"

ခေမာက မျက်မှောင်းလှဲ့လှဲ့ထိုးရင်း . . .

"အဲဒါကြောင့် အလှူရှင် ဘယ်သူဆိုတာ မသိခဲ့ရတာကို၊ ပြီး
တော့ . . . ကိုသက်စိုးဆိုတာကရော"

"သူက ကိုယ့်ဘော်ဒါ သက်ဦးမောင်ရဲ့အစ်ကိုပါ၊ သူ့ကိုပါ အကူ
အညီတောင်းပြီး တစ်ဆင်းလောက် ဝင်ရိုက်ခိုင်းလိုက်တာလေ"

ခုတော့ ခေမာလည်း အားလုံး ဇာတ်ရှည်လည်သွားလေပြီ၊ ဒါ
တောင် နောင်ရိုးအပေါ် မကျေနပ်သေးဘဲ . . .

"အဲဒါနဲ့များ ရန်ကုန်ပြန်ရောက်ရောက်ချင်း မဆက်သွယ်ဘူး
အရမ်းနေနိုင်တာပဲ"

"ဩော် . . . ဒါကတော့ ကိုယ့်ကို ခေမာက ချစ်တယ်လို့မှ မပြော
သေးတာလေ၊ ဒီတော့ စောင့်ကြည့်ရသေးတာပေါ့"

စကားအဆုံးမှာ ခေမာက နောင်ရိုးကို ပြန်၍ တင်းတင်းကျပ်ကျပ်
ပွေ့ဖက်လိုက်ရင်း . . .

"နောင်ရိုးရယ် . . . ဒီမှာ ငါ ပျော်လွန်းလို့ သေတော့မယ် သိလား"

"မသေနိုင်တော့ပါဘူး ခေမာရယ်၊ ခေမာ့အတွက် ကိုယ့်အချစ်
ဟာ အကောင်းဆုံးကိုယ်ရံတော် ဖြစ်ခဲ့ပြီပဲဟာကို"

"သွားပါ"

"မသွားပါဘူး၊ ခုလည်း လက်ထပ်ပြီးပြီ၊ ကျန်းမာရေးလည်း
ကောင်းသွားပြီ၊ ဒီတော့ ကိုယ့်ကို ကလေးတွေ အများကြီးမွေးပေးတော့
ဖြစ်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

စကားအဆုံးမှာ ရင်ခွင်ထဲမှ ချစ်သူက မျက်လုံးလေးဝင့်ကာ မော့ကြည့်လာရင်း တစ်သက်လုံး အမှတ်ရနေမည့် စကားတစ်ခွန်းကို ဆိုလေသည်။ ကြည်နူးစွာ . . .

"စဉ်းစားလေ . . . ကလေးမှ မဟုတ်တာ"

တဲ့။

ကဲ . . . ခင်ဗျားတို့အတွက်ရော အချစ်ဆိုတာ ကိုယ့်ချစ်သူရဲ့ကျန်းမာရေးအတွက် အကောင်းဆုံးကိုယ်ရံတော်လို့ မထင်မိဘူးလား။

လေးစားစွာ

မိုးစက်ဝိုင်း

၁၃၄၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၈ ရက်

မနက် ၃ နာရီ ၅၈ မိနစ်

BURMESE CLASSIC .com

မိုးစက်ဝိုင်း

# နှင်းဆီပဒေါကျက်

www.burmeseclassic.com